

# မြန်မာပဋိပက္ခ ရှုပ်ထွေးမှု နှင့် ရာသီဥတုပြောင်းလဲခြင်း






## အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် အရေးပေါ် ဖက်ဒရယ်စနစ်များနှင့် ခံနိုင်ရည်ရှိမှု


KNOWLEDGE FOR K4DM DEMOCRACY MYANMAR
IDRC · CRDI
Canada
RCSD The Regional Center for Social Science and Sustainable Development Chiang Mai University



Ashley South

# မြန်မာပဋိပက္ခ၊ ရှုပ်ထွေးမှု နှင့် ရာသီဥတုပြောင်းလဲခြင်း

## အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် အရေးပေါ် ဖက်ဒရယ်စနစ်များနှင့် ခံနိုင်ရည်ရှိမှု

Ashley South

Regional Center for Social Science and Sustainable Development, Chiang Mai University

---

Dr. Ashley South သည် လွတ်လပ်သော စာရေးဆရာတစ်ဦးနှင့် အကြံပေးတစ်ဦးဖြစ်ပြီး ချင်းမိုင်တက္ကသိုလ်၏ Regional Center for Social Science and Sustainable ဌာနတွင် သုတေသီတစ်ဦးဖြစ်ပါသည်။ သူ၏ထုတ်ဝေပြီးသော စာအုပ်စာပေများကို www.AshleySouth.co.uk တွင် ရရှိနိုင်ပါသည်။

---

RCSD
The Regional Center for Social Science and Sustainable Development
Chiang Mai University

IDRC · CRDI
Canada

# မြန်မာပဋိပက္ခ၊ ရှုပ်ထွေးမှု နှင့် ရာသီဥတုပြောင်းလဲခြင်း

## အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် အရေးပေါ် ဖက်ဒရယ်စနစ်များနှင့် ခံနိုင်ရည်ရှိမှု

**Ashley South**

**National Library of Thailand Cataloging in Publication Data**

South, Ashley.
Conflict, complexity & climate change: emergent federal systems and resilience in post-coup Myanmar.-- Chiang Mai : Regional Center for Social Science and Sustainable Development (RCSD), Chiang Mai University, 2023.
144 p.

1. Social conflict. 2. Social Change. I. Title.

303.6
ISBN 978-616-398-875-1

© Regional Center for Social Science and Sustainable Development (RCSD)

No part of this publication may be reproduced in any form without written permission from the author.

Managing Editor: Charlotte Trenk-Hinterberger
Cover Photo: Khin Sandar Nyunt & Free Burma Rangers
Design and Layout: Jeff Moynihan

Published in August 2023 by:
The Regional Center for Social Science and Sustainable Development (RCSD),
Faculty of Social Sciences, Chiang Mai University
239 Huay Kaew Road, Tambon Suthep, Amphur Muang,
Chiang Mai, 50200 Thailand

Telephone: 66 (0) 5394 3595/6
Fax: 66 (0) 5389 3279
Email: rcsd@cmu.ac.th
Website: rcsd.soc.cmu.ac.th

Printed by: Wanida Press, Chiang Mai, 50300 Thailand

# NOTE ON TERMINOLOGY

Prior to 1989, the largest country in mainland Southeast Asia was known internationally as “Burma.” This was the name the British colonizers used after they consolidated the central plains and previously autonomous mountainous regions in the mid-1800s, in reference to the country’s largest ethnic group—the Burmans. The international use of “Myanmar” dates only to 1989, when leaders of the 1988 military coup changed the country's name to *Myanmar naing-ngan*. In addition, the official names of many ethnic groups, regions, cities, and villages were also changed, including that of the former capital, from “Rangoon” to “Yangon”.

# အတိုကောက်များ

| | |
|---|---|
| AA | Arakan Army |
| BGF | Border Guard Force |
| BRI | Belt and Road Initiative |
| CAS | Complex Adaptive System |
| CBO | Community-Based Organization |
| CCAM | Climate Change Adaptation and Mitigation |
| CDM | Civil Disobedience Movement |
| CNF | Chin National Front |
| CRPH | Committee Representing Pyidaungsu Hluttaw |
| CSO | Civil Society Organization |
| DIIS | Danish Institute of International Studies |
| DKBA | Democratic Karen Benevolent Army |
| DRR | Disaster Risk Reduction |
| EAO | Ethnic Armed Organization |
| ERO | Ethnic Resistance Organization |
| FECD | Forestry and Environmental Conservation Department (of the KIO) |
| FPNCC | Federal Political Negotiation and Consultative Committee |
| HURFOM | Human Rights Foundation of Monland |
| ICCA | Indigenous and Community-Conserved Area |
| ICNCC | Interim Chin National Consultative Council |
| ICRC | International Committee of the Red Cross |
| ICVA | International Council of Voluntary Agencies |
| IDP | Internally Displaced Person/s |
| IEC | Interim Executive Council (Karenni State) |
| IFRC | International Federation of Red Cross & Red Crescent Societies |
| IPCC | Intergovernmental Panel on Climate Change |

| | |
|---|---|
| KECD | Karen Education and Culture Department (of the KNU) |
| KESAN | Karen Environmental and Social Action Network |
| KFD | Kawthoolei Forestry Department (of the KNU) |
| KIA | Kachin Independence Army |
| KIC | Kachin Independence Council |
| KIO | Kachin Independence Organization |
| KNDF | Karenni Nationalities Defense Force |
| KNLP | Kayan New Land Party |
| KNPLF | Karenni National People's Liberation Front |
| KNPF | Karen National Police Force |
| KNPP | Karenni National Progressive Party |
| KNU | Karen National Union |
| KPICT | Kachin Political Interim Coordination Team |
| KSCC | Karenni State Consultative Council |
| KSP | Karenni State Police |
| LDU | Lahu Democratic Union |
| MNDAA | Myanmar National Democratic Alliance Army |
| MONREC | Ministry of Natural Resources & Environmental Conservation |
| MSFC | Mon State Federal Council, previously MSICC (Mon State Interim Coordination Committee) |
| NCA | Nationwide Ceasefire Agreement |
| NCUB | National Council of the Union of Burma |
| NDAA | National Democratic Alliance Army |
| NDA-K | New Democratic Army–Kachin |
| NDC | Nationally Determined Contributions |
| NLD | National League for Democracy |
| NMSP | New Mon State Party |
| NUCC | National Unity Consultative Council |
| NUG | National Unity Government |
| ODI | Overseas Development Institute |

| | |
|---|---|
| PAB | People's Administrative Bodies |
| PC | KNU-KNLA Peace Council |
| PDF | People's Defense Force |
| PNFC | Pa-O National Federal Council |
| PPST | Peace Process Steering Team |
| PSLF | Palaung State Liberation Front |
| RCSD | Regional Center for Social Science & Sustainable Development |
| RCSS | Restoration Council of Shan State |
| SAC | State Administration Council |
| SLORC | State Law and Order Restoration Council |
| SPDC | State Peace and Development Council |
| SRI | System of Rice Intensification |
| SSPP | Shan State Progressive Party |
| TNLA | Ta'ang National Liberation Army |
| TPCC | Ta'ang Political Consultative Committee |
| ULA | United League of Arakan |
| UNFCCC | UN Framework Convention on Climate Change |
| UNHCR | UN High Commissioner for Refugees |
| UWSA | United Wa State Army |
| WFP | World Food Program |
| WWF | World Wide Fund for Nature |

# အနှစ်ချုပ်

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့တွင်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်နေပါသည်။ စစ်အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှာ ယိုယွင်းလွယ်သည့် အခြေအနေမဟုတ်၊ ယိုယွင်းနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုဒဏ်ကိုပြင်းထန်စွာခံရနိုင်သည့် အခြေအနေတွင်ရှိသည်။ နယ်ပယ်အသီးသီးနှင့်ကဏ္ဍအများအပြားတွင် ဆိုးရွားနေသည့်အခြေအနေများသည် မကြာမီယခုထက်ပိုမိုဆိုးရွားလာနိုင်သည်။ စစ်အာဏာရှင်အစိုးရသည် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနှင့်ပြန်လည်ကောင်းမွန်စေရေး လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရမည့် အစား သဘောထားကွဲလွဲသူများကို ဖိနှိပ်ခြင်း၊ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် သဘာဝ သယံဇာတများကို စည်းကမ်းမဲ့ထုတ်ယူခြင်းတို့ကိုသာ အဓိကလုပ်ဆောင်နေသည်။ သို့သော် ဖက်ဒရယ်မြန်မာနိုင်ငံစနစ်သစ်အဖြစ် "အောက်ခြေမှ အထက်သို့" ပြောင်းလဲလာနေသည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ(SAC) အစိုးရက အာဏာသိမ်းလိုက်သည်။ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ (SAC)သည် တရားဥပဒေအရ အသိအမှတ်ပြုရလောက်သော အုပ်ချုပ်ရေးအာဏာပိုင်မဟုတ်ပေ။ ၂၀၂၃ခုနှစ်၊ဖေဖော်ဝါရီလ တွင် ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် (၅၂)ကြိမ်မြောက်အခမ်းအနားတွင် အောက်ပါအတိုင်း အစီအရင်ခံခဲ့သည်။ "အာဏာသိမ်းပြီး ၂နှစ်အကြာတွင် စစ်တပ်သည် အာဏာသိမ်းဆန့်ကျင်သူများကို သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အင်အားသုံးနှိမ်နင်းခြင်း၊ တရားစွဲခြင်း၊ စီရင်ချက်ချမှတ်ခြင်းတို့ကို အဆက်မပြတ်လုပ်ဆောင်နေသဖြင့် တိုင်းပြည်အား ကာလရှည်လူ့အခွင့်အရေးအကျပ်အတည်း ဖြစ်စေပါသည်။ စစ်အစိုးရသည် အရပ်သားများအပေါ် စစ်ရာဇဝတ်မှုများကျူးလွန်ရုံသာမက ပြိုလဲနေသောစီးပွားရေးကို ဦးစီးဦးဆောင်ပြု၍သော်လည်းကောင်း တိုင်းပြည်တဝက်ကျော်မျှကိုတောင် စစ်အာဏာသက်ရောက်မှု မရှိပေ။ အာဏာသိမ်းပြီး ၂နှစ်အကြာ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် Free Burma Rangers က မြန်မာစစ်တပ်၏နယ်မြေထိန်းချုပ်မှု သိသိသာသာဆုံးရှုံးသွားသည့် အသေးစိတ်မြေပုံကို ထုတ်ပြန်ခဲ့သည်။ တစ်ချိန်တည်းတွင် အာဏာသိမ်းမှုဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းမှလွဲ၍ အခြားဒေသများ၌ မြေပြင် အာဏာသက်ရောက်မှု မရှိပေ။ တိုင်းရင်းသားလူမျိုးများနေထိုင်သည့် နေရာအများအပြားတွင် အခွင့်အာဏာနှင့် နိုင်ငံရေးတရားဝင်မှုချုပ်ကိုင်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ၂ ဒါဇင်ခန့်ရှိသည့်အတွက် ထိုနေရာများကိုထိန်းချုပ်နိုင်ရန်ယှဉ်ပြိုင်မှုများ ပြင်းထန်လျက်ရှိသည်။

ထိုလက်နက်ကိုင်အဖွဲ့အစည်းအားလုံးမှာ စစ်အစိုးရကို တက်ကြွစွာဆန့်ကျင်နေကြသည် မဟုတ်ပါ။ အာဏာသိမ်းပြီးကာလတွင် ထိုအဖွဲ့အစည်းအများအပြားသည် နယ်နိမိတ်အသစ်များစွာကို ထိန်းချုပ်နိုင်ခဲ့သည်။ ဥပမာ - ကရင်အမျိုးသား အစည်းအရုံး (KNU) သည် ၁၉၅၀ ခုနှစ် အစောပိုင်းကာများကတည်းက ရန်သူ့တည်နေရာများကို ကျော်လွန်ချုပ်ကိုင်နိုင်ခြင်းမရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်းတွင် မြန်မာစစ်တပ်၏ အခြေစိုက်စခန်း ၂၀ခန့်ကို သိမ်းပိုက်နိုင်ခဲ့သည်။

ဤအခြေအနေတွင် ကျွန်ုပ်မှတ်ချက်ပြုလိုသည်မှာ ၁၉ ရာစုတွင် ဗြိတိသျှကိုလိုနီအဖြစ် သိမ်းသွင်းခြင်းခံခဲ့ရသော နိုင်ငံများ (သို့မဟုတ်) ပရိုတိုပြည်နယ်များသည် နိုင်ငံရေးအချုပ်အခြာအာဏာ ပြန်လည်ရရှိသင့်ပါသည်။ တိုင်းရင်းသားများအုပ်ချုပ်ခဲ့ရာဒေသများ၏ အမွေဆက်ခံသူများဖြစ်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) နှင့် အသစ်ပေါ်ထွက်လာသည့် နိုင်ငံတော်အဆင့် အတိုင်ပင်ခံ ညှိနှိုင်းရေးအဖွဲ့များသည် အောက်ခြေမှစ၍ မြန်မာနိုင်ငံရှိတိုင်းရင်းသားများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ဆိုင်ရာဆွေးနွေးမှုများ၏ အခြေခံဖြစ်သင့်သည်။

ဖက်ဒရယ်စနစ်သည် တိုင်းပြည် - လူ့အဖွဲ့အစည်း၏ နှစ်ရှည်လများကြာမြင့်သည့် ပဋိပက္ခများကိုဖြေရှင်းရန်နှင့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် အရေးကြီးသည်ဟု ယူဆထားသည်။ ဖက်ဒရယ်စနစ်သည် ပန်းတိုင်မဟုတ်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် နည်းလမ်းစနစ်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် သို့မဟုတ် ပိုမိုကောင်းမွန်သည့်ဖွဲ့စည်းပုံဖြင့် အစားထိုးလိုအပ်မှုနှင့်ပတ်သက်၍ မကြာခဏ ဆွေးနွေးခဲ့ကြသည်။ သို့သော် ထိုဆွေးနွေးမှုများကို အထက်မှအောက်(Blueprint Style) ပုံစံဖြင့် ပြုလုပ်ခဲ့ကြသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးသည် လိုအပ်နိုင်သော်လည်း ဖက်ဒရယ်စနစ်သည် ရပ်ရွာလူထုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ၎င်းတို့ကို ကိုယ်စားပြု တာဝန်ထမ်းဆောင်ပေးနေသည့် လူမှုအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်လျက်ရှိသည့် အလေ့အထများမှ ပေါ်ပေါက်လာနိုင်ပါသည်။

၂၀၂၁ ခုနှစ် အာဏာမသိမ်းမီကာလ၊ ဆယ်စုနှစ်ပေါင်းများစွာ စစ်ရေးမပြင်းထန်သည့် ပြည်တွင်းစစ်အပြီးနောက်ပိုင်းတွင် ပြိုင်ဆိုင်မှုလည်းပြင်းထန်သော်လည်း အတော်အသင့် စည်းလုံးညီညွတ်ရေးရရှိနေပြီဖြစ်သော မြန်မာနိုင်ငံ၏စိန်ခေါ်မှုမှာ အရေးပါသောသက်ဆိုင်ရာ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များပါဝင်သည့် ဖက်ဒရယ်စနစ်သစ်ဖြင့် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရန် ဖြစ်ပါသည်။

Bertil Lintner သည် မကြာသေးမီက ‘ဧရာဝတီ ၂၀၂၃’တွင် အောက်ပါအတိုင်း မှတ်ချက်ချခဲ့ပါသည်။ ယခုစစ်ပွဲသည် မည်သည့်ဘက်မှအောင်နိုင်ခြေမရှိပါ။ စစ်အစိုးရဆန့်ကျင်ရေး

လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့ထက် လက်နက်အင်အားပိုမိုသာလွန်သော မြန်မာစစ်တပ်ကို အနိုင်ယူရန် လုံလောက်သောလက်နက်အင်အားဖြင့် ခုခံသူများကို မချေမှုန်းနိုင်ပါ။ မြန်မာစစ်တပ်သည် ဤရှည်လျားသောကြားကာလတွင် အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုပေးရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးပေးမှုများလိုအပ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သော လက်နက်ကိုင်နှင့်ပဋိပက္ခအတွက် နိုင်ငံရေးဖြေရှင်းချက်ကို မရှာနိုင်မီမှာပင် အောက်တွင် မှတ်ချက်ပြုမည့်အတိုင်း ရာသီဥတုဖောက်ပြန်မှုနှင့် အခြားအကြောင်းအရင်းများသည် နိုင်ငံတော်ပြိုလဲမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဤပြဿနာရပ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် ချိတ်ဆက်လျက်ရှိသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသာမက ကျွန်ုပ်တို့၏ ကမ္ဘာကြီးတစ်ခုလုံးကိုပါ ထိခိုက်စေပါသည်။ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများသည် တစ်ကမ္ဘာလုံးနည်းတူ အရေးကြီးသော အခန်းကဏ္ဍများတွင် ပါဝင်ရပါမည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးအတွက် လှုပ်ရှားမှုများသည် လူမှုအသိုင်းအဝိုင်းများနှင့်အဖွဲ့အစည်းများ၏ ခံနိုင်ရည်အားကောင်းမှုအပေါ်တွင် မူတည်နေပါသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ရာသီဥတုဖောက်ပြန်မှု လျော့ပါးသက်သာ စေရေးစီမံချက်များ ဆောက်ရွက်လျက်ရှိပါသည်။ ကရင်၊ ကချင်နှင့် အခြားဒေသများမှ အရှေ့တောင် အာရှကုန်းတွင်းဒေသများတွင် ကျန်ရှိသော ကမ္ဘာ့အကောင်းဆုံးသစ်တော်များရှိရာ ဌာနေဖြစ်ပါသည်။ သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးလုပ်ငန်းများသည် ဇီဝမျိုးကွဲများကိုကာကွယ်ရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲမှလျှော့ချရာတွင် အခရာကျသည်။ ဘောဂဗေဒပညာရှင် Milton Friedman၏အဆိုအရ "တကယ်ဖြစ်ပေါ်နေသော သို့မဟုတ် ဖြစ်နေသည်ဟု ယူဆသော အကျပ်အတည်းပဋိပက္ခများဖြစ်နေချိန်တွင်သာ စစ်မှန်သောပြောင်းလဲမှုကိုဖြစ်စေသည်။ ထိုအကျပ်အတည်းအခက်အခဲများကြုံတွေ့ရာတွင် ဖြေရှင်းမှုလုပ်ဆောင်ချက်မှာ ရှိပြီးသား အကြံဉာဏ် ဖြေရှင်းချက်နည်းလမ်းများပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်ယုံကြည်မှုမှာ နိုင်ငံရေးရှုထောင့်အရမဖြစ်နိုင်မှုများသည် နိုင်ငံရေးအရ မလွှဲသာမရှောင်သာလုပ်ဆောင်ရမည့် အခြေအနေသို့ မရောက်ရှိမီကာလအထိ ရှိပြီးသားမူဝါဒအပြင် အခြားသောမူဝါဒအသစ်များ ရွေးချယ်မှုများရှိထားရန် လိုအပ်ပါသည်။" (၁၉၆၂ - နိဒါန်း) ကိုဗစ်နှင့် အာဏာသိမ်းမှုကာလအလွန် ပဋိပက္ခအကျပ်အတည်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့ အစည်းများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနားလည်ရန်နှင့်ပံ့ပိုးရန်

အခွင့်ကောင်းဖြစ်ပါသည်။ ဤဆောင်ရွက်ချက်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်လျော့ပါးသက်သာစေပါသည်။ ဤသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး "အစိမ်းရောင် ဝန်ဆောင်မှုများ (Green Services)"ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ပါသည်။

အရင်းအမြစ်စီမံခန့်ခွဲမှုသည် ဌာနေတိုင်းရင်းသားများ၏ အချုပ်အခြာအာဏာနှင့် ဆက်စပ်နေသဖြင့် ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြဿနာဖြစ်သည်။ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို အခြေခံထားသည့် မြန်မာနိုင်ငံဖက်ဒရယ်စနစ်သစ်တည်ဆောက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရှိသော ကြာမြင့်နေပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေများနှင့် မြန်မာအစိုးရနှင့် စစ်တပ်တို့နှင့် အာဏာခွဲဝေ သို့မဟုတ် အာဏာပြိုင်ဆိုင် နေသည့် "ရောနှောအုပ်ချုပ်"သည့် ဒေသများတွင် အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့သည် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် သစ်တောစီမံခန့်ခွဲမှုအလေ့အထများနှင့် မူဝါဒများကို ချမှတ်ထားပြီ ဖြစ်ပါသည်။ တိုင်းရင်းသား အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ခံနိုင်ရည်အားမြင့်တင်ခြင်း၊ ဒေသတွင်း အုပ်ချုပ်ရေးကောင်းမွန်စေရေးနှင့် ရေရှည်ငြိမ်းချမ်းမှုတည်ဆောက်ရေး၏ အခြေခံဖြစ်ပါသည်။ ထို့အပြင် ထိုပူပေါင်းဆောင်ရွက်မှုသည် "လူနည်းစုအတွင်းရှိ လူနည်းစုများ" တန်းတူညီမျှမှု မရှိခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း ပြဿနာကိုဖြေရှင်းရန်အားလုံးပါဝင်သည့် အစီအစဉ်များချမှတ်အကောင်အထည်ဖော်ရန် လမ်းစဖြစ်ပါသည်။ ဤသို့ လူလုပ်ပဋိပက္ခများနှင့် သဘာဝသယံဇာတပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသတွင်းဆောင်ရွက်မှုများသည် အလွန်အရေးပါပါသည်။ အကြောင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် အခြားအကျပ်အတည်းများသည် အနောက်နိုင်ငံများ၏ ပံ့ပိုးပေးမည့်ကတိကဝတ်များကို အားနည်းသွားစေနိုင်သဖြင့် အနာဂါတ်တွင်မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအတွက် နိုင်ငံတကာအကူအညီများ လျော့ကျသွားနိုင်ပါသည်။ ထို့ကြောင့် စိန်ခေါ်မှုမှာ အချိန်ရှိခိုက်တွင် ခံနိုင်ရည်စွမ်းအားတိုးမြှင့်ရေးပံ့ပိုးပေးနိုင်ရန် ဖြစ်ပါသည်။ အခြားနိုင်ငံများ၏ အခြေအနေများအကြောင်း ပြုစုခဲ့သည့်သုတေသနမှာ လက်နက်ကိုင်အဖွဲ့အစည်းများကို သယံဇာတထုတ်ယူခြင်း၊ စစ်ဘုရင်နှင့် ပုံစံတူခြင်းကို မီးမောင်းထိုးပြလေ့ရှိသည်။ သို့သော် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ထိုကဲ့သို့သော လက္ခဏာများရှိနိုင်သော်လည်း အများစုမှာ တရားဝင်သော အများ၏ထောက်ခံမှုကိုရရှိသော နိုင်ငံရေးအစီအစဉ်များရှိပြီး ပြည်သူ့အကျိုးပြု သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။

၎င်းတို့သည် မြန်မာနိုင်ငံတွင် နှစ်ရှည်လများဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် လုံခြုံရေးခြိမ်းခြောက်မှုများကို ပြင်းထန်စွာခံစားရသည့်အပြင် စိန်ခေါ်မှုများအများအပြားကိုလည်း ရင်ဆိုင်နေကြရသည်။

မြန်မာနိုင်ငံသည် အာဏာသိမ်းမှု၊ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ရာသီဥတုဖောက်ပြန်မှု အစရှိသည့် သုံးဆဖိအားကြောင့် လာမည့်ဆယ်စုနှစ်ပေါင်းများစွာတွင် နာလန်ထူနိုင်ရန် မလွယ်ကူပါ။ ပြင်းထန်လာသော ပဋိပက္ခအကျပ်အတည်းများကြောင့် ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများနှင့် တူညီဘဲ ကွဲထွက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

တောင်သူလယ်သမားများသည် အပူချိန်မြင့်မားခြင်း၊ ခန့်မှန်းမရသော မိုးရွာသွန်းခြင်း စသောရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများကို စတင်ခံစားနေကြရပြီ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရပ်ရွာလူထုနှင့် အခြားဒေသခံများသည် အကျပ်အတည်းကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြောင်း ပြသလျက် ရှိပါသည်။

# မာတိကာ


» အတိုကောက်များ ။

၁။ မိတ်ဆက် – ၂၀၂၁ခုနှစ်၊ဖေဖော်ဝါရီလ အာဏာသိမ်းခြင်း – ငြိမ်းချောက်မှုနှင့် အခွင့်အလမ်းများ။

၂။ ဖက်ဒရယ်စနစ် – ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံတည်ထောင်ခြင်းအတွက်လက်နက်။

၃။ ပြည်တွင်းမှသည် ကမ္ဘာလုံးဆိုင်ရာသို့ – ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ရာသီဥတုပြောင်းလဲလာခြင်း ။

၄။ နိဂုံး – ရှုပ်ထွေးခြင်း၊ ခံနိုင်ရည်ရှိမှုနှင့် ဒေသမှုပြုခြင်း။

၅။ အကြံပေးချက်များ။

» ကြမ်းကိုးစာရင်း။

# ၁။

# မိတ်ဆက်

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းခြင်း – ခြိမ်းခြောက်မှုများနှင့် အခွင့်အလမ်းများ

၂၀၂၁ခုနှစ်ဖေဖော်ဝါရီလ ၁ရက်နေ့ နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် ကမောက်ကမ ဖြစ်လာသည်။ စစ်တပ်က သိမ်းယူထားသောနိုင်ငံသည် ပျက်စီးရလွယ်ကူနေသောအခြေအနေ သို့မဟုတ် ကျဆုံးလာနေသည့်အခြေအနေမကဘဲ ကျဆုံးခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုကြောင့်လည်း အလွန်ထိရှလွယ်သည့် အခြေအနေလည်းဖြစ်နေသည်။ ဆိုးရွားသည့်အခြေအနေသို့ရောက်ရှိနေသည့် နေရာနှင့် ကဏ္ဍတော်တော်များများသည် ပိုမိုဆုတ်ယုတ်လာနိုင်ပါသည်။ အာဏာသိမ်းစစ်တပ်သည် လိုက်လျောညီထွေရှိပြီး ထိခိုက်မှုလျော့ပါးစေမည့်လုပ်ဆောင်ချက်များအစား စစ်တပ်နှင့် သဘောထားကွဲလွဲမှုများကို နှိမ်နှင်းခြင်း၊ နိုင်ငံသားများအားသတ်ဖြတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် သဘာဝသယံဇာတများ လုယက်ခြင်းတို့ကိုသာ အာရုံစိုက်လုပ်ဆောင်သည်။ သို့သော် ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံသစ်သည် အထိနာစွာဖြင့်ပေါ်ထွန်းလာနေပါသည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့တွင် အာဏာသိမ်းပြီးပေါ်ပေါက်လာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)သည် ဥပဒေကြောင်းအရ (De Jure)တရားမဝင်ဖြစ်ပြီး လက်တွေ့အရ(De Facto)လည်း အမှန်တကယ်အသိအမှတ်ပြုရလောက်သော သို့မဟုတ် ထိရောက်သော အုပ်ချုပ်ရေးအာဏာပိုင်မဟုတ်ပေ။ ၂၀၂၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏အစီအရင်ခံစာ အပိုင်း ၅၂တွင် "အာဏာသိမ်းပြီးနောက် ၂နှစ်အကြာတွင် စစ်တပ်သည် သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အင်အားသုံးဖျောက်ဖျက်ခြင်း၊ တရားစွဲဆိုခြင်း၊ အာဏာသိမ်းမှုကိုဆန့်ကျင်သူများအား စီရင်ချက်ချခဲ့ခြင်းတို့ဖြင့် တိုင်းပြည်ကို အဆုံးမရှိသော လူ့အခွင့်အရေးအကျပ်အတည်းအတွင်းသို့ ရောက်ရှိအောင် လုပ်ဆောင်ခဲ့ပါသည်"[၁]ဟု အစီအရင်ခံခဲ့ပါသည်။ စစ်အစိုးရသည် အရပ်သားများအပေါ် စစ်ရာဇဝတ်မှုများကျူးလွန်ရုံသာမက ပြိုလဲနေသော တိုင်းပြည်စီးပွားရေးကို ဦးစီးဦးဆောင်ပြုသော်လည်း တိုင်းပြည်တဝက်ကျော်ကိုပင် စစ်တပ်အာဏာသက်ရောက်မှု မရှိပေ။ အာဏာသိမ်းပြီးနောက် ၂နှစ်အကြာတွင် မြန်မာစစ်တပ်၏ နယ်မြေထိန်းချုပ်မှုကျဆင်းသွားသည့် အသေးစိတ်မြေပုံကို Free Burma Rangers မှ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်ခဲ့ပါသည်။




---

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး "မြန်မာနိုင်ငံတွင် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ စတင်၍ လူ့အခွင့်အရေးအခြေအနေ" (အစီအစဉ် ၂နှင့်၄၊ ၂၀၂၃)။ Amnesty International 2020b ကိုလည်း ကြည့်ပါ။ Amnesty International ၂၀၂၀က (နောက်ဆုံးအစီရင်ခံစာသည် ဖရူဆိုရှိ မြန်မာစစ်တပ်မှ ကရင်နီအရပ်သားများအား သတ်ဖြတ်မှု ဒီဇင်ဘာ ၂၀၂၀ ခရစ္စမတ်အကြိုအစီရင်ခံစာကိုလည်း မှတ်တမ်းတင်ထားသည်။ "မတ်လ ၁၁ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် နမ့်နိန်ကျေးရွာကို ဝင်ရောက်စီးနင်းမှုအတွင်း မြန်မာစစ်အစိုးရက သံဃာ ၃ပါး အပါအဝင် အရပ်သား ၂၂ဦးကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ကြောင်း ဦးနေသစ်က ပြောသည်။ Free Burma Rangers ၂၀၂၃ ကိုလည်း ကြည့်ပါ။



FREE RANGER BURMA
N
India
China
Bangladesh
Kachin
Sagaing
Burma
Chin
Shan
Mandalay
Magway
Laos
Arakan
Nay Pyi Taw
Karenni
Bago
Karen
Yangon
Thailand
Mon
Indian Ocean
Tanintharyi
Pre-Coup Burma Army Areas of Authority
Key Towns Under Burma Army Authority
Key Roads Under Burma Army Authority
Areas of Full Burma Army Freedom of Movement
Areas of Partial Burma Army Freedom of Movement
Areas of Limited Burma Army Freedom of Movement
0 50 100 200 Kilometers
Map credits: Esri, HERE, Garmin, FAO, NOAA, USGS
Sources: FBR, ACLED, MIMU, GeoEPR, Fortify Rights
*Assessment is approximate, not for operational use

တစ်ချိန်တည်းတွင် အာဏာသိမ်းမှုဆန့်ကျင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) စတင်ပေါ်ပေါက်လာသော်လည်း စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းတို့မှအပ မြေပြင်အာဏာသက်ရောက်မှု မရှိပေ။ အခြားသောဒေသများအပေါ်တွင်ထိန်းချုပ်မှုသည် အားပြိုင်မှုရှိနေသည်ဟုဆိုနိုင်ပေသည်။ တိုင်းရင်းသားလူမျိုးအများစုနေထိုင်သောဒေသများတွင် အခွင့်အာဏာနှင့်တရားဝင်မှုတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)[၂] နှစ်ဒါဇင်ခန့်ထံတွင် ရှိနေသည်။ သို့သော် EAOs အားလုံးသည် စစ်တပ်ကိုဆန့်ကျင်နေသည်ဟုလည်း တထစ်ချမပြောနိုင်ပေ။ ဥပမာ-ကရင်အမျိုးသား အစည်းအရုံး(KNU)သည် ၁၉၅၀ခုနှစ် အစောပိုင်းကာလများတွင် ရန်သူ့တည်နေရာများကို ကျော်လွန်ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သော်လည်း ပြီးခဲ့သည့်၂နှစ်ကျော်အတွင်း မြန်မာစစ်တပ်၏ အခြေစိုက်စခန်း၂၀ခန့်ကို သိမ်းပိုက်နိုင်ခဲ့သည်။

ဤအခြေအနေတွင် ကျွန်ုပ်မှတ်ချက်ပြုလိုသည်မှာ ၁၉ရာစုတွင် ဗြိတိသျှအိန္ဒိယ၏ ကိုလိုနီအဖြစ်သိမ်းသွင်းခံခဲ့ရသောနိုင်ငံများ သို့မဟုတ် ပရိုတိုပြည်နယ်များသည် နိုင်ငံရေးအာဏာပြန်လည်ရရှိသင့်ပါသည်။ တိုင်းရင်းသားများအုပ်ချုပ်ခဲ့ရာဒေသများ၏ အမွေဆက်ခံသူများဖြစ်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) နှင့် အသစ်ပေါ်ထွက်လာသည့်နိုင်ငံတော်အဆင့် အတိုင်ပင်ခံညီနှိုင်းရေးအဖွဲ့များသည် "အောက်ခြေမှစ၍" မြန်မာနိုင်ငံပြန်လည်ထူထောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။[၃] တိုင်းရင်းသားနယ်မြေများကို အသိအမှတ်ပြုခြင်းသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ ဆွေးနွေးမှုအခြေခံဖြစ်သင့်သည်။

ဖက်ဒရယ်စနစ်သည် နိုင်ငံ၏ရှုပ်လျားသော တိုင်းပြည်-လူ့အဖွဲ့အစည်းနှင့်ဆိုင်သော ပဋိပက္ခများကိုဖြေရှင်းရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် အရေးကြီးသောလက်နက်အဖြစ် ယူဆထားသည်။ ဖက်ဒရယ်စနစ်သည် ပန်းတိုင်တစ်ခုမဟုတ်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လက်နက်တစ်ခုသာဖြစ်သည်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် သို့မဟုတ် ပိုမိုကောင်းမွန်သည့်ဖွဲ့စည်းပုံဖြင့် အစားထိုးရန်လိုအပ်မှုနှင့်ပက်သက်၍ မကြာခဏ ဆွေးနွေးခဲ့ကြပါသည်။ သို့သော် အထက်မှအောက် (Blue Print) ပုံစံဖြင့်သာ ဆောင်ရွက်

၂။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် လေ့လာသုံးသပ်သူများသည် ၂၀၁၅ခုနှစ် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ညှိနှိုင်းမှုတွင် တပ်မတော်မှ ပယ်ချခဲ့သည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ (ERO) ဟူသော ဝေါဟာရကို အသုံးပြုလာသည်။ သဘောတရားအရ အားလုံးကို လွှမ်းခြုံနိုင်သော အသုံးအနှုန်းဖြစ်သည့် EAO ကို ကျွန်ုပ်အနေဖြင့် သုံးနှုန်းသွားပါမည်။ ERO အားလုံးသည် EAO ဖြစ်သော်လည်း EAO အားလုံးသည် ERO မဟုတ်ပါ။

၃။ ဆောင်းပါး၏ အချို့အစိတ်ပိုင်းများကို Contemporary Southeast Asia (South,2021b)တွင် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ South,2021b (Peace and Conflict Resolution Evidence Platform, University of Edinburgh)တွင်လည်း ဖတ်ရှုနိုင်ပါသည်။ဆောင်းပါး ၂စောင်လုံး၏ မြန်မာဘာသာပြန်ကိုလည်း ရရှိနိုင်ပါသည်။

ခဲ့ကြသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးသည် လိုအပ်နိုင်သော်လည်း ဖက်ဒရယ်စနစ်သည် ရပ်ရွာလူထုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ၎င်းတို့ကိုကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ပေးရန် ကြိုးစားနေသည့် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်လျက်ရှိသည့်အလေ့အထများ ပေါ်ပေါက်လာနိုင်ပါသည်။

၂၀၂၁ခုနှစ် အာဏာမသိမ်းမီကပင် မြန်မာနိုင်ငံရှိ စိန်ခေါ်မှုမှာ ဆယ်စုနှစ်များစွာကြာသော စစ်ရေးတင်းမာမှုလျော့နည်းလာသည့် ပြည်တွင်းစစ်အပြီး တပြည်ထောင် ဆန်ဆန်နိုင်ငံတစ်ခု (အငြင်းပွားဖွယ်အလွန်ဖြစ်သော)ကို ဖက်ဒရယ်ဖြစ်စေရေးဆောင်ရွက်ခြင်းပင် ဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက် ကြုံတွေ့ရသောစိန်ခေါ်မှုမှာ အရေးပါသောသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များပါဝင်သည့် ဖက်ဒရယ်စနစ်အသစ်ဖြင့် မြန်မာနိုင်ငံကိုပြန်လည် ထူထောင်ရန်ဖြစ်ပါသည်။

Bertil Lintnerသည် မကြာသေးမီက (ဧရာဝတီ၊ ၂၀၂၃)တွင် အောက်ပါအတိုင်း မှတ်ချက်ချခဲ့ပါသည်။ "ဤစစ်ပွဲသည် မည်သည့်ဘက်ကမှ အောင်နိုင်ခြေမရှိပါ။ စစ်အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့ထက်လက်နက်အင်အားပိုမိုသာလွန်သော မြန်မာစစ်တပ်ကို အနိုင်ယူရန် လုံလောက်သောလက်နက်အင်အား မရှိပါ။ တစ်ဖက်တွင်လည်း မြန်မာစစ်တပ်သည် စစ်မျက်နှာပြင် ကျယ်ပြန့်စွာဖြန့်ကျက်ထားသော်ကြောင့် လုံလောက်သောအင်အားနှင့် ခုခံသူများကို မခြေမှုန်းနိုင်ပါ။ မြန်မာစစ်တပ်သည် ဤသို့ဖြင့် နှစ်ပေါင်း၇၀ကျော်ကြာ အမြစ်ဖြတ်ချေမှုန်းရေး ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိပေ။" အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ပဋိပက္ခများ၏အကျိုးဆက်ကို ကြာရှည်စွာခံစားနေရသဖြင့် ဤရှည်လျားသော ကြားကာလတွင် အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုပေးရေးအတွက် ပံ့ပိုးပေးမှုများလိုအပ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်သော လက်နက်ကိုင်နှင့် တိုင်းပြည်-လူ့အဖွဲ့အစည်းပဋိပက္ခအတွက် နိုင်ငံရေးဖြေရှင်းချက်ကို မရှာနိုင်မီမှာပင် အောက်တွင်မှတ်ချက်ပြုမည့်အတိုင်း ရာသီဥတု ဖောက်ပြန်မှုနှင့် အခြားအကြောင်းအရင်းများသည်လည်း နိုင်ငံတော်ပြိုလဲမှုကိုဖြစ်ပေါ်စေနိုင်ပါသည်။

ဖက်ဒရယ်စနစ်သည် နိုင်ငံ၏ရှည်လျားသော တိုင်းပြည်-လူ့အဖွဲ့အစည်းနှင့်ဆိုင်သော ပဋိပက္ခများကိုဖြေရှင်းရန်နှင့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် အရေးကြီးသောကိရိယာအဖြစ် ကာလကြာရှည်စွာယူဆထားသည်။ ဖက်ဒရယ်စနစ်သည် စနစ်တစ်ခုအဖြစ်ပြီးဆုံးသွားသည်ထက်ကိုပို၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆောင်ရွက်ရန်အတွက် လက်နက်တစ်ခုဖြစ်သည်။ ၂၀၀၈ဖွဲ့စည်းပုံခြေခံဥပဒေကို အထက်မှအောက် (Blue Print)ပုံစံဖြင့် ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် အစားထိုးရန်လိုအပ်မှုနှင့်ပက်သက်၍ မကြာခဏဆွေးနွေးလေ့ရှိသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးသည်လိုအပ်နိုင်သော်လည်း ဖက်ဒရယ်စနစ်သည် ရပ်ရွာလူထုများနှင့် EAOs၊

CSOများနှင့် ၎င်းတို့ကိုကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ပေးရန် ကြိုးစားသည့် အခြားသောနိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအခန်းကဏ္ဍများမှ ပေါ်ပေါက်လာသော ဖြစ်စဉ်တစ်ခုအဖြစ် ရှုမြင်နိုင်သည်။ ၂၀၂၁ခုနှစ်အာဏာသိမ်းမှုမဖြစ်ပွားမီကပင် မြန်မာနိုင်ငံရှိ စိန်ခေါ်မှုမှာ ဆယ်စုနှစ်များစွာ (နက်နဲစွာ ပြိုင်ဆိုင်နေသော်လည်း) ပြင်းထန်မှုနည်းပါးသော ပြည်တွင်းစစ်အပြီးနောက်ပိုင်းတွင် အတော်အတန်စုစည်းညီညွတ်သောနိုင်ငံကိုပင် ဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရန်ဖြစ်သည်။ စစ်တပ်က အာဏာသိမ်းပြီးကတည်းက အရေးကြီးသော သက်ဆိုင်သူအသစ်များ သို့မဟုတ် ပေါ်ပေါက်လာသော သက်ဆိုင်သူများအပါအဝင် ဖက်ဒရယ်စနစ် အသစ်ဖြင့် မြန်မာနိုင်ငံကိုပြန်လည်တည်ဆောက်ရန်အတွက် စိန်ခေါ်မှုဖြစ်လာသည်။

ဤပြဿနာများသည် မြန်မာနိုင်ငံနှင့်ဒေသတွင်းသာမက ကျွန်ုပ်တို့၏ ကမ္ဘာလုံးနည်းတူ အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင်ရပါမည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးအတွက်လှုပ်ရှားမှုများသည် လူမှုအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများ၏ခံနိုင်ရည်အားကောင်းမှုပေါ်တွင် မူတည်နေပါသည်။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှာ ရာသီဥတုဖောက်ပြန်မှုလျော့ပါးသက်သာစေရေး စီမံချက်များ ဆောင်ရွက်လျက်ရှိပါသည်။ ကရင်၊ ကချင်နှင့် အခြားဒေသများမှာ အရှေ့တောင်အာရှတွင်း ဒေသများတွင်ကျန်ရှိနေသော ကမ္ဘာ့အကောင်းဆုံးသစ်တောများရှိရာဌာနေ ဖြစ်ပါသည်။ သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးလုပ်ငန်းများသည် ဇီဝမျိုးကွဲများကို ကာကွယ်ရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲမှလျှော့ချရာတွင် အခရာကျသည်။

ဘောဂဗေဒပညာရှင် Milton Friedman ၏ အဆိုအရ " အမှန်တကယ်ဖြစ်ပေါ်နေခြင်း သို့မဟုတ် ဖြစ်နေသည်ဟုယူဆသော အကျပ်အတည်းပဋိပက္ခဖြစ်နေချိန်တွင်သာ စစ်မှန်သော ပြောင်းလဲမှုကိုဖြစ်စေသည်။ ထိုအကျပ်အတည်းအခက်အခဲများ ကြုံတွေ့ရာတွင် ဖြေရှင်းမှုလုပ်ဆောင်ချက်မှာ ရှိပြီးသားအကြံဉာဏ်များပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်ယုံကြည်မှုမှာ နိုင်ငံရေးအရ မလွှဲသာမရှောင်သာလုပ်ရမည့်အခြေအနေသို့ မရောက်ရှိမီကာလအထိ ရှိပြီးသား မူဝါဒအသစ်များ ရွေးချယ်မှုများရှိထားရန်လိုအပ်ပါသည်။" (၁၉၆၂၊ နိဒါန်း) ကိုဗစ်နှင့် အာဏာသိမ်းမှု ကာလအလွန် ပဋိပက္ခအကျပ်အတည်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနားလည်ရန်နှင့်ပံ့ပိုးရန် အခွင့်ကောင်းဖြစ်ပါသည်။ ဤဆောင်ရွက်ချက်များသည် ကာဗွန်လျော့ချခြင်းကိုဖြစ်ပေါ်စေသဖြင့် ရာသီဥတုဖောက်ပြန်မှုကို လျော့ပါးသက်သာစေပါသည်။ ဤ"အစိမ်းရောင် ဝန်ဆောင်မှုများ"ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ နည်းပညာနှင့်ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးသင့်ပါသည်။

သယံဇာတစီမံအုပ်ချုပ်မှုသည် ဌာနေတိုင်းရင်းသားများ၏ လုပ်နိုင်စွမ်း(Agency)နှင့် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့်ပြိုင်ဆိုင်မှုပြင်းထန်သော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ၎င်းတို့၏မိတ်ဖက်အဖွဲ့များမှ တိုင်းရင်းသားပြည်နယ်များ၏ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို အခြေခံထားသည့် မြန်မာနိုင်ငံဖက်ဒရယ်စနစ်သစ်တည်ဆောက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရှိသော ကြာမြင့်နေပြီဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ထိန်းချုပ်နယ်မြေများအပါအဝင် မြန်မာအစိုးရနှင့်စစ်တပ်တို့၏ အာဏာခွဲဝေမှု သို့မဟုတ် အာဏာပြိုင်ဆိုင်သော ရောနှောအုပ်ချုပ်သည့်ဒေသများတွင် အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှု လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့သည် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် သစ်တောစီမံခန့်ခွဲမှုအလေ့အထများနှင့်မူဝါဒများကို ချမှတ်ထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ခံနိုင်ရည်အားတိုးစေခြင်း၊ ဒေသတွင်းအုပ်ချုပ်ရေးကောင်းမွန် စေရေးနှင့် ရေရှည်ဘေးအန္တရာယ်များကိုရင်ဆိုင်ဖြေရှင်းရာတွင် ဒေသခံနည်းလမ်းများဖြင့် ဆောင်ရွက်မှုများသည် အလွန်အရေးပါပါသည်။ အကြောင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် အခြားသော အကျပ်အတည်းများသည် အနောက်နိုင်ငံများ၏ပံ့ပိုးပေးမည့် ကတိကဝတ်များကို အားနည်းသွားစေနိုင်သဖြင့် အနာဂါတ်တွင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအတွက် နိုင်ငံတကာ အကူအညီများ လျော့ကျသွားစေနိုင်ပါသည်။ ထို့ကြောင့် စိန်ခေါ်မှုမှာ အချိန်ရှိခိုက်တွင် ခံနိုင်ရည်စွမ်းအားတိုးမြှင့်ရန်၊ ပံ့ပိုးပေးရန်ဖြစ်ပါသည်။ အခြားနောက်ခံအကြောင်းအရာများနှင့် နိုင်ငံများ၏ သုတေသနများတွင် လက်နက်ကိုင်အဖွဲ့အစည်းများကို သယံဇာတထုတ်ယူခြင်းနှင့် "စစ်ဘုရင်နှင့် တူသော" သဘောသဘာဝကို မီးမောင်းထိုးပြလေ့ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ထိုကဲ့သို့သော လက္ခဏာများရှိနိုင်သော်လည်း အများစုမှာ တရားဝင်သော၊ အများ၏ထောက်ခံမှုကိုရရှိသော နိုင်ငံရေးအစီအစဉ်များရှိပြီး ပြည်သူ့အကျိုး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် နှစ်ရှည်လများဖြစ်ပွားနေသည့်စစ်ကြောင့် ကြီးမားသော လုံခြုံရေးခြိမ်းခြောက်မှုများ အပါအဝင်စိန်ခေါ်မှုအများအပြား ရင်ဆိုင်နေကြရသည်။

မြန်မာနိုင်ငံသည် အာဏာသိမ်းမှု၊ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ရာသီဥတုဖောက်ပြန်မှု အစရှိသည့် သုံးဆဖိအားကြောင့် လာမည့်ဆယ်စုနှစ်ပေါင်းများစွာတွင် နလန်ထူရန်မလွယ်နိုင်ပါ။ မြန်မာနိုင်ငံသည် ပြင်းထန်လာသောပဋိပက္ခအကျပ်အတည်းများကြောင့် မြန်မာနိုင်ငံသည် နှောင်တွင် ကျဆုံးလာနိုင်သော ကမ္ဘာ့တစ်ဝှမ်းရှိနိုင်ငံများနှင့်မတူညီဘဲ ကွဲထွက်နေသောနိုင်ငံတစ်နိုင်ငံ

ဖြစ်နိုင်ပါသည်။

တောင်သူလယ်သမားသည် အပူချိန်မြင့်မားခြင်း၊ ခန့်မှန်းမရသော မိုးရွာသွန်းခြင်းစသော ရာသီဉတုဖောက်ပြန်ပြောင်းလဲမှု၏ဆိုးကျိုးများကို စတင်ခံစားနေကြရပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရပ်ရွာလူထုနှင့်အခြားဒေသခံများသည် အကျပ်အတည်းကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြောင်း ပြသလျက်ရှိပါသည်။

## ရှုပ်ထွေးပြီး အငြင်းပွားဖွယ်ပြုပြင်ပြောင်းလဲမှုများ

မြန်မာနိုင်ငံရှိတိုင်းရင်းသားနိုင်ငံရေးသည် သက်ဆိုင်သူနှင့်ကွန်ရက်မြောက်များစွာဖြင့် အလွန်ရှုပ်ထွေးလှပါသည်။ Complex Adative Systems (CAS) ဆိုသည်မှာ ကိုယ့်ကိုယ်ကို ဖွဲ့စည်းစီစဉ်ခြင်းနှင့် သက်ဆိုင်သူများအကြား လိုက်လျောညီထွေစွာ အပြန်အလှန်ဆက်ဆံမှုများစသည့် လက္ခဏာများရှိသည့်စနစ်ကို ခေါ်ပါသည်။ ထိုလက္ခဏာများသည် စနစ်တစ်ခု၏ ဖွဲ့စည်းပုံ (တိုင်းပြည်) တစ်ခုစီသို့ ဦးတည်စေပါသည်။ ဤပြောင်းလဲမှုနည်းစနစ်အတွင်း သက်ဆိုင်သူများသည် အခြားသက်ဆိုင်သူများနှင့် အပြန်အလှန်ဆက်ဆံပြီး သဟဇာတဖြစ်ရန်ဆောင်ရွက်ကြပါသည်။

ရှုပ်ထွေးမှု၏အရေးကြီးသောနိယာမမှာ အထက်အောက်ရာထူးများသည် အလိုအလျောက် ပေါ်ထွက်လာနိုင်သော ဖြစ်စဉ်တစ်ခုအဖြစ် သဘောတရားအရလက်ခံထားသောစနစ်ဖြစ်သည်။[၄] ရှုပ်ထွေးသောစနစ်များတွင် လိုက်လျောညီထွေဖြစ်ခြင်းဆိုသည်မှာ ကိုယ့်ကိုယ်ကိုဖွဲ့စည်းစီစဉ်ခြင်း အလေ့အထနှင့် အထက်အောက်ရာထူးများပါဝင်သည့် အလိုအလျောက်ပေါ်ထွက်လာသော အခြေအနေကိုဆိုလိုသည်။ အထက်တန်းအလွှာရှိ ရှုပ်ထွေးသောဖွဲ့စည်းတည်ဆောက်ပုံတစ်ခု ပေါ်ပေါက်လာစေပါသည်။[၅] အလိုအလျောက်ပေါ်ထွက်လာသော အထက်အောက်ရာထူးဖွဲ့စည်းမှုများသည် ပုံစံအမျိုးမျိုးဖြင့် ထပ်တလဲလဲဖြစ်ပေါ်နေကြောင်းတွေ့ရပါသည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခများသည် CASsများအကြား အပြန်အလှန်ဆက်ဆံခြင်းများဖြင့် ဖော်ပြနိုင်ပြီး ရာသီဉတုဖောက်ပြန်မှုသည်လည်း ထိုအပြောင်းအလဲများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤစာတမ်းတွင် တိုင်းရင်းသားလက်နက်ကိုင်ကဲ့သို့သော အဖွဲ့များသည် ရှုပ်ထွေးမှုနယ်ပယ်အတွင်းမှပေါ်ထွက်လာပြီး

---

၄။ အလိုအလျောက်ပေါ်ပေါက်လာသောဖြစ်စဉ်အား အထက်အောက်ရာထူးစီစဉ်ခြင်းသည် မြန်မာ့နိုင်ငံရေးယဉ်ကျေးမှု အတွင်းရှိ အရာရှိ-လက်အောက်ခံသဖွယ် ရာထူးစီစဉ်ခြင်းနှင့်ဆင်တူပါသည်။ Holland, 2014, p.28 တွင် ဖတ်ရှုနိုင်ပါသည်။

၅။ မတူညီသော သို့မဟုတ် ဆင်တူသောစနစ်များကို လေ့လာသုံးသပ်သည့် နှိုင်းယှဉ်လေ့လာခြင်းနည်းလမ်းကို John Holland က အကြံပြုထားပါသည်။ ဤတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် အခြားသက်ဆိုင်သူများကို သုံးသပ်လေ့လာရန်ဖြစ်သည်။

ထိုနယ်ပယ်အတွင်း လည်ပတ်နေသော၊ အခြားသက်ဆိုင်သူများနှင့်သဃဇာတဖြစ်ရန် အချင်းချင်း ဆွေးနွေးလက်ခံနိုင်သော၊ စနစ်အပေါ်ပြန်လည်တုံ့ပြန်နိုင်သော အဓိကအဖွဲ့များဖြစ်လာပါသည်။ သို့သော် မြန်မာနိုင်ငံရှိပဋိပက္ခနှင့် ရာသီဥတုဖောက်ပြန်မှုများအကြား ဆက်နွယ်ပက်သက်မှုမှ ပေါ်ပေါက်လာသော အထက်တန်းလွှာစနစ်များအားလုံးကို သုံးသပ်သွားမည်မဟုတ်ပေ။ ထိုအစား ဤလေ့လာချက်စာတမ်းသည် ၂၀၂၃ခုနှစ်အစောပိုင်းတွင် တည်ရှိသောစနစ်၏ အခြေအနေများနှင့် ဖြစ်နိုင်ခြေရှိသောအခြေအနေများကို မီးမောင်းထိုးပြရန်သာရည်ရွယ်ပါသည်။ EAO များနှင့်အခြားအဖွဲ့အစည်းများ အချင်းချင်းသဟဇာတဖြစ်ရန်ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်မှုများသည် ၎င်းတို့၏အာဏာနှင့်လုပ်ကိုင်နိုင်စွမ်း(စွမ်းဆောင်ရည်) အပေါ်အကျိုးသက်ရောက်မှု ရှိပါသည်။ အတက်အကျကြမ်းသော သက်ရောက်မှုများရှိနိုင်သော အကန့်အသတ်ဖြင့် အင်အားသုံးနိုင်သည့်အချိုးအကွေ့များကို ရှာဖွေအသုံးချတတ်ခြင်း (ဥပမာ- အခါအားလျော်စွာ နိုင်ငံရေးလှုပ်ရှားမှုများနှင့် စစ်ရေးလှုပ်ရှားမှုများ)သည် အဖွဲ့အစည်းများ၏ သဟဇာတဖြစ်မှုနှင့်ဆက်လက်ရှင်သန်မှုအတွက် ရှုန်းကန်မှုများဖြစ်ပါသည်။ ခံနိုင်ရည်ရှိမှုကို ဖော်ညွှန်းသည့် လူမျိုးဘာသာစကားအခြေခံနှင့် ကိုးကွယ်မှုအခြေခံကွန်ရက်များသည် တိုင်းရင်းသား လက်နက်ကိုင်များနှင့်အခြားအဖွဲ့များအား ထောက်ခံအားပေးမှုများတွေ့ရပါသည်။ ၎င်းတို့ကို အထက်တန်းလွှာအခြေအနေများတွင် ပေါင်းစပ်ထားသည့်စနစ်ခွဲများအဖြစ် ရှုမြင်နိုင်သည်။ မြန်မာနိုင်ငံသည် အာဏာသိမ်းပြီးနောက်ပိုင်း ဒေသခံတိုင်းရင်းသားလက်နက်ကိုင်များ၊ ပြည်နယ်အဆင့်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ၏ စီမံအုပ်ချုပ်မှုများနှင့် လုံခြုံရေးဖွဲ့စည်းပုံ များကို သဟဇာတဖြစ်နိုင်မှု၊ ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံ အစိတ်အပိုင်းများအတွက် ရှုမြင်နိုင်ပါသည်။ ပိုမိုအောင်မြင်သူများ (တိုင်းတာမှုပုံစံကွဲပြားနိုင်သည်)သည် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် နည်းပညာထောက်ပံ့မှုများ ပိုမိုရရှိနိုင်ပါသည်။ ဤအခြေအနေများသည် ပိုမိုမြင့်သောအဆင့် (ပြည်ထောင်စုအဆင့်)ရှိ အရေးပေါ်လုပ်ဆောင်မှုများနှင့် ဆွေးနွေးမှုများတွင်ပါဝင်လာနိုင်ရန်လည်း အထောက်အပံ့ပေးပါသည်။

Jim Woodhill နှင့် Juliet MIllican (၂၀၂၃)၏ အဆိုအရ ရှုပ်ထွေးသောစနစ်များ လေ့လာသုံးသပ်ခြင်းကိုချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်းမှာ "Helicopter View" ဟုခေါ်သော အထက်မှခြုံငုံသုံးသပ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ခွဲခြမ်းပြီးတစ်ခုချင်းဆန်းစစ်ခြင်းအား ကျော်လွန်ပြီး မတူညီသော CASs များ၊ ကွန်ရက်များနှင့် သက်ဆိုင်သူများအကြားဆုံမှတ်များနှင့် ထပ်နေသော အခြေအနေများကိုလေ့လာသည့် ချဉ်းကပ်နည်းဖြစ်သည်။ ရှုပ်ထွေးမှုများအား လေ့လာသုံးသပ်နည်းသည် ရှုထောင့်ပေါင်းစုံနားလည်စေနိုင်ပြီး အနာဂတ်အတွက်ဖြစ်နိုင်ခြေရှိသော ဖြစ်စဉ်များကို နားလည်စေနိုင်ပါသည်။ စနစ်အခြေပြုချဉ်းကပ်မှုများသည် ဒေသခံအဖွဲ့များနှင့်

ကွန်ယက်များအား ဒေသခံများနှင့်အတူပူးပေါင်းပြီး ပြောင်းလဲနေသောစနစ်အား သဟဇာတ ဖြစ်စေသော နည်းလမ်းများအားပုံဖော်ရာတွင် အထောက်အကူပြုပါသည်။ CAS ချဉ်းကပ်မှုသည် "ရှုပ်ထွေးသော သဟဇာတဖြစ်စေမည့်စနစ်များအား ဆန့်ကျင်မည့်အစား ပူပေါင်းလုပ်ဆောင်လိုသော စိတ်ထားတစ်ခုဖြစ်သည်။ မတူညီသော ရှုမြင်ပုံများကိုကျော်လွန်ကာ စနစ်တခုလုံးကို မေးခွန်းထုတ်သည့် ရှုထောင့်မျိုးစုံပါဝင်ပါသည်။" (Woodhill & Millican, 2023; Ramalingham, 2013)

အထက်ပါအဆိုများအားအသုံးပြုကာ ဤစာတမ်းသည် အကြမ်းဖက်ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုနှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် အောက်ခြေမှအထက်သို့ ချဉ်းကပ်နည်းဖြင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်များပေါ်ထွန်းလာရေး စသည့်အကြောင်းအရာများကို သုံးသပ်ထားပါသည်။ ရှုပ်ထွေးမှုများကိုနားလည်သဘောပေါက်ခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်မှုဆီသို့ အထောက်အကူဖြစ်စေပါသည်။ Cedric de Coning (2020)မှ "လူမှုရေးလောကတွင်အသုံးချသော ရှုပ်ထွေးမှုသီအိုရီ (Complexity Theory)သည် ငြိမ်းချမ်းမှုနှင့် ပဋိပက္ခလေ့လာမှုများအတွက် ဆက်စပ်သော လူမှုအမူအကျင့်များနှင့်ဆက်ဆံရေးကို နားလည်နိုင်သည့် ဗဟုသုတများ ပေးစွမ်းနိုင်ပါသည်။ ထို့အပြင် ၎င်းသီအိုရီသည် အကြမ်းဖက်ပဋိပက္ခလေ့လာမှုများမှ ကြိုတင်ကာကွယ်ခြင်း၊ စီမံခြင်း၊ အသွင်းပြောင်းခြင်း သို့မဟုတ် ပြန်လည်နလန်ထူခြင်းများကို နားလည်နိုင်အောင် အကူအညီပေးသည့်သီအိုရီမူဘောင် တစ်ခုဖြစ်ပါသည်။(စာ-၁)"

တစ်နေရာရာတွင် Coning က ရှုပ်ထွေးသောစနစ်များသည် မပြီးနိုင်သောသဟဇာတဖြစ်မှု များအတွင်းဖြစ်ပေါ်နေသော ပတ်ဝန်းကျင်နှင့်အတူတကွလည်ပတ်ပြီး ၎င်းပတ်ဝန်းကျင်နှင့်အတူ ပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကိုလည်း ဖြေရှင်းနိုင်ပါသည်။ ထိုလုပ်ငန်းစဉ် သည် သဟဇာတဖြစ်သောငြိမ်းချမ်းရေးတည်ဆောက်မှု ချဉ်းကပ်ခြင်းလုပ်ငန်းစဉ်အား ပြန်လည်အတုယူခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများ ရှာဖွေသည့်ချဉ်းကပ်မှုဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင် (ကျွန်ုပ်တို့သည်) ပုံစံတူညီသောချဉ်းကပ်မှုများကိုတွေ့ရပြီး သဟဇာတဖြစ်သော စီမံခန့်ခွဲမှုဟုခေါ်ပါသည်။ (Coning, 2018, စာ-305)

ရှုပ်ထွေးမှုသီအိုရီနှင့် သဟဇာတဖြစ်သောစီမံခန့်ခွဲမှုတို့အကြား ဆက်စပ်မှုများသည် ဤစာတမ်း၏ အဓိကအကြောင်းအရာမဟုတ်ပေ။ မည်သို့ပင်ဆိုစေ ရှုပ်ထွေးမှုသီအိုရီသည် နိုင်ငံရေးနှင့်လူ့အဖွဲ့အစည်းအတွက် ပေါ်ပေါက်လာသော "အောက်ခြေမှ အထက်သို့" ချဉ်းကပ်မှုဆီသို့ နောက်ထပ်သီအိုရီဆိုင်ရာ လေ့လာမှုတို့အတွက်ပံ့ပိုးပေးသည်မှာ အားတက်စရာပင်ဖြစ်သည်။ အထက်မှအောက်သို့ ချဉ်းကပ်နည်း(Blueprint Approach)အား အလွန်ကျုံ့အဓိပ္ပာယ်ဖွင့်ပြီး ဝေဖန်နေမည့်အစား (William Easterly, 2017, and Ben Ramalingam, 2013 ဝေဖန်ထားသကဲ့သို့) မြန်မာနိုင်ငံရှိ ပြောင်းလဲသောအခြေအနေများသည် ဆန်းသစ်သောစမ်းသပ်မှုနှင့်

အမှားအယွင်းကိုဖော်ထုတ်ကာ (အားနည်းချက်များကိုဖော်ထုတ်ခြင်းနှင့် ပြုပြင်ခြင်းဆိုင်ရာ တရားသေပြဿနာ ဖြေရှင်းနည်းများအစား) "အပြုသဘောဆောင်သော သွေဖယ်မှုများအား" ဖော်ထုတ်ပံ့ပိုးပေးသည့် သဟဇာတဖြစ်သော "ရှာဖွေသူများ" လိုအပ်ပါသည်။ "အပြုသဘော ဆောင်သောသွေဖယ်မှု"သည် (အထက်မှအောက်သို့ ချဉ်းကပ်နည်းသကဲ့သို့မဟုတ်ဘဲ) ဒေသနှင့် သဟဇာတဖြစ်သော ချဉ်းကပ်နည်းများအား အာရုံစူးစိုက်စေသည့် အကျိုးကျေးဇူးရရှိစေပါသည်။

ရှုပ်ထွေးမှုသီအိုရီနှင့် သဟဇာတဖြစ်သောစီမံခန့်ခွဲမှု နည်းနာများအတိုင်း အပြည်ပြည်ဆိုင်ရာအဖွဲ့များသည် မြန်မာနိုင်ငံအတွင်းရှိ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများမှ ပေါ်ပေါက်လာသော သဟဇာတဖြစ်မှုအောင်မြင်စေရန် အထောက်အကူပြုသင့်ပါသည်(တိုင်းရင်းသား လက်နက်ကိုင်များ၊ နိုင်ငံကိုယ်စားလှယ်များနှင့် လူမှုအဖွဲ့အစည်းများ)။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဤသက်ဆိုင်သူများသည် မြန်မာဒီမိုကရေစီနှင့်ဖက်ဒရယ်ပေါ်ထွန်းရေးကဏ္ဍများတွင် ဦးဆောင် လာပါသည်။

## နည်းစနစ်

ဤစာတမ်းသည် ထုတ်ပြန်ထားသောသတင်းအရင်းမြစ်များနှင့် ကျမ်းကိုးစာရင်းတွင် ကိုးကားထားသည့် "မြေအောက်စာပေ" (Gray Literatures)များ၏ သုံးသပ်ချက်များအပေါ် အခြေခံထားသည်။ ထပ်လောင်းအချက်အလက်များကို ၂၀၂၁ နိုဝင်ဘာလမှ ၂၀၂၂ အောက်တိုဘာလ အထိ အကြိမ်ပေါင်းနှစ်ယောက်မှတဆင့်ဆောက်ရွက်ခဲ့သော Key Informant Interview အခုလေးဆယ်နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) ၂၂ခုတို့မှ ရရှိလာပါသည်။ ထို့အပြင် ၂၀၂၃ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် နောက်ဆက်တွဲဆွေးနွေးမှု အကြိမ်၂၀ ထပ်မံပြုလုပ်ခဲ့သည်။ အကြံပြုချက်များသည် ဤသုတေသနမှဆင်းသက်လာပြီး ပြည်တွင်းမိတ်ဖက်များ၊ နိုင်ငံတကာကျွမ်းကျင်သူများနှင့် ပြန်လည်ဆန်းစစ်ထားပါသည်။ ကျွန်တော်သည် မြန်မာနိုင်ငံတွင် ဆယ်စုနှစ် ၃ခုကြာအလုပ်မှုလည်း ကောက်ယူခဲ့ပါသည်။ မကြာသေးမီက မွန်ပြည်နယ်သို့ တစ်ကြိမ်နှင့် ၂၀၂၂ခုနှစ်တွင် ကော်သူးလေ(ကရင်ပြည်နယ်)သို့ ခရီးစဉ်နှစ်ကြိမ် (ကရင်မြောက်ပိုင်းတောင်တန်းမှ "ပူသောဝေါ" (အမည်အရင်းမဟုတ်) ရွာ၌ ၁ပါတ်ကြာလေ့လာခဲ့ခြင်းအပါအဝင်) သွားရောက် လည်ပတ်ခဲ့သည်။ ချင်းမိုင်တက္ကသိုလ်လူမှုသိပ္ပံနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ဒေသဆိုင်ရာဌာန (Regional Center for Social Science and Sustainable Development)တွင် ပြုလုပ်ခဲ့သောဆွေးနွေးမှုများအတွက်လည်း ကျေးဇူးတင်ပါသည်။

## အသိအမှတ်ပြုမှုများ

RCSD မှ Adjarn Chayan Caddhanaphuti, Khun Kanchana Kulpisithicharoen, နှင့် Khun Chanida Puranapun လုပ်ဖော်ကိုင်ဖက်များနှင့် ကျောင်းသားများ၊ Joseph Mariampillai နှင့် Saw B-;၊ Rurik Marsden နှင့် Araddhya Mehtta နှင့် ၎င်းတို့၏သက်ဆိုင်ရာအဖွဲ့များ၊ Mi Kun Chan Non နှင့် Stephen Laphai, La Rip နှင့် La Rip နှင့် Dan Hkun Awng, KIO Forestry and Enviromental Conservation Deparment ; KSEAN မှ မိတ်ဆွေများ၊ KNU Economic Committee Secretariat, MSFC, KSCC နှင့် KPICT, NUG MONREC; NMSP မှ မိတ်ဆွေများ၊ Free Burma Rangers မှမိတ်ဆွေများအား ကျေးဇူးတင်ရှိပါသည်။Yar Noon, "Poo Thawaw " ရွာသူရွာသားများနှင့်၎င်းတို့မပါဘဲ ယခုသုတေသနနှင့် ဆန်းစစ်ချက်များဖြစ်လာနိုင်မည် မဟုတ်သော အမည်မဖော်ပြလိုဘဲ ကူညီသူကြသူများအားလည်း ကျေးဇူးအထူးတင်ရှိပါသည်။ Justine Chambers, Mary Callahan, Alan Smith နှင့် Steve Lynn တို့အား အကြမ်းပြုစုရာတွင် အကြံပြုချက်များအတွက် ကျေးဇူးတင်ရှိပါသည်။ Norman Ware နှင့် Charlotte Trenk-Hinterbergerအား တည်းဖြတ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ မြန်မာဘာသာသို့ ဘာသာပြန်ဆိုပေးသော Naw Jacqueline Hpway အားလည်း ကျေးဇူးအထူး တင်ရှိပါသည်။ International Development Research Center အားလည်း ယခုထုတ်ဝေခြင်းကို ထောက်ပံ့ပေးသည့်အတွက် လွန်စွာကျေးဇူးတင်ရှိပါသည်။ အမှားများ၊ လွဲမှားစွာ အဓိပ္ပါယ်ကောက်ယူချက်များသည် ကျွန်ုပ်တစ်ဦးတည်း၏ အမှားသာဖြစ်ပါသည်။

## Resilience

ခံနိုင်ရည်ရှိမှု(Resilience) ဆိုသည်မှာ တုန်လှုပ်ချောက်ချားမှုများမှ ခံနိုင်ရည်ရှိပြီး ပြန်လည်ကောင်းမွန်လာစေရန်နှင့် အကျပ်အတည်းများကိုရင်ဆိုင်ဖြေရှင်းနိုင်သည့် (လူတစ်ဦးချင်း၊ မိသားစုများ၊ အသိုင်းအဝိုင်းများ သို့မဟုတ် တိုင်းရင်းသားလူမျိုးများ)၏ စွမ်းရည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကျိုးသက်ရောက်မှုများကြောင့် လူအုပ်စုအလိုက် ထိခိုက်ခံရခြင်းများသည် ၎င်းတို့၏ ထိတွေ့မှု၊ ထိခိုက်ရှလွယ်မှုများနှင့် ကိုင်တွယ်ဖြေရှင်းနိုင်မှုတို့အပေါ် မူတည်ပါသည်။ ခံနိုင်ရည်ရှိသောလူများနှင့် ရပ်ရွာလူထုများသည် ထိတ်လန့်တုန်လှုပ်မှုများကို ကိုင်တွယ်ဖြေရှင်းပြီး ယခင်လူနေမှုအဆင့်အတန်းနှင့် လူသားလုံခြုံရေးကို ပြန်လည်ရောက်ရှိလာသည် သို့မဟုတ် ပိုမိုကောင်းမွန်အောင် ပြုပြင်လိုက်နိုင်သည်။ ခံနိုင်ရည်ရှိမှုဆိုသည်မှာ လုပ်ကိုင်နိုင်စွမ်းအဖြစ် ရှုမြင်နိုင်ပါသည်။ Adaptive Capticity သည် အရေးကြီးသောအရာများ၊ ဖွဲ့စည်းပုံများနှင့် လုပ်ဆောင်မှုတာဝန်များအပေါ်အာရုံစိုက်ပြီး ဘေးအန္တရာယ်၏ သက်ရောက်မှုများကို လျော့ပါးစေနိုင်စွမ်း သို့မဟုတ် ကြိုတင်ပြင်ဆင်နိုင်စွမ်းရှိပါသည်။ Adaptive Capticityသည် သဟဇာတဖြစ်ပြီး နည်းပညာမျိုးစုံလင်သောနေထိုင်မှုနှင့် စိုက်ပျိုးရေးနည်းပညာများ (အသိပညာ တိုးတက်စေခြင်းနှင့်လေ့ကျင့်မှုများ)အပါအဝင် ရေရှည်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်ပါသည်၊ Transformative Capticity သည် လက်ခံစုပ်ယူနိုင်ခြင်းနှင့် လိုက်လျောညီထွေပြောင်းလဲနိုင်သော လုပ်နိုင်စွမ်းထက်ကျော်လွန်ပြီး တည်ရှိနေပြီးသောစနစ်အတွင်း ရေရှည်မတည်တံ့နိုင်မှုများနှင့် မညီမျှမှုကိုဖြစ်ပေါ်စေသည့် ဖွဲ့စည်းတည်ဆောက်ပုံများကိုပါစိန်ခေါ်သည့် လုပ်နိုင်စွမ်းဖြစ်ပါသည်။ (South & Demartini, ၂၀၂၀)။

Complex Adaptive Systemများတွင် ခံနိုင်ရည်ရှိမှုကိုစမ်းသပ်ပြီး လိုက်လျောညီထွေဖြစ်အောင်နေနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤစွမ်းရည်သည် မြန်မာနိုင်ငံရှိဌာနေ အသိုင်းအဝိုင်းများနှင့် ၎င်းတို့ကိုကိုယ်စားပြုသော EAOs နှင့် CSO သက်သေပြခဲ့သကဲ့သို့ “အမွေဆက်ခံပြီးရေရှည်တည်ရှိပြီးသော သွင်ပြင်လက္ခဏာပေါ်တွင် မူတည်နေသည်။” (Holland 2014၊ စာ-၇၉)

# ၂။

# ဖက်ဒရယ်စနစ်

## ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် နိုင်ငံတည်ထောင်ခြင်းအတွက် လက်နက်တစ်ခု

"ငြိမ်းချမ်းရေး"ကဲ့သို့ပင်"ဖက်ဒရယ်စနစ်"သည် မတူညီသောသက်ဆိုင်သူများအတွက် မတူညီသောအဓိပ္ပာယ်ဆောင်ပါသည်။ ဖက်ဒရယ်စနစ်၏ "ဆွေးနွေးငြင်းခုံသည့် သဘောတရား" (Gallie, 1962)က ပါဝင်လုပ်ဆောင်သူများ၏ ရပ်တည်ချက်များသည် စိတ်ပိုင်းဆိုင်ရာနှင့်(သို့မဟုတ်) သဘောတရားရေးရာအရတွန်းအားပေးပြီး သီးခြားအကြောင်းအရာနှင့် စိတ်ကူးယဉ်ဆန်သော အကျိုးစီးပွားများနှင့် ပွတ်တိုက်မှုများနှင့် ဖြေရှင်း၍မရနိုင်သောငြင်းခုံမှုများကို ဖြစ်ပေါ်စေနိုင်သည်။ နည်းပညာအရဖက်ဒရယ်စနစ်သည် ဗဟို(ဖက်ဒရယ်/ပြည်ထောင်စု)နှင့် ပြည်နယ်(ပြည်နယ်/တိုင်းဒေသကြီး)အဆင့် အစိုးရများအကြား လုပ်ပိုင်ခွင့်နှင့်တာဝန်ခံမှုကို ပိုင်းခြား၍ခွဲဝေပေးသည့် ရောထွေးသော အချုပ်အခြာအာဏာစနစ်၏ အစိုးရစနစ်ကိုရည်ညွှန်းသည်။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုလုပ်ငန်းစဉ်တွင် အဓိကရေစီးကြောင်းမှာ အပိုင်းများ(ပြည်နယ်ယူနစ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဖြစ်သတ်မှတ်ပြီး အချုပ်အခြာအာဏာသက်ဝင်နေစေသည်ဟု ကျွန်ုပ်ငြင်းခုံရပါလိမ့်မည်။

မကြာခနဆိုပင် ဖက်ဒရယ်စနစ်ကို နည်းလမ်း၂သွယ်ဖြင့် ဦးတည်လေ့ရှိသည်။ ပထမနည်းလမ်းမှာ "ဖက်ဒရယ်တည်ဆောက်ခြင်းဖြစ်စဉ်"ဟုခေါ်သော လွတ်လပ်သည့်ယူနစ်များစုပေါင်းကာ ပြည်ထောင်စုကိုဖန်တီးခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ "ဖက်ဒရယ်စနစ်သို့ ကူပြောင်းသောဖြစ်စဉ်" (သို့မဟုတ် အစွန်းရောက်ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းလုပ်ငန်းစဉ်) မှတဆင့်ဖြစ်စေ နိုင်ငံရေးယူနစ်တစ်ခု၏ဗဟိုအာဏာကို စေ့စပ်ညှိနှိုင်းနေသည့် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပေးဆောင်ရန် ဒေသဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ နိုင်ငံရေးအစိတ်အပိုင်းများနှင့် ပြန်လည်ညှိနှိုင်းခြင်းအားဖြင့် ရယူနိုင်သည်။ ဥပမာများတွင် ၁၈၇၁ခုနှစ် ဂျာမန်အင်ပါယာကိုတည်ထောင်ချိန်နှင့် မြောက်အမေရိကန်ကိုလိုနီနယ် ၁၃ခုသည် ၁၇၈၉ခုနှစ်တွင် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းချိန်တို့ပါဝင်သည်။ ထိုအခြေအနေနှစ်ခုလုံးတွင် ပြည်နယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်ရေးမရတော့သော်လည်း၊ အဓိကအာဏာများ (လူကြိုက်များသော အချုပ်အခြာအာဏာ)တို့သည် ပြည်နယ်တွင်အနီးကပ်စောင့်ကြည့်နေဆဲအဆင့်ဖြစ်သည်။ ပို၍ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည်မှာ အစွန်းရောက်ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ်မှတဆင့် ယခင်

ရှိပြီးသား "တပြည်ထောင်စနစ်" နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် သတ်မှတ်ရန်ဖြစ်သည်။ ယခင်က နယ်မြေပိုင်းခြားမှုများနှင့် လူမျိုးစုများ၏အယူအဆများကို ရောင်ပြန်ဟပ်ကာ United Kingdom နှင့် Spain နိုင်ငံတို့တွင် မကြာသေးမီဆယ်စုနှစ်များအတွင်း အသွင်းကူးပြောင်းမှုပုံစံ သို့မဟုတ် ဒေသဆိုင်ရာအသွင်ကူးပြောင်းမှုပုံစံများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁ခုနှစ် အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံတွင် စိန်ခေါ်မှုမှာ အတော်လေး(အတွင်းထဲ၌ ပြိုင်ဆိုင်နေသော်လည်း) စုစည်းညီညွတ်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်ဖြစ်သည်။ တပ်မတော်သည် အာဏာသိမ်းပြီးကတည်းကပင် မြန်မာနိုင်ငံကို ဖက်ဒရယ်စနစ်ဖြင့်ပြန်လည်တည်ဆောက်ရန်အတွက် စိန်ခေါ်မှုဖြစ်သည်။ ဥပမာအားဖြင့် ပညာရေးနယ်ပယ်တွင် "ဖက်ဒရယ်ပြည်ထောင်စု"လုပ်ငန်းစဉ်သည် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ဒေသန္တရဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများကို နအဖနှင့် NLD အစိုးရ အဆက်ဆက်လက်ထက်တွင် မြန်မာနိုင်ငံတွင် တစိတ်တပိုင်ကြိုးစားခဲ့သည့်အတိုင်း သင်ရိုးညွှန်းတွင် ပိုမိုပါဝင်လာမည်ဖြစ်ပြီး လွတ်လပ်သောEAOနှင့် ရပ်ရွာအခြေပြု ပညာရေးအစပျိုးမှုများကို အသိအမှတ်ပြုခြင်းနှင့် ပံ့ပိုးပေးခြင်းအပေါ် "ဖက်ဒရယ်ပြည်ထောင်စု" ချဉ်းကပ်မှုအား တည်ဆောက်မည်ဖြစ်သည်။ (အောက်တွင်ကြည့်ပါ။)

"အထူးဒေသများ"ကို နိဒါန်းပျိုးခြင်းဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမပါဘဲ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မိတ်ဆက်နိုင်သည်။ ၁၉၈၀ခုနှစ်နှောင်းပိုင်းနှင့် ၁၉၉၀ခုနှစ်များနှောင်းပိုင်တွင် အပစ်အခတ်ရပ်စဲပြီးနောက် မြန်မာနိုင်ငံရှိအစိတ်အပိုင်းအချို့၌ ဖြစ်ရပ်မှန်ဖြစ်သည်။ (၎င်းခေတ်ကာလ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပထဝီဝင်အသုံးအနှုန်းများဖြင့် သတ်မှတ်ထားသည်။)

ပဋိပက္ခဒဏ်ခံရသော လူ့အဖွဲ့အစည်းများစွာအတွက် ဖက်ဒရယ်စနစ်သည် လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်ခြင်း သို့မဟုတ် ထပ်တလဲလဲဖြစ်ပွားမှုကို ဟန့်တားနိုင်သည့် နိုင်ငံရေး ဖြေရှင်းမှုတစ်ခု သို့မဟုတ် ဖွဲ့စည်းတည်ထောင်ခြင်းအဖြစ် တန်ဖိုးထားခံရခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအထက်တန်းစားများအတွက် ဖက်ဒရယ်စနစ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း သို့မဟုတ် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ထက် ပိုမိုအားကောင်းသည့် ဆွဲဆောင်မှုရှိလေ့ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် ဗမာ သို့မဟုတ် ဗမာလူမျိုးများ (အထူးသဖြင့်) စစ်ဘက်ဆိုင်ရာ အထက်တန်းစားများသည် ဖက်ဒရယ်စနစ်ကိုသတိပြုမိသည်မှာ သမိုင်းကြောင်းအရဖြစ်သည်။ ၁၉၆၂ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် အရပ်သားအစိုးရ၏ ဖက်ဒရယ်စနစ်ကိုတွန်းအားပေးသည့် အနေဖြင့် မကြာမီကာလအတွင်း မြန်မာ့အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲတော့မည့်အရေး စိုးရိမ်မှုများကို အသုံးပြုကာ မတ်လတွင် စစ်တပ်ကအာဏာသိမ်းယူခြင်းအတွက် အကြောင်းပြချက်အဖြစ်အသုံးပြု ခဲ့သည်။(Taylar၊ ၂၀၁၅)။

## နိုင်ငံရေးအရတရားဝင်မှု

Aoife McCullough (၂၀၁၅၊ စာ-၁)အဖို့ "ပြည်နယ်မဟုတ်သော သို့မဟုတ် ပြည်နယ်တစ်ခုတွင် ပါဝင်လုပ်ဆောင်သူတစ်ဦး၏ "တရားဝင်မှု"သည် နိုင်ငံသားတိုင်း၏ အညီအမျှတရားဝင်မှုကို ပေးဆောင်နိုင်ခြင်းမရှိသော်လည်း နိုင်ငံရေးအထက်တန်းလွှာများနှင့် နိုင်ငံသားများအကြား ၎င်း၏အခွင့်အာဏာအားလက်ခံခြင်းကို ရည်ညွှန်းပါသည်။ တရားဝင်မှုမရှိလျှင် အာဏာကို အတင်းအကျပ်အသုံးချခြင်းဖြစ်ပြီး တရားဝင်မှုကို "မှန်ကန်သောစံနှုန်းများ-စံပြုချဉ်းကပ်မှုတစ်ခုမှ အကဲဖြတ်နိုင်သည်။ သို့တည်းမဟုတ် ပေးအပ်ထားသောလူ့အဖွဲ့အစည်းရှိ အာဏာပိုင်များနှင့် နိုင်ငံသားများ၏ ခံယူချက်နှင့် လုပ်ရပ်များမှတဆင့် သို့မဟုတ် လက်တွေ့ကျသောချဉ်းကပ်မှုဖြစ်သည်။ ခံယူချက်နှင့် သဘောတူညီမှုလုပ်ရပ်များသည် ဒေသတွင်းလူမှုရေးစံနှုန်းများဖြင့် လွှမ်းမိုးထားသည်။

McCullough မှ လက်တွေ့ကျသောချဉ်းကပ်မှုများကို အကြံပြုထားပါသည်။ "တရားဝင်မှုအမြင်အပေါ် လွှမ်းမိုးထားနိုင်သော" "အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဝန်ဆောင်မှုပေးခြင်းကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ အစိုးရတရပ်က ဆောင်ရွက်သင့်သည့် မျှော်မှန်းချက်များ၊ ဘက်မလိုက်သောအကဲဖြတ်မှုများနှင့် တရားမျှတမှုများ၊ နိုင်ငံတော်စွမ်းဆောင်ရည်နှင့် အခြားသောဝန်ဆောင်မှုများ၏ ဝိသေသလက္ခဏာများ"သည် တရားဝင်မှု အမြင်အပေါ်သက်ရောက်မှုရှိသည်။(စာ-၁)။ ဝန်ဆောင်မှုများပေးခြင်းမှတဆင့် ပြည်နယ်များအားကောင်းလာစေရန်ဟူသည့် အလျှုရှင်များများ၏ယူဆချက်ကို သူမကဝေဖန်သည်။ လက်တွေ့ကျသောချဉ်းကပ်မှု တစ်ခုသည်
"ပေးထားသောလူ့အဖွဲ့အစည်းရှိ အုပ်ချုပ်သူနှင့်အာဏာပိုင်များ၏ ခံယူချက်နှင့်သဘောတူညီချက်များမှ တဆင့် တရားဝင်မှုကို အကဲဖြတ်သည်။"(စာ-၃)။ နောက်ခံအကြောင်းအရာသည် သော့ချက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကပါဝင်ပက်သက်သူများ - NLD နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH ၊ ယခင်နှစ်က ရွေးချယ်ခံရသော NLD အမတ်အများစုဖြင့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်)သည် အနောက်တိုင်းပုံစံ ဒီမိုကရေစီ ရွေးကောက်ပွဲများတွင် အောင်မြင်စွာပါဝင်ခြင်းဖြင့် အဓိကတရားဝင်မှုကို တောင်းဆိုကြသည်။ အခြားပါဝင်လုပ်ဆောင်ကြသူများ (EAO များ၊ ပြည်နယ်အဆင့်အတိုင်ပင်ခံအဖွဲ့များနှင့် အတိုင်းအတာတစ်ခုအထိ NUG)တို့သည် ၎င်းတို့၏ရုန်းကန်မှု၊ ဝန်ဆောင်မှုများနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံအုပ်ချုပ်မှုတို့ကို ပံ့ပိုးပေးခြင်းကြောင့် တရားဝင်ဖြစ်သည်။

တရားဝင်မှုဆိုင်ရာ ဟောပြောချက်အများစုကို Max Weber၏ ကျော်ကြားသော ပြည်နယ်များကို အဓိကပြုသောအလှူရှင်များသည် ယုတ္တိတန်သော ဗျူရိုကရေစီအဖွဲ့အစည်းများနှင့် ပါဝင်လုပ်ဆောင်သူများကို မျက်နှာသာပေးကြခြင်း၊ အမျိုးအစားခွဲခြင်းဖြင့် ဘောင်ခတ်ထားသည်။

သမားရိုးကျနှင့် ဆွဲဆောင်မှုရှိသောတရားဝင်မှု၏ တရာဝင်မှုရင်းမြစ်များသည် ဒေသဆိုင်ရာဆွဲငင်အား ရှိသည် (လူမျိုးစုဘာသာဗေဒနှင့် ယုံကြည်ခြင်းအခြေခံသောအသိုင်းအဝိုင်းများနှင့် ပဲ့တင်ထပ်နေသည်) ဖြစ်သော်လည်း မကြာခနဆိုသလို အကူအညီပေးရေးလောကတွင် အလေးအနက်ထား ထည့်သွင်း စဉ်းစားခြင်းမှ ဖယ်ထုတ်ထားသည်။ ဤသည်မှာ EAO အချို့သော အစိတ်အပိုင်းအများ (neo-patrim onialism)၏ အချို့သောအစိတ်အပိုင်းများ၏ "အားကြီးသူ" သာဓကနိုင်ငံရေး အမျိုးအစားအတွက် အထူးမှန်ကန်သည်။

## အထက်မှအောက်ခြေသို့သွားသောဖက်ဒရယ်စနစ်

မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးစု အသိုင်းအဝိုင်းများတွင် "စစ်မှန်သော ဖက်ဒရယ်စနစ်" ကို တောင်းဆိုမှုများသည် ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့နေသော်လည်း လိုအပ်သည့်အသေးစိတ် အချက်အလက်များ (မည်ကဲ့သို့ အောင်မြင်မည်ကို) ရှင်းရှင်းလင်းလင်းမဖော်ပြထားပေ။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဖက်ဒရယ်စနစ်ပုံစံများစွာရှိပြီး ထိုနေရာသို့ရောက်ရှိရန် နည်းလမ်းအမျိုးမျိုးရှိသည်။ အနည်းဆုံး မြန်မာ့အခင်းအကျင်းတွင် ဖက်ဒရယ်စနစ်သည် ၎င်းဘာသာ အပြီးသတ်ခြင်းတစ်ခုထက်ပိုပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပဋိပက္ခဖြေရှင်းရေးအတွက် အကူပစ္စည်းတစ်ခုသဖွယ်အဖြစ် ချဉ်းကပ်ရာတွင် အကောင်းဆုံးဖြစ်သည်။

မြန်မာနိုင်ငံရှိ ဖက်ဒရယ်စနစ်နှင့်ပက်သက်၍ ဆွေးနွေးငြင်းခုံမှုများသည် ပြည်ထောင်စု အဆင့်တွင် မည်သည့်အာဏာများ ဆက်လက်တည်ရှိနေသင့်ပြီး မည်သည့်ပြည်နယ်ခွဲပြည်နယ်များ ပိုင်သင့်သည်နှင့် တိုင်းရင်းသားလူမျိုးများ နယ်ပယ်အသီးသီးတွင်ပျံ့နှံ့ကာ မကြာခဏ ဘေးချင်းကပ်လျက်နေထိုင်ကြသည့်အခါ ဖက်ဒရယ်စနစ်အား အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ ပြဿနာများကို အဓိကအာရုံစိုက်လေ့ရှိသည်။ ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံအပြီး လအနည်းငယ်အကြာတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ဖက်ဒရယ်စနစ်အသွင်အပြင်ဖြစ်သော်လည်း ဗဟိုအစိုးရသည် တိုင်းရင်းသားပြည်နယ်များ အပေါ် ဘဏ္ဍာငွေထိန်းချုပ်မှုကို ဆက်လက်ထိန်းသိမ်းထားသောကြောင့် အနည်းဆုံးအားဖြင့် လက်တွေ့တွင် ဗဟိုချုပ်ကိုင်ထားသည်။ ပင်လုံညီလာခံသည် ဗြိတိသျှကိုလိုနီနယ်ချဲ့ အာဏာသိမ်းပြီး နောက်ပိုင်း လွတ်လပ်သောပြည်ထောင်စုကို ဖွဲ့စည်းရန်သဘောတူထားသည့် ဖက်ဒရယ်အခိုက်အတန့် အဖြစ် ရှုမြင်နိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အခြားပါဝင်သူများက ထိုအချိန်က ပင်လုံစာချုပ်ကို မည်သို့ နားလည်ခဲ့သနည်း။ (South, 2022b)။ သို့သော်လည်း ရာစုနှစ်တစ်ဝက်ကျော်လည်ပြီးနောက်

မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်သို့ချဉ်းကပ်လာခြင်းသည် လက်ရှိခေတ်ကာလတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ပြန်လည်ညှိနှိုင်းရမည့် “ဖက်ဒရယ်ပြည်ထောင်စု” လုပ်ငန်းစဉ် သစ်တစ်ရပ် လိုအပ်ပါသည်။

## ဖက်ဒရယ်စနစ်၏ မတည်ခဲ့သော ကတိများ

ဗမာပြည်တွင် ဖက်ဒရယ်စနစ်ရရှိရန် ယခင်ကြိုးပမ်းမှုများသည် တပ်မတော်နှင့် ဗဟိုအစိုးရ အဆက်ဆက်တို့ဘက်မှ နိုင်ငံရေးဆန္ဒမရှိခြင်းကြောင့် မအောင်မြင်ခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် တရားဝင် သို့မဟုတ် ထိရောက်သော ဗဟိုအာဏာများ ပြိုလဲသွားသဖြင့် အဆိုပါအတားအဆီးကို ဖယ်ရှားပစ်ခဲ့သည်။

သို့သော်လည်း ဤပြဿနာများသည် ၂၀၂၀ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ အချိန်ကတည်းကပင် ကာလအတန်ကြာထင်ရှားခဲ့သည်။ ယခင်စစ်အစိုးရလက်ထက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ တပ်မတော်ကို အုပ်ချုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် တိုင်းရင်းသားအရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ (ယခင်ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ခုနှစ်တွင်စတင်ခဲ့သည့် ၂၀၁၂ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၅ခုနှစ်ထိ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏အဆုံးအဖြတ်)ကို ကြီးကြပ်စဉ်တွင် တိုင်းရင်းသားအရေးနှင့် တောင်းဆိုချက်များကို အနည်းအငယ်သာဂရုပြုခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ဒါဇင်ပေါင်းများစွာသော EAOအများစုသည် ၎င်းတို့ကိုကိုယ်စားပြုပြီး ကာကွယ်ရန်ကြိုးပမ်းသည့် အသိုင်းအဝိုင်းများကြားတွင် သိသာထင်ရှားသောတရားဝင်မှုကို ရရှိကြသည်။ (Covenant Institute, 2021; Mark, 2022)။ အများစုသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် သစ္စာရှိရှိပါဝင်ဆောင်ရွက်ကြပြီး ၂၀၁၁-၂၀၁၅ကာလအတွင်း တိုင်းရင်းသားလူမျိုးစု အထက်တန်းစားများနှင့် လူမှုအသိုင်းအဝိုင်းများ၏ မကျေနပ်ချက်များကို ဆန္ဒများကိုဖြေရှင်းရန် လွတ်လပ်ရေးရပြီးနောက်ပိုင်း အကောင်းဆုံးအခွင့်အရေးများ ပေးဆောင်လာပုံရသည်။ သို့သော်လည်း လက်တွေ့စမ်းသပ်မှုမှာ နောက်ဆုံးတွင်မအောင်မြင်ခဲ့ပါ သို့မဟုတ် ပိုမိုတိကျစွာ သက်သေပြနိုင်သည်မှာ တပ်မတော်နှင့် NLD အတွင်းရှိ တိုင်းရင်းသားဗမာလူမျိုး သို့မဟုတ် ဗမာအထက်တန်းစားများသည် တိုင်းရင်းသားများ၏တောင်းဆိုချက်များကို အလေးအနက်မထားနိုင် သို့မဟုတ် မလိုလားကြောင်း သက်သေပြခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာ့တပ်မတော်သည် ငြိမ်းချမ်းရေးနှင့်အခြေတည်သော ဒီမိုကရေစီကိုပျက်ပြားစေရန် နောက်ကွယ်မှလုပ်ဆောင်နေပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ကိုယ်စားပြုပါတီသည် ၂၀၂၀ရွေးကောက်ပွဲတွင် အနိုင် ရနိုင်မည်ဟု တွေးခြင်းအပါအဝင် အာဏာသိမ်းမှုအောင်မြင်မည်ဟု ယူဆတွက်ချက်ခြင်းသည် မှားယွင်း

နေခဲ့သည်။ စစ်အာဏာသိမ်းပြီးရက်ပိုင်းအတွင်း သာမန်ပြည်သူအများအပြား လမ်းမပေါ်ထွက်၍ မကြိုစဖူး အရပ်ဘက်မနာခံရေးလှုပ်ရှားမှု (CDM)၊ စစ်အုပ်ချုပ်မှု အဆုံးသတ်ရေး၊ ၂၀၀၈ဖွဲ့စည်းပုံ ဖျက်သိမ်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးတို့ကို တောင်းဆိုခဲ့ကြသည်။ နွေဦးတော်လှန်ရေးသည် မြန်မာနိုင်ငံကို မယုံနိုင်လောက်အောင်ပြောင်းလဲခဲ့သည်။ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုသည် ၂၀၂၀ရွေးကောက်ပွဲရလဒ်ကို ပြန်လည်ရရှိရန် တောင်းဆိုမှုများထက်ကျော်လွန်ပြီး နိုင်ငံတော်ကိုပြန်လည်ဆန်းစစ်ရန်နှင့် မတူကွဲပြားသော လူမှုအုပ်စုများနှင့် ၎င်း၏ဆက်ဆံရေးကိုတောင်းဆိုသည့် အရေးတကြီးနှင့် ရည်မှန်းချက်ကြီးသော အစီအစဉ်ကိုဖော်ဆောင်ရန်တောင်းဆိုမှုများ ကျော်လွန်နေပြီဖြစ်သည်။

ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွင်းပြီးနောက် ထောင်နှင်ချီသော လူငယ်များက ခုခံကာကွယ်မှုကိုစတင်ခဲ့ကြသည်။ စစ်အစိုးရ၏ သွေးထွက်သံယိုဖြိုခွင်းမှုကြောင့် အာဏာသိမ်းမှုကိုဆန့်ကျင်မှုများ ကြီးထွားလာခဲ့သည်။ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း၃၂၀၏ အများစုတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)ပေါ်များထွက်လာပြီး အချို့မှာ NUG နှင့် ပေါင်းစပ်ပြီး အချို့မှာကာလရှည်ကြာတည်ထောင်ထားသည့် EAO များနှင့် လုပ်ဆောင်ခြင်း သို့မဟုတ် အမှီအခိုကင်းစွာလုပ်ကိုင်ခြင်း သို့မဟုတ် အနည်းအကျဉ်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ကိုင်လာကြသည်။

PDF အများစုသည် မြန်မာစစ်တပ်အား အနည်းနှင့်အများရှုံးနိမ့်မည်ဟု (ကျွန်တော်ကိုယ်တိုင်အပါအဝင်)ယူဆနေသော်လည်း ဆန့်ကျင်ဘက်ဖြစ်ပုံရသည်။ နိုင်ငံ၏ နေရာအများအပြားတွင် လက်နက်ကိုင်တပ်ဖွဲ့အများစုသည် လက်နက်တပ်ဆင်မှုများအားနည်းသော်လည်း PDF များသည် စစ်မြေပြင်တွင် သိသာထင်ရှားသော စစ်တပ်အသေအပျောက်များကို ဖြစ်ပေါ်စေခဲ့သည်။ ချင်း၊ ကချင်၊ ကရင်နီနှင့် ကရင်ဒေသများတွင် EAO နှင့် မဟာမိတ် PDF များသည် မြန်မာစစ်တပ်၏ အကြမ်းဖက်ကျူးကျော်မှုများကိုခုခံခဲ့သည်။ စစ်ကိုင်းနှင့် မကွေးတို့တွင်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများ မကြုံစဖူးကျေးရွာများတွင် စစ်အစိုးရနှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ EAO များသည် တွဲဘက်လုပ်ဆောင်ကြပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) ၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တို့နှင့် စစ်ရေးအရပေါင်းစပ်မှု ပိုများလာသည့်အပြင် အခြားEAOများသည် ခံနိုင်ရည်အရှိဆုံးဖြစ်ကြောင်း သက်သေပြခဲ့သည်။

မြန်မာစစ်တပ်သည် ကလေးအများအပြားအပါအဝင် အရပ်သားများကို သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်လုယက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည့်

ဆန္ဒပြပွဲများနှင့်လူထုအုံကြွမှုများကို တုံ့ပြန်ခဲ့သည်။ ၂၀၂၃ခုနှစ် အစောပိုင်းတွင် စစ်အစိုးရ၏ သတ်ဖြတ်မှုကြောင့် အရပ်သား ၃,၀၀၀ကျော် (ကလေး၂၄၃ဦး အပါအဝင်)သေဆုံးခဲ့ရပြီး လူပေါင်း ၁၅,၀၀၀ကျော် ထိန်းသိမ်းခံခဲ့ရသည်။ မြန်မာစစ်တပ်၏ ရာနှင့်ချီသော အရပ်သားများကို လေကြောင်းမှ တိုက်ခိုက်မှု ရလဒ်အပါအဝင် တိုင်းရင်းသားလူမျိုးစုများနေထိုင်သည့် ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် နောက်ထပ်လူအများအပြား အသက်အိုးအိမ်စည်းစိမ်ပျက်ဆီးခြင်း သို့မဟုတ် မလုံခြုံမှု ပြင်းထန်စွာ ခံစားခဲ့ရပါသည်။

၂၀၂၂ခုနှစ် ဇူလိုင်လတွင် KNU၊ KNPP၊ CNF နှင့် NUG ၏ လူသားချင်း စာနာထောက်ထားမှုရေးရာနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမန်ခန့်ခွဲမှုဝန်ကြီးဌာနက အာဏာသိမ်းမှု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်အကဲဖြတ်မှု ပြုလုပ်ခဲ့သည်(ဩဂုတ်လ၊ ၂၀၂၂)။ ဤသည်မှာ တင်းကြပ်သောသတ်မှတ်ရက်တစ်ခုနှင့် ဆန့်ကျင်၍ အလွန်ခက်ခဲသောအခြေအနေများ (စစ်ပွဲဇုန်များ)အောက်တွင် ပြုလုပ်ခဲ့ပါသည်။ အာဏာသိမ်းမှု၏ ကြီးမားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များအကြောင်း တိကျသောကိန်းဂဏန်းများဖော်ပြနိုင်ရန် EAOလိုင်းဌာနများနှင့် ဆက်စပ်CSOများက စစ်တမ်းများကို ဆောင်ရွက်ခဲ့ပါသည်။ အကဲဖြတ်ချက်အရ လူပေါင်း ၁. ၅သန်းကို အတင်းအကျပ်ရွှေ့ပြောင်းခဲ့ရပြီး အနည်းဆုံး ၃,၅၀၀ထက်မနည်း စစ်တပ်နှင့်ပြည်သူ့စစ်များကြောင့် အာဏာသိမ်းပြီးနောက်ပိုင်း သေဆုံးခဲ့ကြောင်း တွေ့ရှိရသည်။ ကရင်ဒေသများတွင် အနည်းဆုံးပြည်တွင်းရွှေ့ပြောင်း နေထိုင်သူများ(IDP)ဦးရေ ၂၅၀,၀၀၀ အနည်းဆုံးရှိခဲ့ပြီး ထိုထက်မကလည်းဖြစ်နိုင်သည်။

မြန်မာနိုင်ငံသူ၊နိုင်ငံသားအများစုသည် ရက်စက်သောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)အစိုးရနှင့် မည်သည့်အချိန်မဆို ပြန်လည်ပေါင်းစည်းနိုင်တော့မည်မဟုတ်ပါ။ ယင်းအစား စိန်ခေါ်မှုနှင့်အခွင့်အလမ်းမှာ ဗမာလူမျိုးအများစုနှင့် တိုင်းရင်းသားနိုင်ငံသားများအကြား ပြန်လည် သင့်မြတ်ရေးအတွက်ဖြစ်သည်။ စစ်တပ်က အာဏာသိမ်းပြီးကတည်းက တိုင်းပြည်၏နိုင်ငံရေးအရှိန် အဟုန် အားကောင်းခဲ့ပါသည်။ "Gen Z"နှင့် မြို့များမှအခြားလူငယ်များသည် ဆယ်စုနှစ်များစွာ အစိုးရဦးဆောင်သော အကြမ်းဖက်မှုများနှင့် အတင်းအကျပ်ဝါးမြိုခြင်းခံစားခဲ့ရသည့် မြန်မာနိုင်ငံမှ တိုင်းရင်းသားအဖွဲ့များနှင့် တစ်သားတည်းဖြစ်ကြောင်းပြသနေပါသည်။ မြန်မာပြည်အသစ် စတင်ပေါ်ပေါက်လာပြီဖြစ်သည်။

အများအပြားအတွက် ၎င်းတို့၏ အာဏာစိုးမိုးသောနယ်မြေ(ရောနှောအုပ်ချုပ်ရေး၏ ကပ်လျက်နယ်မြေများ)တွင် စုစည်းထိန်းချုပ်မှုသည် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာဏာသိမ်းခဲ့သောစစ်အစိုးရကို ဖြုတ်ချခြင်းထက်ပိုအရေးကြီးသည်မဟုတ်ခဲ့သော် တန်းတူ အရေးကြီးပါသည်။

## မိတ်ဖက်များ

၂၀၂၃ခုနှစ်တွင် မြန်မာနိုင်ငံတွင် အဓိကEAOအဖွဲ့၂ဖွဲ့ဖြစ်သည့်(တရုတ်ဩဇာလွှမ်းမိုးမှု ကြီးမားသော) ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) ဦးဆောင်သော ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC ၊၂၀၁၇ခုနှစ်၊ ဧပြီလ ၁၉ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်)နှင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် EAO များ၊ NCA[၆] အပြီး တစ်နှစ်အကြာ၂၀၁၆ခုနှစ်တွင်ဖွဲ့စည်းခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)မှတဆင့် နှုတ်ထွက်ခဲ့ကြသည်။ SACနှင့်နိုင်ငံရေး ဆက်ဆံမှုပြုလိုသော မွန်လက်နက်ကိုင်၏ဆန္ဒအရ ၂၀၂၃ခုနှစ်၊မေလတွင် မွန်ပြည်သစ်ပါတီ (MNSP)သည် PPSTက နုတ်ထွက်ခဲ့ပါသည်။ ထို့ကြောင့် PPSTအတွင်းတွင် လက်နက်ကိုင်အဖွဲ့ငယ်၅ဖွဲ့သာ ကျန်ရှိနေပါသည်။ PPSTသည်(တရားဝင်မဟာမိတ် မဟုတ်သော်လည်း) ညှိနှိုင်းရေးအဖွဲ့ဖြစ်နေစဉ်တွင် FPNCC သည် အဓိကအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အင်အား၏ ၇၅ရာခိုင်နှုန်းခန့်ပါဝင်သည့် နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ရက္ခိုင့်တပ်တော်(AA)၏ ဦးဆောင်မှုဖြင့် FPNCCသည် "ကွန်ဖက်ဒေရေးရှင်းနစ် အစီအစဉ်"ကို လက်ခံကျင့်သုံးခဲ့သည်။ (အောက်တွင် ကြည့်ပါ)။

Bertil Lintnerမှတ်ချက်ချသည့်အတိုင်း "တရုတ်သည် အုပ်စုတစ်ခုလုံးပေါ်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဖွဲ့အပေါ်သော်လည်းကောင်း ဩဇာလွှမ်းမိုးမှုရှိသော်လည်း ၎င်းတို့ကို တရုတ်ရုပ်သေးရုပ်အဖြစ်ရှုမြင်ခြင်းသည် မှားယွင်းနေလိမ့်မည်။" ၎င်းတို့သည် မြန်မာနိုင်ငံတွင်ရှိသော တရုတ်နိုင်ငံအတွက် အသုံးဝင်သောမဟာမိတ်များဖြစ်သည်။ သို့သော် KIOအား တရုတ်ခေါင်းဆောင်များက အနောက်နိုင်ငံများနှင့်နီးစပ်လွန်းသည်ဟု ယူဆကြသည်။ (Lintner ၊၂၀၂၁၊ စာ-၂၀၄)။ သမ္မတရှီကျင့်ဖျင်၏ Belt and Road Initiative (BRI ကို ၂၀၁၃ခုနှစ်တွင်စတင်ခဲ့ပြီး) စီမံကိန်းအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအား အိန္ဒိယသမုဒ္ဒရာ(ဘင်္ဂလားပင်လယ်အော်)သို့ ထွက်ပေါက်ဖန်တီးပေးနိုင်ပြီး မလက္ကာရေလက်ကြား(စင်္ကာပူနိုင်ငံ)၏ မဟာဗျူဟာကျသည့်လမ်းကြောင်းကို ရှောင်တိမ်းနိုင်စေခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာ့စစ်အာဏာရှင်အစိုးရအဆက်ဆက်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အကာအကွယ်ပေးထားသည်။ ဤဆက်ဆံရေးကို များပြားသော သယံဇာတဖလှယ်မှုမှ ကျောထောက်နောက်ခံပြုထားပါသည်။

---

၆။ ၂၀၁၇ခုနှစ်မှစ၍ PPST အဖွဲ့ဝင်လေးဦး (KNU,RCSS,NMSP နှင့် CNF) တို့သည် NCA လက်မှတ်မထိုးထားသည့် အဖွဲ့ ၂ဖွဲ့ (KIO နှင့် KNPP) ဟူ၍ အလွတ်သဘော ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ "ဤပူးပေါင်းဆောင်ရွက်မှု၏ အဓိကရလဒ်များထဲတွင် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ အုပ်ချုပ်သူများအဖွဲ့တစ်ဖွဲ့ကို ရေးဆွဲခြင်းဖြစ်သည်။

(အများစုမှာ)မှောင်ခိုဈေးကွက်သစ်နှင့် အခြားကုန်ပစ္စည်းများသည် မြောက်ဘက်ရှိ တရုတ်နိုင်ငံသို့ စီးဆင်းနေပြီး ၁၉၈၀ခုနှစ်နောက်ပိုင်းနှင့် ၁၉၉၀ခုနှစ်များ အလယ်ပိုင်းတွင် မြန်မာနိုင်ငံမှ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံတန်ဖိုးရှိလက်နက်များကို တရုတ်နိုင်ငံထံမှ တင်သွင်းခဲ့ပါသည်။ (Lintner၊ ၂၀၂၁၊ စာ-၁၉၀)။

တရုတ်နိုင်ငံသည် အာဏာသိမ်းမှုကိုကြိုဆိုခြင်းမရှိသော်လည်း ၎င်းသည် တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် အခြားBRIရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလမ်းဖွင့်ပေးမည်ဆိုပါက SAC ကို မျက်နှာမူရန်ဆန္ဒရှိပုံရသည်။ တရုတ်နိုင်ငံသည် အာဏာရှိသည့်မည်သည့်အစိုးရကိုမဆို ထောက်ပံ့ပေးမည်သာဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ယူနန်ပြည်နယ်တောင်ပိုင်း နယ်နိမိတ်ကြားခံဇုန်ရှိEAOများနှင့် လူ့အသိုင်းအဝိုင်းများသို့ COVID-19တုံ့ပြန်မှု အကူအညီ (တရုတ်ထုတ်လုပ်သော Sinovac ကာကွယ်ဆေးအပါအဝင်) ပံ့ပိုးခြင်းဖြင့် "ကာကွယ်ဆေးသံတမန်ရေးရာ"ကိုစတင်ခဲ့သည်။

မြန်မာနိုင်ငံရှိEAOများကို အနောက်နိုင်ငံများထက် တရုတ်နိုင်ငံက ပိုမိုထောက်ပံ့လေ့ရှိသည်။ မြောက်ပိုင်းရှိ EAOများကို လက်နက်ငယ်များ၊ လမ်းတံတားများနှင့်လျှပ်စစ်မီးများ ထောက်ပံ့ပေးနေသည်။ တချို့အဖွဲ့များ(ဥပမာ-KIA)သည် လက်နက်ကို ကိုယ်တိုင်ထုတ်လုပ်သော်လည်း စစ်ရေးနှင့် အဆောက်အအုံအထောက်အပံ့များကို တရုတ်ထံမှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ရယူကြသည်။ မြောက်ပိုင်းအဖွဲ့အစည်းများက အနောက်နိုင်ငံများ၏ အထောက်အပံ့များနှင့် NGOများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များကို အသိအမှတ်ပြုကြသော်လည်း တရုတ်ကပိုမိုရက်ရောပြီး ပိုမိုအင်အားကြီးသည်ဟု ပြောဆိုကြသည်။

### FPNCC **အဖွဲ့ဝင်များ**

"ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ (UWSA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA)၊ ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP)၊ ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)နှင့် ရက္ခိုင့်တပ်တော် (AA)။

FPNCCသည် KIA၊ AA၊ MNDAAနှင့် TNLAအပါအဝင် တိုင်းရင်းသားမဟာမိတ်-မြန်မာ (NBA)၊ AAနှင့်MNDAAတို့ပါဝင်သော ညီအကိုဂုဖွဲ့ (KIAမပါ)တို့ပါဝင်သည်။

### NCA **လက်မှတ်ထိုးထားသောအဖွဲ့များ** (PPST**အဖွဲ့ဝင်များ**)

၂၀၁၅-ကရင်အမျိုးသားအစည်းအရုံး(KIA)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ(KNLA/PC)၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA)။

၂၀၁၈-မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)။

## **"အောက်ခြေမှတက်လာသော ဖက်ဒရယ်စနစ်" ထွက်ပေါ်လာသော ကွန်ရက်ဖက်ဒရယ်စနစ်**

မြန်မာနိုင်ငံရှိ EAOအများအပြားသည် ယုံကြည်ရလောက်သော နိုင်ငံရေးအစီအစဉ်များကိုရေးဆွဲခဲ့ပြီး ၎င်းတို့၏ ထိန်းချုပ်မှုနယ်ပယ်များတွင်ဝန်ဆောင်မှုများနှင့် အုပ်ချုပ်မှုအာဏာ(တရားမျှတမှုရရှိရေး အပါအဝင်) ကာလကြာရှည်စွာပံ့ပိုးပေးနိုင်မှုကို ပြသခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ ယုံကြည်ရလောက်သောတရားဝင်အစိုးရနှင့် အုပ်ချုပ်မှုပြိုကွဲသွားသဖြင့် EAOအများအပြားသည် အရင်းအမြစ်အလွန်နည်းပါးသော ကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုများကို[၇] ပံ့ပိုးပေးသူများဖြစ်လာခဲ့သည်။

ဥပမာအားဖြင့် EAOများ၏ပညာရေးဌာနများသည် နိုင်ငံတစ်ဝှမ်းရှိ အခြေခံပညာစာသင်ကျောင်းပေါင်း နှစ်ထောင့်ငါးရာနီးပါးကို စီမံခန့်ခွဲလျက်ရှိပါသည်။ အရှေ့တောင်ဒေသများတွင်

---

၇။ အာဏာမသိမ်းမီ EAO၏ အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုများပေးအပ်ခြင်းနှင့်ပက်သက်၍ အပစ်အခတ်ရပ်စဲရေးနှင့် ဖက်ဒရယ် စနစ်အကြား မြန်မာ့ကြားဖြတ်ဆောင်ရွက်မှု သုတေသနစီမံကိန်းကို ကြည့်ပါ။ (South et al၊ ၂၀၀၈)။ ၂၀၂၀ခုနှစ်ကတည်းက EAO ဝန်ဆောင်မှုများနှင့်စီမံခန့်ခွဲခြင်းအပေါ် South ၊၂၀၂၀ကို ကြည့်ပါ။

KNU, MNSPနှင့်KNPPတို့က ဆေးရုံနှင့် ပြည်သူ့ကျန်းမာရေး အသိပညာပေးရေးများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုနှစ်ရာကျော်ကို စီမံခန့်ခွဲကြသည်။ EAOအများအပြားသည် ၎င်းတို့ထိန်းချုပ်နယ်မြေအတွင်း နိုင်ငံတော်အဆင့်ကဲ့သို့(အရင်းအမြစ်နည်းပါးနိုင်သော်လည်း) အုပ်ချုပ်ရေးအာဏာများ တည်ဆောက်နိုင်ကြသည်။ ဤတွင် ယုံကြည်ရသောတရားမျှတမှုရရှိရေးတို့ ပါဝင်သည်။ KNU၊ MNSP၊ KNPP၊ AA၊နှင့် PSLF-TNLA တခြားသော EAOများသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ရုံးချုပ်အဆင့် တရားရုံးများထားရှိသည်။ ၎င်းတို့တွင် အယူခံစနစ်များနှင့် ခိုင်မာသော ဥပဒေပုဒ်မများနှင့်ကျင့်ထုံးဥပဒေများပါ အခိုင်အမာတည်ဆောက်ထားသည်။ EAOများ၏ တရားရေးများသည် ၎င်းလူမှုအဖွဲ့အစည်းအတွင်းအမြစ်တွယ်နေသော ဓလေ့ထုံးတမ်းဥပဒေများ အပေါ်အခြေခံ၍သော်လည်းကောင်း ကျင့်သုံးကြသည်။ ၎င်းတို့သည် အောက်ခြေမှအထက်သို့ ပေါ်ထွက်လာသော ဖက်ဒရယ်စနစ်သစ်ကိုတည်ဆောက်ပေးသည့် အုတ်မြစ်များဖြစ်သည်။[၈]

သဟဇာတဖြစ်ပြီး အချိုးမညီသော ဖက်ဒရယ်စနစ်သည် လက်ရှိအကျပ်အတည်းကြားမှ ထွက်ပေါ်လာသည်။ ထိုသို့သော ပေါ်ပေါက်လာသောစနစ်တခု သို့မဟုတ် ကွန်ရက်ချိတ်ဆက်ထားသော သမဂ္ဂအသစ်သည် ၎င်း၏အစိတ်အပိုင်းများ၏ ပေါင်းစုထားခြင်းထက်ကို ပိုနေမည်ဖြစ်သည်။ ရှုပ်ထွေးသော နိုင်ငံရေးစနစ်၏ အစိတ်အပိုင်းများကိုထိန်းကျောင်းရန် ဤပုံစံတွင် ပြည်ထောင်စုအဆင့်သည် မရှိမဖြစ်လိုအပ်ကြောင်း သတိပြုရန်အရေးကြီးပါသည်။ ထို့အပြင် ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်သည် ကိုယ်စားပြုမှုများ(အချို့ကိစ္စများတွင် ဗီဒိုအာဏာများ) လိုအပ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အထက်အောက်အဖွဲ့အစည်းသည် ပေါ်ထွန်းလာသောစနစ်များ၏ အရေးပါသော လက္ခဏာတစ်ရပ်ဖြစ်ပြီး ပေါ်ပေါက်လာသောဂုဏ်သတ္တိများသည် ဖွဲ့စည်းပုံအခြေခံဥပဒေခွဲစနစ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်ပြီး မည်သည့်အဆင့်တွင်မဆို လေးစားရန်လိုအပ်ပါသည်။

## Confederalism

၂၀၀၉ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ခုနှစ်တွင် ရက္ခိုင်တပ်တော်(AA)သည် မြန်မာနိုင်ငံအနောက်ပိုင်းတွင် အင်အားကြီးEAO ဖြစ်လာခဲ့သည်။"ရက္ခိုတလမ်းစဉ်" သို့မဟုတ် "Arakan Dream ၂၀၂၀" မျှော်မှန်းချက်မြင့်တင်မှုနှင့်အတူ " Confederationist" ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာချဉ်းကပ်မှုကို ကျင့်သုံးခြင်းဖြင့် ကြီးမားသောအပြောင်းအလဲတစ်ခု

---

၈။ John Holland သည် "ကောင်းစွာတည်ဆောက်ထားသော အုပ်မြစ်ကျောက်များ"သည် သို့မဟုတ် "ကြားခံ" ပေါ်ပေါက်လာသောစနစ်များ (၂၀၀၄၊ စာ-၃၁၊ စာ-၅၄)၏ အဓိကအစိတ်အပိုင်းများဖြစ်ကြောင်း မှတ်သားထားပါသည်။ စစ်အစိုးရတပ်များသည် ကျောင်းများကို တိုက်ရိုက်ပစ်မှတ်ထားပြီး ကလေးများကို သတ်ဖြတ်လေ့ရှိသည့် မြန်မာနိုင်ငံ၏ ပညာရေးအတွက် စိန်ခေါ်မှုရှိနိုင်သည်။ (Amnesty International၊ ၂၀၂၂ က၊ ၂၀၂၂ ခ)

ဖြစ်လာခဲ့သည်။မြန်မာ့နိုင်ငံရေးတွင် AAသည် ရခိုင်ပြည်၏သမိုင်းကြောင်းအရ လွတ်လပ်ရေးကို အခြေခံ၍ မြန်မာနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်မြင့်မားစေရန် မျှော်မှန်းထားသည်။ လက်တွေ့တွင် ၎င်းသည် ၁၉၈၉ခုနှစ်အပစ်အခတ်ရပ်စဲပြီးနောက် UWSA မှရရှိခဲ့သော လက်တွေ့ကျသော(de fecto)လွတ်လပ်ရေးနှင့် ဆင်တူနိုင်သည်။[၉] နိုင်ငံတော်၏စည်းလုံး ညီညွတ်မှုကိုထိန်းသိမ်းစောင့်ရှောက်ရန် ခိုင်မာသောကတိကဝတ်ပြုထားသောကြောင့် ယင်းသည် မြန်မာ့တပ်မတော်နှင့် အဆင်မပြေပေ။

၂၀၂၂ခုနှစ်၊ ဩဂုတ်လတွင် AAသည် ခရိုင်တရားရုံးများကိုတည်ထောင်ခဲ့ပြီး ၎င်း၏ ထိန်းချုပ်နယ်မြေများတွင် လစာပေးတရားသူကြီးများ ခန့်အပ်ထားခဲ့သည်။ ထိုအချိန်တွင် ညီညွတ်သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ULA/AA၏ နိုင်ငံရေးအဖွဲ့)သည် ရခိုင်ပြည်နယ်အဆင့် ဆယ့်ခုနှစ်မြို့တွင် အုပ်ချုပ်ရေးအာဏာပိုင်အချို့ကို ထူထောင်ခဲ့သည်။

## တကျော့ပြန် သူပုန်အုပ်စိုးရှင်များ

ကိုယ်ကျိုးစီးပွားအတွက်သာ စိတ်အားထက်သန်သောစစ်ဘုရင်များဖြင့် သီးသန့်ဖွဲ့စည်း ထားခြင်းမှဝေးကွာသော မြန်မာနိုင်ငံEAOအများအပြားသည် ယုံကြည်ရလောက်သောနိုင်ငံရေး အစီအစဉ်များကိုရေးဆွဲခဲ့ကြပြီး ၎င်းတို့၏ထိန်းချုပ်မှုထားသောဒေသများတွင် ဝန်ဆောင်မှုအာဏာ (တရားမျှတမှုရရှိနိုင်ငံရေး အပါအဝင်) ကာလကြာရှည်စွာ ပံ့ပိုးမှုကိုပြသခဲ့ကြသည်။ အစိုးရနှင့် EAO အာဏာပိုင်တို့အတူရှိနေသည့် "ပေါင်းစပ်အုပ်ချုပ်ရေး"၏ မြန်မာအခြေအနေတွင် ယှဉ်ပြိုင်နေသော အချုပ်အခြာအာဏာနှင့် အုပ်ချုပ်သူများကြားတွင် နိုင်ငံရေးတရားဝင်မှုကိုပြိုင်ဆိုင်ခြင်း သို့မဟုတ် ယောင်ဝါးစေပြီး အားနည်းနေပါသည်။[၁၀] ဥပမာအားဖြင့် ပဋိပက္ခဒဏ်ခံရပ်ရွာများစွာအတွက်

---

၉။ ၂၀၂၂ခုနှစ်၊ မေလနှောင်းပိုင်းတွင် UWSAသည် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံရန် အခြားသော ပစ်ရပ်အဖွဲ့များထဲတွင် ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့သည် နိုင်ငံရေးအရ စေ့စပ် ညှိနှိုင်းမှုများပြုလုပ်ရန် တောင်းဆိုသည့် ပြင်းထန်သောကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး "ဝ"သည် အာဏာသိမ်းမှုတွင် ငြင်းခုံခြင်းတွင် ပါဝင်မည်မဟုတ်ကြောင်း ရှင်းလင်းစွာထုတ်ပြန်ခဲ့သည်။ UWSAက ပြည်ထောင်စု မြန်မာနိုင်ငံမှ ထွက်ခွာမည်မဟုတ်ကြောင်း ကြေငြာခဲ့ပြီး "နိုင်ငံတော်ကာကွယ်ရေးနှင့် သံတမန်ရေးရာအရ ကျွန်ုပ်တို့ ကိုယ်တိုင်စီမံခန့်ခွဲမည်"ဟု ရှင်းလင်းစွာ ပြောကြားခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ဝ"ပြည်ထူထောင်ရန် တောင်းဆိုခဲ့သည်။

၁၀။Roger Mac Ginty နှင့်Oliver Richmond တို့သည် "မျိုးစပ်နိုင်ငံရေးအမိန့်များ တည်ဆောက်ခြင်း၏ မှားယွင်းမှု" ကို သတိပေးသည်။ ထိုသို့သော ရောနှောထားသည့် အစိုးရများသည် ပြည်တွင်းတွင် ပိုင်ဆိုင်ပြီးတည်ဆောက်မှသာ ရေရှည်တည်တံ့နိုင်သည်။"မျိုးစပ်ခြင်းသည် အများစုတွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေတစ်ခုဖြစ်သည်။ လူ့အဖွဲ့ အစည်းတစ်ခုအတွင်း ပါဝါရင်းမြစ်များစွာကို ပြိုင်ဆိုင်မှု၊ ပေါင်းစည်းမှု၊ အချင်းချင်းစိမ့်ဝင်ကာ အတုခိုးမှု၊ လွှမ်းမိုးချုပ်ကိုင် နိုင်သော်လည်း မကြာခဏဆိုသလို မမျှော်လင့်ထားသည့် နည်းလမ်းများဖြင့် လုပ်ဆောင်ကြသည်။ ရောနှောခြင်းသည် ဓာတ်ခွဲခန်းတွင်ဖန်တီးပြီး သပ်ရပ်သောစက်ရုံထုတ်ပိုးမှုဖြင့် ထုတ်ပိုးနိုင်သည့် အခြေအနေမဟုတ်ပေ။ (Mac Ginty & Richmond၊ ၂၀၁၆၊ စာ-၂)

KNLA (ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်KNU၏ လက်နက်ကိုင်အဖွဲ့)သည် မြန်မာ့တပ်မတော်၏ဖျက်ဆီးမှုမှ အကာအကွယ်ပေးထားသည်။ KNUသည် ဒေသဆိုင်ရာ စိုက်ပျိုးရေးအခွန်အခများ၊ ကုန်သွယ်ရေးဂိတ်များနှင့် စစ်ဆေးရေးဂိတ်များတွင် အခွန်ကောက်ခံခြင်း၊ (ဒေသပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်း ရွေးချယ်ခွင့်များအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုများရှိတတ်သော) သစ်ခုတ်ခြင်းနှင့်သတ္တုထုတ်ဖော်ခြင်းဆိုင်ရာ အခွန်ကောက်ခံခြင်းနှင့် အရပ်သားအသိုင်းအဝိုင်းများ၏ "တော်လှန်ရေး အလှူငွေများ"တို့မှ ဝင်ငွေရရှိတတ်ပါသည်။[၁၁] KNUသည် မြေယာဥပဒေများနှင့်အရပ်ဘက်နှင့် ရာဇဝတ်မှု(စုန်းအတတ်)ဆိုင်ရာ(အမြဲတမ်း စနစ်တကျ အကောင်အထည်မဖော်ပါက) အတော်အတန်စနစ်ကျသော တရားမျှတသော အပါအဝင် အရေးပါသောဥပဒေနှင့် မူဝါဒဆိုင်ရာကိရိယာများကို KNUမှတီထွင်ခဲ့သည်။ ထို့ကြောင့် KNUနှင့် အခြားသော EAOများသည် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းများစွာပါဝင်နေသည်။

နိုင်ငံတော်ဗဟိုပြု အချုပ်အခြာအာဏာနှင့်ဆိုင်သော အယူအဆများကို ကရင်ပြည်နယ် မြောက်ပိုင်းသံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကဲ့သို့ ဌာနေတိုင်းရင်းသားတို့၏ အယူအဆများနှင့် အလေ့အထများဖြင့်ဖြည့်စွက်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းဖြစ်စေပါသည်။(ဇယားတွင် ကြည့်ပါ)။ Tomas Cole (၂၀၂၁)၏ စာတမ်းသည် နတ်ကိုးကွယ်ယုံကြည်မှုဓလေ့၏ ဘိုးဘေးဝိညာဉ်တို့ပိုင်ဆိုင်သော မြေယာများနှင့်တောတောင်ရှုခင်းများကိုအခြေခံ၍ မြောက်ပိုင်းကရင်တောင်တန်းများရှိ အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုင်ရာ ယုံကြည်မှုများစသည်တို့ကို ထည့်သွင်းရေးသားထားသော စိတ်ဝင်စားဖွယ်စာတမ်းဖြစ်သည်။

(၂၀၁၁၊ စာ-၂၇)တွင် အခွင့်အာဏာနှင့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစိုးရမဟုတ်သော ပါဝင်သူများထပ်နေသည့် "အကန့်အသတ်ရှိသောနိုင်ငံတော်အာဏာ"နှင့် ပေါင်းစပ်အချုပ်အခြာအာဏာ သို့မဟုတ် ပေါင်းစပ်အုပ်ချုပ်မှုနယ်ပယ်များကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ရန်နှင့် ပံ့ပိုးပေးရန် တောင်းဆိုထားပါသည်။ ၎င်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကိုပံ့ပိုးပေးသည့် နည်းလမ်းတစ်ရပ်အဖြစ်မြင်ပါသည်။ ဤအဆိုသည် EAOများ အုပ်ချုပ်မှုအာဏာကျင့်သုံးသည့် မြန်မာနိုင်ငံရှိ "ကန့်သတ်ထားသော နိုင်ငံတော်အာဏာ" နယ်မြေများနှင့် ကိုက်ညီနေပါသည်။ အပစ်အခတ်ရပ်အဖွဲ့များကိစ္စတွင် Annika Pohl Harrisonနှင့်Helene Kyed (၂၀၀၉) ("Kevin Woods၏ ပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်"

---

၁၁။နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ ကရင်ရွာသားများသည် KNU မှ အခွန်ကောက်ခံခြင်းမှာ အလွန်အမင်း ကြီးကြီးမားမားမဟုတ်ကြောင်းနှင့် ယေဘုယျအားဖြင့် ခန့်မှန်းနိုင်သည်။ အရပ်သားလူထုထံမှ အရင်းအမြစ်များကို မြန်မာ့တပ်မတော်မှ ရက်စက်ကြမ်းကြုတ်စွာ ထုတ်ယူသည့်ပုံစံနှင့်မတူဘဲ ယေဘုယျအားဖြင့် ခန့်မှန်းနိုင်သည်ဟု ကရင်ရွာသားများက စာရေးသူကို မကြာခဏပြောခဲ့သည်။

(၂၀၁၁)နှင့် သဘောတရားခြင်းတူညီသောစာပေးများ) တို့သည် "အပစ်အခတ်ရပ်စဲရေးဆိုင်ရာဖော်ဆောင်မှု"ကို EAO၏ တရားမျှတမှုရရှိနိုင်ရေးရှုထောင့်မှ NMSPနှင့်KNUတို့အား သုံးသပ်ထားပါသည်။ ယင်းကိစ္စရပ်နှစ်ခုစလုံးတွင် EAO၏တရားစီရင်ရေးစနစ်များသည် ဗဟိုအစိုးရထက်ပြည်တွင်း၌ ပိုမိုယုံကြည်ရကြောင်းတွေ့ရှိရသည်။ Kyedနှင့် Everyday Justice in Myanmar (၂၀၂၀)စာစဉ်တွင်ပါဝင်သော တခြားစာရေးသူများက ဒေသအလိုက်သော်လည်းကောင်း ပုံမှန်မဟုတ်သောဖြေရှင်းနည်းများနှင့် ဓလေ့ထုံးတမ်းအလွတ်သဘော အငြင်းပွားမှုယန္တရားများနှင့် (အချို့)ယုံကြည်ရသောEAOတရားစီရေးစနစ်များ၏ အခန်းကဏ္ဍအပါအဝင် မြန်မာနိုင်ငံရှိ တရားစီရင်ရေးစနစ်များနှင့် ယဉ်ကျေးမှုများ၏အသာရမှုနှင့် ရှုပ်ထွေးမှုများကိုထောက်ပြသည်။ သို့သော်လည်း EAOတရားစီရေးစနစ်များအပါအဝင် ဝင်ရောက်မှုနှင့်ပါဝင်မှုဆိုင်ရာပြဿနာများ ကျန်ရှိနေဆဲဖြစ်သည်။[၁၂]

နိုင်ငံတော်အုပ်ချုပ်ရေးများကဲ့သို့ပင် မြန်မာ့EAOများတွင် ပုဂ္ဂလိက(တစ်ဦးချင်းနှင့် မျိုးနွယ်စုအခြေခံကွန်ရက်) စီးပွားရေးမက်လုံးများ(လောဘအကြောင်းအရင်းများ)နှင့် ဆယ်စုနှစ်များစွာကြာ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေး မကျေနပ်ချက်များ ရောနှောနေပါသည်။ David Brenner (၂၀၁၉)မှ ဆွေးနွေးခဲ့သည့်အတိုင်း ဂိုဏ်းဂဏစွဲများပင်လျှင် သိသာထင်ရှားသောအတွင်းပိုင်းကွဲပြားမှုများရှိနေသည်။ ပညာရှင်များနှင့် ပညာရပ်ဆိုင်ရာစာပေများသည် EAOများကို တစ်သားတည်း သို့မဟုတ် ပုံစံတူများဖြစ်သည်ဟု ဖော်ပြလေ့ရှိသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် "Black Box" အတွင်း ရှာဖွေရန်ခက်ခဲနေသော်လည်း EAOများနှင့် အခြားသောကွန်ရက်များအကြားတွင် ပါဝင်သက်ဆိုင်သူများသည် ရာထူးအနေအထားများ၊ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်မှားနှင့် သင်္ကေတအရင်းအမြစ်များ (Symbolic Resources)များရရှိရန် ဝိသေသလက္ခဏာအခြေခံသော နိုင်ငံရေး၊ စီးပွားရေး အစီအစဉ်များမှသော်လည်းကောင်း၊ အခြားအတွေးအခေါ်များမှ တဆင့်သော်လည်းကောင်း စိန်ခေါ်လေ့ရှိသည်။ အာဏာပိုင်များသည် နိုင်ငံရေးတာဝန်များထမ်းဆောင်ရာတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ခက်ခဲပြီးကြမ်းတမ်းသောရုန်းကန်မှုများကို သစ္စာရှိရှိစွမ်းဆောင်ရင်း ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုမြှင့်တင်ကာ မိသားစုနှင့်မိတ်ဆွေများကို စောက်ရှောက်လေ့ရှိကြသည်။ ဤလက္ခဏာရပ်များသည် EAOများကြားတွင်မကဘဲ အရှေ့တောင်အာရှ၏အုပ်ချုပ်ရေးနယ်ပယ်

၁၂။Ja Htoi Pan Maran (deputy minister for education in the NUG) and Mandy Sadan (2021)တို့သည် Pat Jasan မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လှုပ်ရှားမှုတွင် ပြည်နယ် (Baptist အများအားဖြင့် ဘုရားကျောင်းများ)နှင့် KIOတို့မှ မျှဝေပြီး ပြိုင်ဆိုင်နေကြသည့် အစိတ်စိတ်အမွှာမွှာကွဲနေသော အချုပ်အခြာအာဏာ၏ ထိုနေရာများအား လမ်းပြခြင်းကို ကြားခံဆောင်ရွက်ပေးသော ဥပဒေပွဲစားများ၏ အခန်းကဏ္ဍအပါအဝင် ဥပဒေရေးရာဗဟုဝါဒကို ဆန်းစစ်တင်ပြခဲ့သည်။ ( Ja Htoi Pan Maran နှင့် Mandy Sadan၊ ၂၀၂၁)

တော်တော်များများတွင်လည်းတွေ့ရှိရသည့် အငြင်းပွားဖွယ်ကိစ္စရပ်ဖြစ်သည်။

လူသိများသော EAOအုပ်ချုပ်ရေးများမှာ အရှေ့တောင်ဘက်မှKNUနှင့်MNSP တို့အပါအဝင် မြောက်ဘက်မှ KIOတို့ပါဝင်သည်။ တစ်ချိန်တည်းတွင် UWSAသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကိုတင်ပို့သည့် ခဲမဖြူအမြောက်အများနှင့် ကမ္ဘာလုံးနေရာအနှံ့ပို့ဆောင်သော မက်သာဖက်တမင်းလုပ်ငန်းတို့မှ ရရှိသည့်ရန်ပုံငွေဖြင့် အတော်အတန်ခေတ်မီပြီး ကျယ်ပြန့်လာသောအုပ်ချုပ်ရေးကို ထူထောင်ထားသည်။ Bertil Lintner (၂၀၂၁၊ စာ-၁၄၇)တွင် ဖော်ပြထားသည့်အတိုင်း ၎င်းတွင် (၁၉၈၉ခုနှစ်တွင် စာသင်ကျောင်း၂၀ရှိရာမှ) ယခုတွင် ကျောင်းပေါင်း ၄၀၀ကျော်နှင့် ဆေးရုံနှစ်ဆယ်ခြောက်ခု ထူထောင်ထားနိုင်သည်။

ရှမ်းပြည်နယ် အနောက်မြောက်ပိုင်း၏ ရွှေလီလမ်းအနောက်ဘက်တောင်ကုန်းများတွင် ၂၀၁၆-၂၀၁၈မှစပြီး တအာင်းလက်နက်ကိုင်နှင့် နိုင်ငံရေးအရပ်ဘက်အမျိုးသားရေးလှုပ်ရှားမှုများ တကျော့ပြန်ပေါ်လာသည်။ ၎င်း၏သိသာထင်ရှားသော စစ်ရေးစွမ်းရည်များအပြင် ၂၀၂၂ခုနှစ်တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA၏နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍ) သည် အရပ်သားလိုင်းဌာန၆ခုကို တပ်စွဲခဲ့သည်။ တက်ကြွသောTNLA ခေါင်းဆောင်များသည် အရပ်ဘက်အဖွဲ့အစည်းများကိုစည်းရုံးပြီး တအာင်းဘာသာစကား ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစပျိုးမှုများကိုပံ့ပိုးကူညီရာတွင်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ PSLF/TNLA၏ ခြောက်ဆယ်နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထုတ်ပြန်ချက်တစ်ရပ်အရ - လက်ရှိ PSLF/TNLA၏ ရည်ရွယ်ချက်မှာ တအာင်းပြည်နယ်ထူထောင်ရေး ဖြစ်သည်။ တိုင်းရင်းသား လူမျိုးများအနေဖြင့် လူမျိုးအဆင့်အတန်းကိုမြှင့်တင်ရန် အခွင့်အရေးရှိသည်။ ၎င်းသည် တိုင်းရင်းသား အားလုံး၏ အခွင့်အရေးဖြစ်သည်။(PSLF/TNLA၊ ၂၀၂၃)။

PSLF/TNLA၏ နယ်မြေထိန်းချုပ်မှုနှင့် အုပ်ချုပ်ရေးနယ်မြေတိုးချဲ့ခြင်းသည် ဒေသခံများနှင့် KIOတို့အပါအဝင်မြေပြင်ပေါ်တွင် တင်းမာမှုတစ်ချို့ဖြစ်စေပါသည်။ ဤအချက်သည် EAOများအကြား ဆွေးနွေးညှိနှိုင်းမှုသည် အရေးကြီးကြောင်းပြသနေသည်။ အထူးသဖြင့် "လူနည်းစု အတွင်းမှ လူနည်းစုများ"၏ ထိခိုက်ရှလွယ်မှုအခြေအနေနှင့်ဆက်စပ်၍လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။(အောက်တွင်ကြည့်ရန်)။ အကယ်၍ EAOများသည် ၎င်းတို့၏ အုပ်ချုပ်စီမံရေး အာဏာအတွက်ယုံကြည်ကြောင်းပြသလိုလျှင် အထက်ပါပြဿနာများသည် အရေးပေါ်ဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်သည်။

ဤနေရာတွင် လေ့လာထားသည့် EAOအုပ်ချုပ်မှုဆိုင်ရာမေးခွန်းများသည် Zachariah Mampilly၏ "သူပုန်အုပ်ချုပ်မှု"အယူအဆ - လက်နက်ကိုင်အဖွဲ့များ၏ စစ်ပြီးခေတ်အုပ်ချုပ်မှုနှင့် ဆက်နွယ်နေသော လက်နက်ကိုင်ပဋိပက္ခအခြေအနေများကို ကိုးကား၍သုံးသပ်နိုင်သည်။

(Mampilly၊ ၂၀၁၁၊ South & Joll ကိုလည်း ကြည့်ပါ)။ သူပုန်အုပ်ချုပ်ရေးကို လေ့လာခြင်းကို ကိုယ်ကျိုးအတွက်သာ အဓိကအားဖြင့်စိတ်အားထက်သန်သော ရာဇဝတ်မှုနှင့်အကြမ်းဖက်အဖွဲ့များသာ ဖြစ်သည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအကြောင်း စာပေအများစုတွင် အလေးပေးထားသည်ကိုတည့်မတ်စေရန် အသုံးဝင်ပါသည်။ Mampilly(၂၀၁၁၊ စာ-၃၇)တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြားတွင် "နိုင်ငံတော်မဟုတ်သော"အခွင့်အာဏာကို တရားဝင်ဖြစ်စေရန်ခက်ခဲသောကြောင့် သူပုန်အစိုးရသည် နိုင်ငံနှင့်တူသောအဆင့်ကိုရရှိရန် လုပ်ရိုးလုပ်စဉ်လမ်းကြောင်းအတိုင်းသွားရန်လိုအပ်ချက်ကို ငြင်းဆိုထားပါသည်။ ၎င်းအနေဖြင့် လူမှုရေး၊ နိုင်ငံရေး တရားဝင်မှုဆိုင်ရာပြဿနာများသည် နိုင်ငံတကာတိုင်းပြည်များစနစ်တွင် အစိုးရမဟုတ်သော အခန်းကဏ္ဍမှပါဝင်နေသူများကို မေးခွန်းများမှ "တိကျသော သူပုန်အဖွဲ့အစည်းကို လက်ခံနိုင်စေရန်" အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများပေးအပ်ခြင်းဆိုင်ရာ အစိတ်အပိုင်းများပံ့ပိုးပေးရန် စိတ်အားထက်သန်ပါသည်ဟုမှတ်ချက်ပြုထားသည်။ သို့သော်လည်း အတွင်းကျကျလေ့လာပါက သူပုန်များ၏အုပ်ချုပ်မှုတာဝန်တစ်ရပ်အဖြစ် ဝန်ဆောင်မှုပေးမှုကိုအသိအမှတ်ပြုခြင်း၊ တွဲဖက်တိုင်းရင်းသားအရပ်သားများနှင့် စည်းလုံးညီညွတ်မှုရှိသော လုပ်ရပ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံရှိ EAOအများအပြားတွင် တစ်ပိုင်းတစ်ဝက်အာဏာရှိမှုနှင့်ပက်သက်၍ ယုံကြည်ရလောက်သောသက်သေပြမှုများကို ပညာရေးပံ့ပိုးမှုဖြင့် သရုပ်ပြပါသည်။

## တိုင်းရင်းသားပညာရေးစနစ်များ[၁၃]

မြန်မာနိုင်ငံနှင့် (အခြားတိုင်းရင်းသားပေါင်းစုံ) အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသော နိုင်ငံများတွင် တိုင်းရင်းသားပညာရေးသည် အရေးကြီးရခြင်း၏အဓိကအကြောင်းအရင်းနှစ်ရပ် -

» ပညာရေးဆိုင်ရာအကျိုးကျေးဇူးများ - အိမ်တွင်မပြောတတ်သည့် ဘာသာစကားဖြင့် အတင်းအကြပ်သူသင်ယူနေရသော ကလေးများသည် ပညာရေးတွင် အကျိုးယုတ်လျော့မှု ရှိနေပါသည်။ဒေသန္တရဘာသာစကားအခြေခံပညာရေး (မိခင်ဘာသာစကား) တက်မြောက်လာစေရန် အထောက်အကူဖြစ်စေသည်။ ၎င်းကို Mother Tongue Based Multilingual Education (MTB-MLE) အဖြစ် ရည်ညွှန်းပါသည်။ ဤချဉ်းကပ်မှုသည် နိုင်ငံတော်ဘာသာစကားမတတ်သော ကလေးများအတွက် ကျောင်းတွင်းတရားမျှတသော အခွင့်အရေးများရရှိစေရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု နိုင်ငံတကာတွင်အသိအမှတ်ပြုထားပါသည်။

---

၁၃။အောက်ပါအပိုင်းများကို South, Stenning & Schroeder (2023)မှ ကောက်နုတ်ထားပါသည်။

လူနည်းစုဘာသာစကားအသိုင်းအဝိုင်းမှ ကလေးများကိုသင်ကြားရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ကမ္ဘာတစ်ဝှမ်းရှိအထောက်အထားများကဖော်ပြသည်။

» နိုင်ငံရေးအကျိုးအမြတ် - တိုင်းရင်းသားပညာရေးသည် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံရှိ လူမျိုးရေးပဋိပက္ခများကိုဖြစ်ပေါ်စေသည့် အဓိကမကျေနပ်ချက်တစ်ခုမှာ အစိုးရစနစ်အတွင်း လူနည်းစုတိုင်းရင်းသားများ၏ဝိသေသလက္ခဏာကို လျစ်လျူရှုခြင်းနှင့် လူမျိုးစုအသိုက်အဝန်းများအကြားတွင် ပစ်ပယ်ခြင်းအတွေ့အကြုံများ၊ ဗမာလူမျိုးစုယဉ်ကျေးမှုနှင့် ဘာသာစကား (ဗမာလူမျိုးကြီးဝါဒ)နှင့်ပက်သက်သည့် အတွေ့အကြုံများဖြစ်သည်။ ဤအကြောင်းများကြောင့် တိုင်းရင်းသားလူမျိုးစုအများအပြားသည် အမျိုးသားပညာရေးစနစ်အားဝါးမျိုရန် လက်နက်တစ်ခုအဖြစ်မှတ်ယူကြသည်။ ပညာရေးသည် “ပဋိပက္ခ၏မောင်းနှင်အား”အဖြစ် ရှုမြင်ခြင်းခံခဲ့ရသည်။

၁၉၆၀ခုနှစ်များမှစ၍ ဗမာလူမျိုးအများစုကြီးစိုးသော ဗဟိုချုပ်ကိုင်မှု၊ စစ်ရေးအရပြည်နယ်အတွင်း လူနည်းစုဘာသာစကားများကိုနှိပ်ကွပ်ခြင်းသည် လူမျိုးရေးပဋိပက္ခ၏အဓိကမကျေနပ်ချက်များထဲမှ တစ်ခုဖြစ်သည်။ ယင်းအတွက်ကြောင့် ကျေးလတ်ဒေသများတွင် ပညာသင်ကြားခွင့်နည်းပါးခြင်းနှင့် KNUနှင့် အခြား EAOများသည် လူနည်းစုဘာသာစကားနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြန့်ပွားစေရန်အတွက် သီးခြားပညာရေးစနစ်များကိုတီထွင်ခဲ့ကြသည်။ အဆိုပါအစားထိုးပညာရေးကဏ္ဍတွင် အချို့သောအရပ်ဘက်အဖွဲ့အစည်းများအထူးသဖြင့် ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီများမှပံ့ပိုးကြပြီး အချို့မှာ EAOများမှဖွဲ့စည်းထားခြင်းဖြစ်သည်။

EAO စနစ်တော်တော်များများကို ၁၉၇၀ခုနှစ်များတွင် စံပြုခဲ့သည်။ ၁၉၈၀ခုနှစ်များမှစ၍ အထူးသဖြင့် ကရင်၊ မွန်နှင့် ကချင်ဒေသများတွင် ကျယ်ပြန့်လာခဲ့သည်။ အာဏာသိမ်းမှုမတိုင်မီတွင် KNU ၏ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (KECD)သည် ကျောင်းပေါင်း ၁၅၀၀ကျော်ကို ပံ့ပိုးပေးခဲ့ပြီး တစ်ဝက်ခန့်ကို ရပ်ရွာကစီမံခန့်ခွဲပြီး တစ်ဝက်ခန့်ကို KECDမှ တိုက်ရိုက်လည်ပတ်ခဲ့သည်။ ရပ်ရွာအုပ်ချုပ်မှုအများအပြားနှင့် အချို့သော KECDကျောင်းများသည်လည်း အစိုးရ (ရောနှောကျောင်းများ)မှ ပံ့ပိုးကူညီမှုများလည်း ရရှိကြသည်။ ထို့အပြင် ခရစ်ယာန်သာသနာပြုကျောင်းများ ဒါဇင်နှင့်ချီရှိပြီး အချို့မှာ KECDနှင့် ချိတ်ဆက်ထားသော အထက်တန်းပညာရေးအတတ်သင်ကျောင်းများစွာရှိသည်။

တိုင်းရင်းသားအခြေခံပညာရေးပံ့ပိုးပေးသူ(EBEP)များသည် လက္ခဏာရပ်များအားဖြင့်

ကွဲပြားခြားနားကြသည်။ အာဏာသိမ်းမှုမတိုင်မီတွင် EAOပညာရေးဌာနများမှ တိုက်ရိုက်အုပ်ချုပ်သည့် ကျောင်းများ သို့မဟုတ် ရောနှောပေါင်းစပ်ထားသော(ရပ်ရွာလူထုမှ လည်ပတ်သည့်) ကျောင်းများ အပါအဝင် ပညာရေးဝန်ကြီးဌာနနှင့် (EBEPများ) ပေါင်းစပ်ပညာရေးဝန်ဆောင်မှုပေးခြင်းအားဖြင့် အနည်းဆုံးကလေး ၃၀၀,၀၀၀ကို တိုင်းရင်းသားအခြေခံပညာပေးသူ (EBEPများ)ကဝန်ဆောင်မှု ပေးနိုင်ခဲ့သည်။ ကရင်၊ မွန်၊ ကချင်၊ ချင်း၊ ရှမ်း၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် EAO လက်အောက်ခံကျောင်းများရှိသည်။ EBEPအများစုသည် မိခင်ဘာသာစကားအခြေခံ(သို့မဟုတ် ဘာသာစကားမျိုးစုံပညာရေး MTB)သင်ကြားနည်းစနစ်များကို ကလေးဗဟိုပြုနည်းစနစ်များဖြင့် အသုံးပြုသည်။ ရန်ပုံငွေအချို့ကို နိုင်ငံတကာအလှူရှင်များကပံ့ပိုးသော်လည်း လူမှုအသိုင်းအဝိုင်းများက အများအားဖြင့်ပံ့ပိုးပေးသည်။ ဆရာ၊ဆရာမများသည် မကြာခဏထောက်ပံ့ကြေးများ ရရှိသော်လည်း အခြေခံအားဖြင့် စေတနာ့ဝန်ထမ်းများဖြစ်ကြသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် EBEP (EAO ပညာရေးဌာန)ကျောင်းများသည် နိုင်ငံအတွင်း တစ်ခုတည်းသောအခြေခံပညာရေးဝန်ဆောင်မှု ပေးသူများဖြစ်သည်။

**အဓိက EBEPများ:**[၁၄]

Karenni State Consultative Council (KSCC) Education Committee

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျောင်း ၂၈၀၊ ကျောင်းသား ၃၁၇၃၅ဦး

Karenni Education Deparment -KNPP

- ၁၈၂ကျောင်း၊ ကျောင်းသား ၂၈၃၃၂ဦး
- MTB-MLE သင်ရိုးညွှန်းတမ်း

Karen Education and Culture Deparment (KEDC)-KNU Education Deparment (also in some DKBA areas)

- ကျောင်းပေါင်း ၁,၂၀၀ကျောင်း၊ ဆရာမ ၁၁,၄၄၅ဦး၊ ကျောင်းသား ၁၆၄,၈၇၄ဦး
- MTB-MLE သင်ရိုးညွှန်းတမ်း

Mon National Education Committee (MNEC)-NMSP education deparment

- ကျောင်းပေါင်း ၁၅၄ကျောင်း၊ ဆရာမ ၆၈၆ဦး၊ ကျောင်းသား ၁၀,၃၂၄ဦး
- MTB-MLE သင်ရိုးညွှန်းတမ်း

၁၄။အခြားသော အရေးပါသော တိုင်းရင်းသားပညာရေး ပံ့ပိုးသူများတွင် ကချင်ဘုရားကျောင်းအခြေပြုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် Kaw Dai အလယ်ပိုင်း (ရှမ်း) စနစ်များ ပါဝင်သည်။

RCSS Education Commission (RCSS-EC)

- ရှမ်းမြောက်ပိုင်းတွင် ရောနှောကျောင်းအပါအဝင်ကျောင်းပေါင်း၃၅၀၊ ကျောင်းသား ၁၁,၀၀၀ဦး
- သင်ရိုးပြန်လည်စီစစ်နေဆဲ

KIO Education Department (KIO ED)

- ကျောင်းပေါင်း၁၉၅ကျောင်း (အထက်တန်းကျောင်း ၁၀ကျောင်း)၊ ကျောင်းသားပေါင်း ၃၀,၅၅၆ဦး
- သင်ရိုးပြန်လည်စီစစ်နေဆဲ

Ta'ang National Education Committee

- မူလတန်းကျောင်းပေါင်း ၃၃၈ကျောင်း၊ အလယ်တန်းကျောင်းပေါင်း ၇၂ကျောင်း၊ အထက်တန်းကျောင်းပေါင်း ၁၁ကျောင်း (အချို့သော မူလတန်းကျောင်းနှင့် အထက်တန်းကျောင်းအချို့မှာရောနှောကျောင်းများဖြစ်ပြီး အာဏာသိမ်းချိန်မတိုင်ခင် အစိုးရလက်အောက်ကျောင်းများဖြစ်သည်) ကျောင်းသူကျောင်းသားပေါင်း ၁၀၀,၀၀၀ဦးအထိရှိသည်။
- တအာင်းနှင့်ဗမာဘာသာစကားများ၊ အချို့ဒေသခံသင်ရိုးညွှန်းတမ်းများ (အခြားသောလူနည်းစုအဖွဲ့များအတွက်အပါအဝင်)[၁၅]

ထိုင်းနိုင်ငံရှိ ကရင်နှင့် ကရင်နီဒုက္ခသည်စခန်း ၁၀ခုတွင် ကျောင်းနေအရွယ်ကလေးပေါင်း ၃၅,၀၀၀ခန့်ရှိပြီး လူငယ်အများအပြားမှာ ပညာရေးအဖွဲ့အစည်းအသီးသီးတွင် ကျောင်းအပ်ထားကြသည်။ အချို့သော အစိုးရသင်ရိုးညွှန်းတမ်းများကိုအသုံးပြုသော်လည်း မြန်မာနိုင်ငံရှိ KNUနှင့် KNPP ပညာရေးစနစ်တို့နှင့် နီးကပ်စွာချိတ်ဆက်ထားသည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားဒေသများတွင် အဆင့်မြင့်ပညာရေးတက္ကသိုလ်ပေါင်း ၁၀၀ကျော်ရှိသည်။အများစုသည် EAOများနှင့်ဆက်စပ်နေသော်လည်း အများစုမှာ လုပ်ငန်း

၁၅။တအာင်း(ဗမာ၊ပလောင်)၊ မွန်-ခမာ အသိုင်းအဝိုင်းများသည် အဓိကဘာသာစကား လေးမျိုးဖြင့် ပြောဆိုကြသည်။ ၂၀၁၇ခုနှစ်တွင် TNLA၏ အမှုဆောင်အဖွဲ့ ဆမ်လုံအုပ်စုခွဲအများစုမှ Rujingကို အဖွဲ့အစည်း၏ တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်ရန် သဘောတူညီခဲ့သည်။ တအာင်းခေါင်းဆောင်တစ်ဦးအနေဖြင့် "လူနည်းစုများအတွင်းလူနည်းစုများ" နှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ပံ့ပိုးပေးမည်ဟု ယုံကြည်သောကြောင့် အိမ်တွင်စတင်သင့်သည်ဟု ကျွန်ုပ်တို့ထင်သည်။ (ကိုယ်ပိုင်အဆက်အသွယ် ၁၃၊၈၊၂၂)။ ချင်းဘာသာဗေဒပညာရှင်နှင့် ပညာတတ်များအကြားတွင် ဒေသိယစကားလေးမျိုးကိုပေါင်းစပ်ပြီး ဘုံဘာသာစကားဖန်တီးရန် တအာင်းအချို့အကြား လှုပ်ရှားမှုတစ်ခုရှိသည်။

ဆောင်ရွက်မှုတွင် သီးခြားလွတ်လပ်သောကျောင်းများဖြစ်ကြသည်။ အခြားကျောင်းများမှာ CSOများနှင့် (သို့မဟုတ်) ယုံကြည်မှုဖြင့်အခြေခံသောကွန်ရက်များနှင့် အဖွဲ့အစည်းများက တည်ထောင်ပြီး စီမံခန့်ခွဲသည်။ မြန်မာနယ်စပ်ထိုင်းဘက်ခြမ်းရှိ ကရင်နှင့်ကရင်နီဒုက္ခသည် စခန်းများတွင် အခြေခံပညာလွန်ပညာရေးကောလိပ် အများအပြားရှိသည်။ ဒုက္ခသည်ကလေးငယ် များနှင့်လူငယ်များအတွက်၎င်းတို့သည် အများအားဖြင့်လက်လှမ်းမီနိုင်သော တစ်ခုတည်းသော အထက်တန်းလွန် ပညာရေးအဖွဲ့အစည်းများဖြစ်သည်။

ဒုက္ခသည်စခန်းများ(ထိုင်း)နှင့် မြန်မာနိုင်ငံရှိတိုင်းရင်းသားဒေသများရှိ အခြေခံနှင့် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများနှင့် EAOပညာရေးဌာနများတွင် အမျိုးသမီးအများအပြား ပါဝင်မှုမှာထူးခြားချက်ဖြစ်သည်။ ဆရာမအများစုသည် ပညာရေးဌာနများ၊ CSOများနှင့် လေ့ကျင့်ရေးအဖွဲ့အစည်းအများအပြားတွင် ဦးဆောင်အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်နေသည့် အမျိုးသမီးများဖြစ်ကြပြီး အထက်တန်းပညာရေးကို အမျိုးသမီးများကြားခံအဖွဲ့အစည်း၏ နယ်ပယ်တစ်ခုအဖြစ် သတ်မှတ်ပေးထားသည်။ ပညာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ယဉ်ကျေးမှုများတည်ဆောက်ရာတွင် အခန်းကဏ္ဍမှပါဝင်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ (အမှန်တကယ်နှင့်ဖြစ်နိုင်ချေရှိသော လိုက်လျောညီထွေဖြစ်မှုနှင့် လျော့ပါးသက်သာစေရေး မဟာဗျူဟာများ အပါအဝင်) သတိပြုမှုတို့ကို ပံ့ပိုးပေးပါသည်။

ကြီးမားသောလိုအပ်ချက်များရှိသော်လည်း တိုင်းရင်းသားပညာရေးအတွက် ရန်ပုံငွေသည် မှန်းဆ၍မရနိုင်ဘဲရှားပါးနေပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နကစ)က ပညာရေးအဖွဲ့အစည်းအများအပြားကို တိုက်ရိုက်တိုက်ခိုက်သောကြောင့် အာဏာသိမ်းပြီးနောက်ပိုင်း မလုံခြုံမှုများတိုးများလာသည်။ ဤကျောင်းများနှင့်ကောလိပ်များတွင် ပညာသင်ကြားနေသော ထိခိုက်လွယ်ပြီးအပယ်ခံကလေးများသည် နောက်ထပ်အဆင့်မြင့်ပညာရေးကိုသင်ယူရန် အခွင့်အလမ်းများ ရှိမည်မဟုတ်ပေ။ မြန်မာအစိုးရအဆက်ဆက် ထိန်းချုပ်ထားသောဒေသများတွင် နေထိုင်ခြင်းမရှိသော ကလေးအများစုမှာ ပြည်နယ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ငြင်းပယ်ခံရပြီး အစိုးရတက္ကသိုလ်များမတက်နိုင်ဘဲ နိုင်ငံခြားတွင်ပညာသင်ကြားခွင့်မရခဲ့ကြပေ။ ထို့ကြောင့် EAOမှပံ့ပိုးပေးပြီး ပြည်နယ်အခြေပြုအဆင့်မြင့်ပညာအတတ်သင်ကျောင်းများသည် ဖက်ဒရယ် ပညာရေးစနစ်အပါအဝင် အရေးကြီးသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေမည်ဖြစ်ပါသည်။

လွန်ခဲ့သောNLDအစိုးရအုပ်ချုပ်မှုအောက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုများစတင်ခဲ့ သောကြောင့် ဒေသခံသက်ဆိုင်သူများ(စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ)၏ အခန်းကဏ္ဍများပိုမို ခွင့်ပြုလာသည်။ အာဏာမသိမ်းမီတွင်စမ်းသပ်ကာလအဖြစ် ပြည်နယ်၅ခုတွင် တိုင်းရင်းသား ဘာသာစကားများနှင့် သမိုင်းအထောက်အထားများကို အစိုးရသင်ရိုးများတွင်ထည့်သွင်းလာခဲ့သည်။

၂၀၁၄အမျိုးသားပညာရေးဥပဒေ(၂၀၁၅ ပြင်ဆင်ချက်)တွင် “သင်ရိုးညွှန်းတမ်းစံကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းများဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဆောင်ရွက်ခွင့်ရရှိရေး”ကို ပြဋ္ဌာန်းထားသည်။ ဤတိုးတက်မှုများသည် မတူကွဲပြားသောကျောင်းသားများ၏ လိုအပ်ချက်များကို အသိအမှတ်ပြုသည့် အရေးပါသောခြေလှမ်းဖြစ်သည်။ သို့သော် မတူညီသည့်ဘာသာစကားအများ အပြားကြားမှ ဘာသာစကားအဟန့်အတားကို ဖြေရှင်းရန်အတွက်ရှုပ်ထွေးမှုကြောင့် လုပ်ငန်းစဉ် နှောင့်နှေးပြီးချောမွေ့မှုမရှိခဲ့ပေ။ အငြင်းပွားဖွယ်ဖြစ်သော်လည်း ဤအကန့်အသတ်ရှိသော ဆောင်ရွက်မှုများသည် အာဏာမသိမ်းမီကာလက မြန်မာနိုင်ငံ၏တပြည်ထောင်ပညာရေးစနစ် (ဗဟိုချုပ်ကိုင်မှုနှင့် ဗမာလူမျိုးစိုးမိုးသည့်စနစ်)အား ဖက်ဒရယ်ဖြစ်စေရေးဆောင်ရွက်မှုအဖြစ် တွေ့မြင် နိုင်ပါသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ရှိနှင့်ပြီးသားကျောင်းများနှင့်ကောလိပ်များကိုအခြေခံပြီး ပညာရေးစနစ်သစ်တည်ဆောက်ရန်နှင့် ပညာရေးစနစ်အားဖက်ဒရယ်ဖြစ်စေရေးအတွက်နှင့် အခြားလွတ်လပ်သော တိုင်းရင်းသားပညာရေးစနစ်များတည်ဆောက်ရန် စိန်ခေါ်မှုများရှိလာသည်။

## ပညာရပ်နှင့်မူဝါဒဆိုင်ရာရှုထောင့်များ

သူပုန်အုပ်ချုပ်မှု၏အဖြစ်မှန်ကိုလျစ်လျူရှုခြင်းသည် မြေပြင်ရှိဖြစ်ရပ်မှန်များကို ငြင်းဆိုခြင်းဖြစ်ပြီး ၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိအရပ်သားများကို ကောင်းမွန်သောသို့မဟုတ် ပိုမိုကောင်းမွန်သော စောင့်ရှောက်ပေးမှုများပေးစွမ်းနိုင်သော တရားဝင်အာဏာပိုင်များနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုဖြစ်ကြောင်း Mampillyမှအဆိုပြုထားသည်။ တခါတရံတွင် ကျယ်ပြန့်သောနယ်မြေများနှင့်လူဦးရေများကို တော်လှန်သူများ၏ထိန်းချုပ်မှုသည် ၎င်းတို့၏ နိုင်ငံတကာအသိအမှတ်ပြုမှုလိုအပ်ပါသည်။Mampilly(၂၀၁၁၊ စာ-၂၄၈)သည် “တန်ပြန် နိုင်ငံတော်၏ အချုပ်အခြာအာဏာများ”ဟုရည်ညွှန်းသည့် တော်လှန်သူအဖွဲ့အစည်းများသည် “ တည်ငြိမ်အေးချမ်းမှုနှင့် လူမှုဖူလုံရေး”များအား ထိရောက်စွာပံ့ပိုးပေးနိုင်သော စံချိန်စံညွှန်းများရှိသည့် ထိရောက်သောအုပ်ချုပ်ရေးစနစ်ဖြစ်သည်ဟု ဆိုထားပါသည်။ ယင်းက မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်နေသည့်အခြေအနေ သို့မဟုတ် ညံ့ဖျင်းသောအခြေအနေများတွင် တော်လှန်သူများ၏ အုပ်ချုပ်မှုအရည်အသွေးကို မည်သို့အကဲဖြတ်ရမည်ကို မေးခွန်းထုတ်စရာဖြစ်လာသည်။ ၎င်းသည် အကူအညီပေးရေးနှင့် ပဋိပက္ခဆိုင်ရာပါဝင်သူများကြား ဆက်ဆံရေးပြဿနာကိုလည်း မိတ်ဆက်ခဲ့သည်။

အကူအညီပေးရေး ကြားခံအဖွဲ့အစည်းအများစုက ၎င်းတို့၏ ဝင်ရောက်စွက်ဖက်မှုများသည် စစ်ပွဲ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ဒေသဆိုင်ရာပဋိပက္ခ ဒိုင်းနမစ်များအပေါ် တိုက်ရိုက်နှင့်သွယ်ဝိုက် အကျိုးသက်ရောက်မှုရှိနိုင်သည်ကို အသိအမှတ်ပြုပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ အကူအညီ

ပေးရေးအေဂျင်စီများသည် ပဋိပက္ခအခြေအနေများတွင် အငြင်းပွားဖွယ်တရားဝင်မှုများကိုသုံးသပ်ရန် မကြာခဏတွန့်ဆုတ်နေပါသည်။ Mark Duffield (၂၀၀၁)သည် မြေပြင်တွင်အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အချို့ သို့မဟုတ် အလုံးစုံသောအုပ်ချုပ်ရေးအာဏာ၏ အစိတ်အပိုင်းအချို့ကို "ရှုပ်ထွေးသောနိုင်ငံရေးဆိုင်ရာ အရေးပေါ်အခြေအနေများ"၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသုံးအနှုန်းကို ပြောင်းပြန်လှန်ထားသော "ထွက်ပေါ်လာသော နိုင်ငံရေးရှုပ်ထွေးမှုများ"ဟူ၍ Mark Duffield (၂၀၀၁)က ရေးသားထားသည်။ ဤအခြေအနေများတွင် "သူပုန်အုပ်ချုပ်သူများ"သည် အတော်အတန်ခန့်မှန်းနိုင်သော အခွင့်အာဏာဒီဂရီများကိုပေးစွမ်းပြီး မကြာခဏဆိုသလိုထိခိုက်ရှလွယ်လျက်ရှိသော ပြည်သူများကိုကန့်သတ်သည့်ဝန်ဆောင်မှုပေးကာ နိုင်ငံရေးအာဏာပိုင်များအဖြစ် ယုံကြည်လက်ခံမှုအချို့ကို ရရှိစေသည်။

"အကန့်အသတ်ရှိသော နိုင်ငံတော်ရပ်တည်မှုသည် သမိုင်းဝင်မတော်တဆမှု သို့မဟုတ် တတိယကမ္ဘာနှင့် အကူးအပြောင်းကာလအတွင်း နိုင်ငံအများစု၏စိတ်ပျက်ဖွယ်ကောင်းသော လိုအပ်မှု"ဟုယူဆပါက ဤဖြစ်စဉ်ကိုအနောက်တိုင်းမဟုတ်သော ဌာနေတိုင်းရင်းသားများနှင့် ကာလကြာရှည်တည်မြဲသော လက္ခဏာတစ်ရပ်အဖြစ် Thomas Risse(2011၊ စာ-၂)ကမြင်သည်။ ခေတ်မီပြီးအနောက်တိုင်းဆန်သော ဗျူရိုကရေစီနိုင်ငံကိုဖော်ဆောင်ပေးသည့် အစီအစဉ်များကို ပံ့ပိုးပေးမည့်အစား Risseသည် ဒေသန္တရအစီအစဉ်များစွာ၏ ထူးခြားသောဝိသေသလက္ခဏာများကို အသိအမှတ်ပြုသည့် "အုပ်ချုပ်မှုအစီအစဉ်"ကို တောင်းဆိုပါသည်။ Duffield ကဲ့သို့ပင် Risseသည် ခေတ်မီခြင်းသီအိုရီ (modernization theory)ကို မကြာခဏဆန့်ကျင်လေ့ရှိသည်။

"အကန့်အသတ်ရှိသော နိုင်ငံတော်ရပ်တည်မှု"သည် အုပ်ချုပ်ရေးမရှိခြင်းကို ဆိုလိုခြင်း မဟုတ်ပေ။ သို့သော် ၎င်းသည် နိုင်ငံရေးအာဏာပိုင်များ၏ ဆုံမှတ်တစ်ခုအဖြစ်ဆိုလိုနိုင်သည်။ "နိုင်ငံတော်နှင့်မသက်ဆိုင်သော ပါဝင်လုပ်ဆောင်သူများ၏ အမျိုးမျိုးပေါင်းစပ်ထားသော သက်ဆိုင်သူများပါဝင်သည်။(၂၀၁၁၊ စာ-၁၁)[၁၆]။ အထူးသဖြင့် ပဋိပက္ခလွန်အခြေအနေများတွင် ပြင်ပပါဝင်ပက်သတ်သူများကပံ့ပိုးပေးသည့် အောင်မြင်သော"နိုင်ငံတော်တည်ဆောက်ခြင်း"သည် ဒေသခံများနှင့် အစိုးရနှင့်မဆိုင်သောအုပ်ချုပ်မှုပါဝင်သူများ (သို့မဟုတ် "နိုင်ငံတော်အတွင်းရှိ နိုင်ငံငယ်များ")နှင့်မျှဝေအုပ်ချုပ်သည့်အခါ အအောင်မြင်ဆုံးဖြစ်ကြောင်း ၎င်းသတိပြုမိပါသည်။

Frances Fukuyama သည် The Origins of Political Order(၂၀၁၁၊ ၂၀၁၄ volume ကိုလည်းကြည့်ပါ)တွင် ဤပြဿနာအချို့ကိုဖော်ပြထားသည်။ ကျယ်ပြောလှသောသမိုင်းဝင်

---

၁၆။Didier Pe'clard နှင့် Delphine Mechoulan (၂၀၁၅၊ စာ-၅)သည် "သူပုန်အုပ်ချုပ်မှု"ဆိုင်ရာ စာပေများကို ပြန်လည်ပြန်လည်သုံးသပ်ပြီး "ပြည်တွင်းစစ်များသည် နိုင်ငံရေးအမိန့်များကို ရိုးရှင်းစွာဖျက်စီးခြင်းမဟုတ်ပါ။ သို့သော် နိုင်ငံရေးဖွဲ့စည်းရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းနှင့် အစိတ်အပိုင်းဖြစ်ကြောင်း သတိပြုပါ။"

ဇာတ်ကြောင်းတစ်ခုကိုဖြတ်ကျော်ပြီး ကောင်းစွာဖွံ့ဖြိုးပြီးနိုင်ငံများသည် “အားလုံးပါဝင်နိုင်သော နိုင်ငံရေးစနစ်”(ပါတီဝင်ဝါဒနှင့် နိုင်ငံရေး၊ စီးပွားရေး အဂတိလိုက်စားမှုကိုကျော်လွှားခြင်း)[၁၇] အပါအဝင် အချို့သောမွေးရာပါအကျိုးကျေးဇူးများဖြစ်သော တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာခြင်းနှင့် နိုင်ငံရေးနှင့် လူမှုအသိုင်းအဝိုင်းလှုပ်ရှားမှုများတွင် တွင်ကျယ်စွာပါဝင်ခြင်းများကို ပိုမိုတွေ့မြင်ရသည်ဟု ၎င်းကအဆိုပြုခဲ့ပါသည်။ Fukuyama သည် ဘက်မလိုက်သောကျိုးကြောင်းဆီလျော်သော ဗျူရိုကရေစီသဘောအရဘက်လိုက်မှုမရှိဘဲ နိုင်ငံသားတိုင်းပါဝင်နိုင်ခွင့်ရှိသော ထိရောက်သော(ခိုင်ခံ့ပြီး စွမ်းဆောင်နိုင်သော) နိုင်ငံတော်ပေါ်ပေါက်ရေးကို ထောက်ခံအားပေးသည်။ သို့သော်လည်း မြန်မာနိုင်ငံကဲ့သို့သော ပဋိပက္ခဒဏ်ခံနိုင်ငံများတွင်မူ ယင်းသည်မလိုလောက်ပေ။ ထိုသို့သောအခြေအနေမျိုးတွင် နိုင်ငံတော်၏စွမ်းဆောင်ရည်၊ တာဝန်ခံမှုနှင့် ပေါင်းစပ်သင့်သည်။ ပဋိပက္ခဒဏ်ခံရသောဒေသများတွင် EAOများ၏ထောက်ခံမှုနှင့် အသိအမှတ်ပြုမှုတို့ကိုရရှိမှသာ အောင်မြင်နိုင်သည်။

Risse နှင့် Duffieldတို့အရ ပေါင်းစပ်အုပ်ချုပ်မှုစနစ်များ သို့မဟုတ် “ပေါ်ပေါက်လာသော နိုင်ငံရေးရှုပ်ထွေးမှုများ”အား အာဏာပိုင်တို့၏ဌာနေသွင်ပြင်လက္ခဏာများနှင့် အများသူငှာကုန်စည်နှင့်ဝန်ဆောင်မှုများပေးအပ်ခြင်းတို့ကို အသိအမှတ်ပြုပြီးထောက်ခံသင့်သည်။ အစိုးရပါဝင်လုပ်ဆောင်သူများနှင့် နိုင်ငံတကာအလှူရှင်များနှင့် အကူအညီပေးရေး ကြားခံအဖွဲ့အစည်းများသည် “နိုင်ငံရေးအရ တွေးခေါ်လုပ်ကိုင်ရန်ရည်ရွယ်၍” နိုင်ငံတော်ကို အားကောင်းစေခြင်းအပေါ် အခြေခံ၍စံနှုန်းအတိုင်း ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပက်ကေ့ချ်များကို ကျော်လွန်၍ နိုင်ငံ၏မတူကွဲပြားသော EAOများနှင့် ပြည်နယ်မရှိသည့်ပါဝင်လုပ်ဆောင်သူများအပေါ် အခြေခံကျကျထိတွေ့ဆက်ဆံမှုအပါအဝင် ပဋိပက္ခဒဏ်ခံရနေရသည့်လူမှုအသိုင်းအဝိုင်းများအတွက် အကောင်းဆုံးသောအကျိုးကျေးဇူးများရရှိနိုင်ရန် နည်းလမ်းများဖြင့် “အကန့်အသတ်ရှိသောပြည်နယ်များ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာနယ်ပယ်များတွင် အမိန့်အသစ်များပေါ်ပေါက်လာစေရန်”ရည်ရွယ်ချက်ကို(Risse၊ ၂၀၁၁၊ စာ-၂၈) မြှင့်တင်ရန်ဖြစ်သင့်သည်။သို့သော် ထွက်ပေါ်လာသောဖွဲ့စည်းပုံများသည် အမြဲတမ်းတရားဝင်မှုရှိပြီး ကောင်းစွာလည်ပတ်နိုင်ရမည်ဟု ယူဆထားပါက EAOများ၏စီမံခန့်ခွဲမှုများအားထောက်ပံ့ခြင်းနှင့် အသိအမှတ်ပြုခြင်းများသည် ဆက်လက်လုပ်ဆောင်ရန် ခက်ခဲမည်ဖြစ်သည်။

သောင်းကျန်းမှုနှင့်ပဋိပက္ခအလွန်အခြေအနေများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်ပက်သက်၍

---

၁၇။မြန်မာနိုင်ငံတွင် body politic အား ပြစ်မှုမြှောက်ခြင်းကို ရှမ်းပြည်နယ်တွင် ဘိန်းဖြူစီးပွားရေးနှင့် နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်နေသည့် ပြည်သူ့စစ်ခေါင်းဆောင် ဦးတည်ခွန်မြတ်အား ၂၀၁၈ခုနှစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ထားခြင်းက ပေါ်လွင်စေပါသည်။(မိုး၏မြင့်၊ ၂၀၁၈)

မြန်မာ့တပ်မတော်ကျောထောက်နောက်ခံပြု ပြည်သူ့စစ်အများအပြား(အထူးသဖြင့် ရှမ်းပြည်နယ်တွင်သာမက) မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် နက်နက်ရှိုင်းရှိုင်းပါဝင်ပက်သက်နေကြောင်း သတိပြုသင့်သည်။ အပစ်ရပ်EAOနှင့်ပြည်သူ့စစ်များသည် ယခင်ကလက်လှမ်းမီသော ဒေသအများအပြားသို့ ၎င်း၏ထိန်းချုပ်မှု(ကိုယ်ကျိုးအတွက်) တိုးချဲ့ခွင့်ပြုလေ့ရှိသည်။ Kevin Woods (၂၀၁၁)သည်(နည်းပညာအားဖြင့် အပစ်အခတ်ရပ်စဲပြီးနောက်) ပဋိပက္ခဒဏ်ခံရသောဒေသများရှိ ပြည်သူ့စစ်အများအပြားမှ ပြည်နယ်တွင်းသို့ထိုးဖောက်ဝင်ရောက်မှုကို ပံ့ပိုးပေးသည့်ပုံစံကိုရှင်းပြရန်အတွက် "အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်"အယူအဆကို ထုတ်ဖော်ခဲ့သည်။ သို့သော် ၂၀၂၁ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း နေရာအတော်များများတွင် အံ့ဩဖွယ်ကောင်းသော အုပ်ချုပ်ရေးစနစ်အသစ်များ ပေါ်ပေါက်လာပါသည်။ ယင်းတို့အနက် တချို့အဖွဲ့များသည် မြန်မာ့သမိုင်းတစ်လျှောက်ပါဝင်နိုင်မှုနှင့် အကျိုးသက်ရောက်မှုအရှိဆုံး နိုင်ငံတော်အဆင့်ရှိသည့်အဖွဲ့များပါဝင်သည်။

## တိုင်းရင်းသားညှိနှိုင်းရေးနှင့် အကြံပေးအဖွဲ့များ

၂၀၂၁ခုနှစ်မှစတင်၍ အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့သည်။ Kachin Political Coordination Team (KPICT၊ ပထမဦးစွာ)၊ တအာင်းနိုင်ငံရေးအတိုင်ပင်ခံကောင်စီ (TPCC)၊ ပအိုဝ်အမျိုးသားများ ဖက်ဒရယ်ကောင်စီ(PNFC)[၁၈]၊ ယာယီချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC)၊ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ(KSCC)၊ မွန်ပြည်နယ် ဖက်ဒရယ်ကောင်စီ (MSFC)၊ တနင်္သာရီတိုင်းတွင်တစ်ခု(တနင်္သာရီအတိုင်ပင်ခံ ကောင်စီ)နှင့် စစ်ကိုင်းဖိုရမ် (ဒေသခံ CDM လှုပ်ရှားသူများ၊ PDFများပါဝင်သည့် သက်ဆိုင်သူအများအပြားဖြင့် ၂၀၂၃ခုနှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သည့် မြန်မာအလယ်ပိုင်းဒေသ၏ ဖက်ဒရယ်ယူနစ်တစ်ခု၏နမူနာပုံစံတစ်ခု)ဟူ၍ ဖွဲ့စည်းခဲ့သည်။ ပြည်နယ်အဆင့်အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် နိုင်ငံရေးညှိနှိုင်းရေးဖိုရမ်များအဖြစ်စတင်ခဲ့သော်လည်း အုပ်ချုပ်ရေးနှင့်အုပ်ချုပ်ရေးအခန်းကဏ္ဍများ ပိုမိုလမ်းကြောင်းပေါ်ရောက်နေပါသည်။ KSCCနှင့် အခြားသောအဖွဲ့အစည်းများကဲ့သို့ အဖွဲ့အစည်းများသည် ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပိုမိုတရားဝင်သော)အဖွဲ့များအဖြစ် မှတ်ယူနိုင်ပြီး ပြည်တွင်းနိုင်ငံရေးနှင့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များအဖြစ်ပါဝင်ခြင်းနှင့် ပါဝင်ခြင်းတို့တွင် အခြေခံထားသည်။ အဓိကပြဿနာများ (ဥပမာ-ပညာရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်မှု၊ မြေယာပြဿနာများ)တွင် ရပ်ရွာလူထု၊ CSOsနှင့် EAOများနှင့်အတူ

---

၁၈။အခြား "နိုင်ငံတော်အဆင့် သက်ဆိုင်ရာအဖွဲ့များ"နှင့် မတူဘဲ တအာင်းနှင့် ပအိုဝ်ကိုယ်စားပြုသည့်အဖွဲ့များ-လူမှုအဖွဲ့များ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ပထဝီအခြေခံမဟုတ်ဘဲ သမိုင်းကြောင်းနှင့် လူမျိုးရေးအရ ကိုယ်စားပြုကြသည်။

လက်တွဲလုပ်ဆောင်ခြင်း လူမျိုးစုညီနိုင်းရေးအဖွဲ့များသည် "အောက်ခြေမှသည် အထက်သို့" ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတွင် အဓိကကျသောအချက်များ ဖြစ်လာပါသည်။

အချို့နေရာများတွင် စစ်အစိုးရဆန့်ကျင်ရေး PDFများနှင့်ဆက်စပ်နေသော ပြည်သူများ၏ အုပ်ချုပ်ရေးအဖွဲ့များမှ အလားတူအခန်းကဏ္ဍများ ပါဝင်နိုင်သည်။ အထူးသဖြင့် EAOများ မလည်ပတ်နိုင်သော ဗမာလူမျိုးအများစုဖြစ်သည့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး၊ NUGမှ အုပ်ချုပ်ရေးဆိုင်ရာ အစိတ်အပိုင်းများ(အပါအဝင်) (မြို့နယ်တရားရုံးများ) တို့ဖြစ်သည်။ ၎င်းတို့၏ လွတ်မြောက်နယ်မြေများတွင် အချို့သောPDFများနှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တို့သည် NUG၏ လမ်းညွှန်မှုအောက်တွင် တခါတရံတွင် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ရေးရာလုပ်ငန်းများနှင့် ပညာရေး ဆိုင်ရာ ပံ့ပိုးမှုအချို့အတွက် တာဝန်များယူပြီးဖြစ်သည်။

ဗမာလူမှုအသိုင်းအဝိုင်းရပ်ရွာများ၏ ဖက်ဒရယ်စနစ်အပေါ် နားလည်မှုနှင့် သဘောထားများ အပေါ် နောက်ထပ်သုတေသနပြုသင့်သည်။ ဖက်ဒရယ်စနစ်၏သဘောတရားနှင့် ကွဲပြားသော အလေ့အကျင့်များအတွက် အစုအဖွဲ့ကိုယ်စားလှယ်များကကောင်းစွာ မပြင်ဆင်ပါကမရှိုးသားသော၊ ကွဲလွဲနေသောနိုင်ငံရေးသမားများက ပြည်ထောင်စုကို တနည်းတဖုံထိခိုက်စေသည်ဟု တင်ပြနိုင်သည်။

ရေရှည်တည်တံ့ခိုင်မြဲစေရန် အောင်မြင်ပြီးသာတူညီမျှဖြစ်ရန် ဤဒေသန္တရအုပ်ချုပ်ရေး ပုံစံများသည် ရပ်ရွာလူထု၏ယုံကြည်မှုတွင် အမြစ်တွယ်နေမည်ဖြစ်သည်။ သဘာဝသယံဇာတ ထုတ်ယူမှုအပေါ် အဓိကမမူတည်သော ရန်ပုံငွေစနစ်များကိုဖော်ဆောင်ရန်အတွက် EAOများကို ပံ့ပိုးပေးရန် အထူးအရေးကြီးပါသည်။

## "ရွှေကုက္ကိုပုံစံ" ထိုင်းနယ်စပ်ရှိ ကာစီနိုများ

ရထိုက်မြန်မာကုမ္ပဏီက တည်ဆောက်မည့် ၁၅ဘီလီယံတန်ဖိုးရှိသည့် ရွှေကုက္ကိုလ်အထူး စီးပွားရေးဇုန်သည် ကရင်ပြည်နယ်ကြားစောင့်တပ် (BGF)၏ ထိန်းချုပ်ဒေသအတွင်းရှိ ထိုင်းနယ်စပ် ၂၀ကီလိုမီတာခန့်အရှည်ရှိပြီး စုစုပေါင်း ၁၂,၁၀၀ဧကပေါ်တွင်တည်ဆောက်ရန် စီစဉ်ထားပါသည်။ အသေးစိတ်အပြည့်အစုံဖော်ပြထားသည့် ဖော်ပြထားသည့်စီမံကိန်းတွင် ဇိမ်ခံအိမ်ယာများ၊ ကွန်ဒိုမီနီယံများ၊ ဟိုတယ်များ၊ စျေးဝယ်စင်တာများ၊ ဂေါ့ဖ်ကွင်းများ၊ ဖျော်ဖြေရေးနေရာများ၊ ယဉ်ကျေးမှု ပြပွဲများနှင့် အခြားစိုက်ပျိုးရေးစီမံကိန်းများ ပါဝင်ပါသည်။ ၂၀၁၄မှစတင်၍ ရွှေကုက္ကိုလ်သည် နယ်စပ်ဖြတ် ကျော်မှုကွန်ရက်များတွင်ပါဝင်သည့် တရုတ်များထံမှ မရိုးဖြောင့်သောရင်းနှီးမြှုပ်နှံမှုအများအပြားအား ဆွဲဆောင်ရာနေရာဖြစ်လာသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ၎င်းတို့သည် ကာစီနို တည်ဆောက်ခြင်းများတွင် ပိုမိုအဆင့်မြင့်ပြီး တိုးတက်လာကြသည်။

၂၀၂၀ခုနှစ်နှောင်းပိုင်းတွင် NLDအစိုးရက ဆောက်လုပ်ရေးများရပ်ဆိုင်းခြင်း၊

စုံစမ်းစစ်ဆေးရေးခုံရုံးများ ဖွဲ့စည်းခြင်းဖြင့် ကရင် BGF ဗိုလ်မှူးစောချစ်သူနှင့် ရွှေကုက္ကိုနယ်မြေအား ဆန့်ကျင်သည့်အရွေ့တစ်ခုကို စတင်ခဲ့သည်။ စောချစ်သူသည် ၎င်း၏ BGF/မြန်မာစစ်တပ်၏ အရာရှိရာထူးမှ လျှော့ချခြင်းကိုခံခဲ့ရသည်။ ဤဖြစ်စဉ်သည် ကရင်BGFအား KNUနှင့် ပြန်လည်မဟာမိတ်ဖြစ်စေရန် တွန်းပို့ခဲ့သည်ဟုလည်း ထင်ကြေးပေးကြသည်။ KNUနှင့်ဖြစ်ပွားသည့် စစ်ပွဲများတွင် ၎င်းသည် မြန်မာစစ်တပ်ဘက်မှ ရှေ့တန်းမဟာမိတ်အဖြစ် ရပ်တည်ခဲ့သည်။

ကာစီနိုရှိရာနေရာများတွင် အွန်လိုင်းလောင်းကစားများနှင့် အွန်လိုင်းလိမ်လည်မှုများအတွက် အလွန်ကောင်းမွန်သော အင်တာနက်အမြန်နှုန်းရှိသည်ဟု သိရပါသည်။ အွန်လိုင်းလိမ်လည်သည့် call center များတွင် အလုပ်သမားအများအပြားရှိသည်။ ရွှေကုက္ကိုလ်တွင် တရားဝင်အလုပ်များရရှိမည်ဟု လိမ်လည်ခံရပြီး ရောက်ရှိလာကြသည်။ ၂၀၂၂ခုနှစ်၊ ဩဂုတ်လတွင် ရထိုက်ကုမ္ပဏီ၏ အကြီးအကဲ Xhe Zhijiang သည် ဘန်ကောက်မြို့တွင် အဖမ်းခံခဲ့ရသည်။ မြဝတီမြို့နှင့် မဲဆောက်နယ်စပ်အနီးရှိ KNUနယ်မြေအတွင်းတွင်လည်း မကောင်းသတင်းကျော်စောသော စီးပွားရေးများနှင့် မှုခင်းကွန်ရက်များနှင့် ဆက်စပ်နေသော ကာစီနိုများပေါ်ပေါက်လာသည်။ ကရင် CSOက KNUအား ထိုကဲ့သို့သော စီးပွားရေးအုပ်စု (K Park Project)နှင့် ဆက်စပ်သည်ဟုဝေဖန်သည့် စာထုတ်ခဲ့ပြီးနောက် အငြင်းပွားဖွယ်ကိစ္စတစ်ခုဖြစ်လာသည်။ KNUတပ်မဟာ ၄ (တနင်္သာရီတိုင်းဒေသကြီး) တည်ထောင်ခြင်းကိစ္စကဲ့သို့ပင် ဤအကျိုးအမြတ်များသည် KNUသို့ စီးဆင်းသည်လား သို့မဟုတ် တစ်ဦးတစ်ယောက်၏ အကျိုးအမြတ်ဖြစ်သည်လား မသဲကွဲသောကိစ္စရပ်ဖြစ်သည်။

EAOရန်ပုံငွေ၏ ရေရှည်ပုံစံစနစ်သစ်များ လိုအပ်ပါသည်။ EAO များသည် ဒေသခံများနှင့် ကုန်သည်များထံမှ ကောက်ခံသောအခွန်များ၊ သယံဇာတထုတ်ယူမှုမှ ရရှိသောဝင်ငွေများနှင့် မူယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ ကာစီနိုများနှင့်အွန်လိုင်းလိမ်လည်မှုများတွင် ပက်သက်ခြင်းဖြင့် ရရှိသော ဝင်ငွေများအပေါ် မှီခိုလေ့ရှိသည်။ ဤနည်းလမ်းများသည် ရေရှည်တည်တံ့မှုမရှိသည့်အပြင် လက်တွေ့မကျသော ကျင့်ဝတ်နှင့်မညီသောနည်းလမ်းများဖြစ်သည်။ EAO များ၏ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများအတွက် ရန်ပုံငွေရှာဖွေရေးပုံစံသစ် အရေးတကြီးလိုအပ်နေပါသည်။ အောက်တွင် ဆွေးနွေးမည့်အတိုင်း အပြည်ပြည်ဆိုင်ရာမှ "အစိမ်းရောင် အများပြည်သူဝန်ဆောင်မှု" (Green Public Services)ကဲ့သို့သော အရေးကြီးသောကဏ္ဍများတွင် ထောက်ပံ့ပေးရန်လိုအပ်သည်။ ဤတွင် ကမ္ဘာတလွှားရာသီဥတုပြောင်းလဲမှုလျှော့ချရေးအစီအမံများ၏ အစိတ်အပိုင်းဖြစ်သည့် သစ်တောထိန်းသိမ်းရေးများမှတဆင့် ကာဗွန်လျှော့ချရေးများပါဝင်သည်။ ဤကာလများတွင် အဓိကသက်ဆိုင်သူများသည် နိုင်ငံရေးအစီမံများများကိုသာ အာရုံစူးစိုက်လေ့ရှိကြသည်။

## ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်း

မြန်မာနိုင်ငံသည် အာဏာသိမ်းမှုဆန့်ကျင်ရေး တိုင်းရင်းသားများနှင့် ဒီမိုကရေစီလိုလားသူအများစု၏ လက်အောက်ရှိဒေသန္တရအုပ်ချုပ်ရေးစနစ်များကို အသိအမှတ်ပြုမှုအပေါ် အခြေခံ၍ ဖက်ဒရယ်ဒီမိုကရေစီ လိုအပ်သည်။ ပြန်လည်ပြင်ဆင်ထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်း (မတ်လ ၂၀၂၂)အရ အမျိုးသားစည်းလုံးညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)သည် အာဏာသိမ်းမှုဆန့်ကျင်ရေးအတိုက်အခံများ၏ အထွတ်အထိပ်ပေါ်လစီအဖွဲ့ဖြစ်ပြီး ဆင်ခြင်တုံတရားနှင့် ဥပဒေပြုရေးအခန်းကဏ္ဍဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြင်ဆင်ထားသော ပဋိညာဉ်စာတမ်းအရ NUGကို "အသွင်ကူးပြောင်းရေး အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ"အဖြစ် ရည်ညွှန်းသင့်သည်။ ၎င်းသည် NUG၏ လက်အောက်ခံ NUCC(ပိုမိုပါဝင်ပြီး ပါဝင်နိုင်သောအဖွဲ့)နှင့် မြေပြင်တွင် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသည် EAOများနှင့် ပြည်နယ်အဆင့်ညှိနှိုင်းရေးအဖွဲ့အစည်းများအပေါ် နှစ်ခုလုံး၏ မှီခိုမှုကို ညွှန်ပြနေပုံရသည်။[၁၉]သို့သော်လည်း သတင်းပေးသူများအများအပြား၏အဆိုအရ ယခင်အရပ်သားတစ်ပိုင်းအစိုးရ (အထူးသဖြင့် NLDလုပ်ငန်းစဉ်ကို ကျော်လွှားခြင်းစသည်ဖြင့် ပျက်ကွက်ခဲ့ပြီး တစ်ခါတစ်ရံတွင် ၎င်းအား တက်ကြွစွာဟန့်တားခဲ့သည်။

NUG၏ လုပ်ပိုင်ခွင့်နှင့်အခန်းကဏ္ဍသည် များစွာအခြေအတင်ဆွေးနွေးငြင်းခုံခဲ့ရပြီး ၎င်းသည် တိုးတက်မှုတစ်ခုဖြစ်သည်။ ပဋိညာဉ်တွင် သတ်မှတ်ထားသည်အတိုင်း အသွင်ကူးပြောင်းရေးဆိုင်ရာ NUG သည် "အသာထိတွေ့ခြင်း"ဖြင့် ဖက်ဒရယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အဖြစ်ပါဝင်ရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ သို့သော်လည်း နောက်ဆုံးတွင်အာဏာပိုင်များသည် တိုင်းရင်းသားပြည်နယ်များပေါ်တွင်သာ တည်ရှိနေပြီး ၎င်းတို့မှ ဆက်ထိန်းထားနိုင်လျှင် PDFများနှင့် PABများကဲ့သို့သော နိုင်ငံခွဲအုပ်ချုပ်မှုတို့ဖြင့် အာဏာတည်ရှိနေနိုင်သည်။

မူဝါဒအရ NUGကို အာဏာသိမ်းမှုဆန့်ကျင့်ရေးအင်အားစု အများအပြားက တရားဝင် ဗဟိုအစိုးရမရှိတော့သည့်အချိန်တွင် အနည်းဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ EAOများ မချုပ်ကိုင်ရသေးသော နယ်မြေများတွင် ပြည်ထောင်စုအဆင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးအမှုဆောင်အဖြစ် လက်ခံထားသည်။ NUGသည် တိုင်းရင်းသားလူမျိုးစု CSOနှင့် EAOခေါင်းဆောင်များ (မကြာခဏဆိုသလို ဒုဝန်ကြီးများဖြစ်သောငြား) အများအပြားပါဝင်သည့် အဖွဲ့တစ်ခုဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအတွက် ထူးထူးခြားခြားအနေဖြင့်လည်း (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊

---

၁၉။ ၂၀၂၃ခုနှစ် အစောပိုင်းတွင် NUCC ပူးတွဲညှိနှိုင်းရေးကော်မတီ ၉ခုကိုဗျူဟာ၊ ဖက်ဒရယ်စနစ်နှင့် နိုင်ငံခြားရေးကိစ္စများ (ပထမအကြိမ် ပူးတွဲကော်မတီ ၃ခု တည်ထောင်ခဲ့သည်) အပါအဝင်ပြဿနာအများအပြားဖြေရှင်းရန် တည်ထောင်ထားသည်။ NUCCတွင် ပါဝင်ပက်သက်နေသည့် တိုင်းရင်းသားနိုင်ငံရေးသမားများက နှင့် ကိုယ်စားလှယ်များဘက်မှ လွှမ်းမိုးချုပ်ကိုင်မှုနှင့် ဖောက်ပြန်ခြင်း(ရပိုင်ခွင့်ဆိုင်ရာ ယူဆချက်များ)ကို တိုင်ကြားခဲ့သည်။

အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆုံးဖြတ်ချက်အမှတ် ၁၃၂၅အရ) အဓိကခေါင်းဆောင်မှုရာထူးများတွင် အများအပြားပါဝင်ပါသည်။[၂၀]

ပေါ်ပေါက်လာသော အချုပ်အခြာအာဏာပိုင်အဖွဲ့များ (မကြာခဏဆိုသလို EAOများနှင့် ဆက်စပ်နေသည်)နှင့် ပြည်ထောင်စုအဆင့် အစိုးရအကြားဆက်ဆံရေးတွင် ဗဟိုတွင် EAOနှင့် (သို့မဟုတ် ပြည်နယ်အဆင့်) ကိုယ်စားပြုခြင်းဆိုင်ရာပြဿနာ ပါဝင်သည်။ ထို့ကြောင့် ပြည်နယ်များ-EAOsနှင့် အခြားပြည်နယ်များမှ ကိုယ်စားလှယ်များ သို့မဟုတ် ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်တွင် (အချို့သော ကိစ္စရပ်များအတွက်)ထိုင်ခုံများ (ဗီတိုအာဏာနှင့် အချို့အရာများ)ရှိရန် အရေးကြီးပါသည်။

## လူနည်းစုများအတွင်း လူနည်းစုများ

၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားဖြစ်ခွင့်ကို နိုင်ငံတော်မှ အသိအမှတ်ပြုထားသည့် "တိုင်းရင်းသားလူမျိုး" ၁၃၅မျိုးအနက်မှ အဖွဲ့ဝင်တစ်ခုဖြစ်မှုအပေါ် မှီခိုနေပါသည်။ လူမျိုးဘာသာနှင့် ယုံကြည်ခြင်းအခြေခံအုပ်စုများ သို့မဟုတ် ကွန်ရက်များတွင် အဖွဲ့ဝင်ခြင်းများသည် လူတစ်ဦးချင်းစီ၊ မိသားစုများနှင့် အသိုင်းအဝိုင်းများမှ စုစည်းထားသော အချင်းချင်းချစ်ခင်အားပေးကူညီရန်နှင့် အကျပ်အတည်းများကို တွန်းလှန်နိုင်ရန် (ခံနိုင်ရည်ရှိခြင်း၏ အဓိကအချက်များ) အရေးကြီးသော ရင်းမြစ်များဖြစ်သည်။

သို့ရာတွင် လူမျိုးစု(ဘာသာရေးနှင့် ကျား၊မ) အမျိုးအစားများနှင့် အခန်းကဏ္ဍများသည် အလုံးစုံမပါဝင်နိုင်သော အပယ်ခံထားရသော လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းတို့ဖြစ်ပြီး အဓိကတိုင်းရင်းသားလူမျိုးစုများ၏ တစ်စိတ်တစ်ပိုင်းမဟုတ်နိုင်ခြင်း ဖြစ်နိုင်သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ကရင်နှင့်ရှမ်းကဲ့သို့သော လူမျိုးစုငယ်များသည် မွန်၊ ပအိုဝ်း၊ လားဟူတို့ကဲ့သို့ လူနည်းစုအတွင်းမှ လူနည်းစုများနှင့် အတူယှဉ်တွဲနေထိုင်ကြသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်တွင် မြို့နယ် ၅ခုရှိပြီး မွန်လူဦးရေ သိသိသာသာရှိသည်။ ၎င်းသည် ဒေသအလိုက်လွှမ်းမိုးထားသည့် တိုင်းရင်းသား လူမျိုးစုများ၏ လက္ခဏာများနှင့် အကျိုးစီးပွားများနှင့် ယင်းကဲ့သို့သော "လူနည်းစုအတွင်းမှ လူနည်းစုများ" နှင့် ၎င်းတို့၏ ဆက်ဆံရေးနှင့်ပက်သက်၍ မေးခွန်းများပေါ်ထွက်လာသည်။ ဒေသအလိုက် လွှမ်းမိုးသော (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူနည်းစုဖြစ်သော်လည်း) လူမျိုးရေး၊ ဘာသာရေးအုပ်စုအတွက်

---

၂၀။NUGရှုထောင့်မှ ကျယ်ပြန့်သောရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအတွက် Hickey & Maria -Sube၊ ၂၀၂၂တွင် ကြည့်ပါ။ ဤမူဝါဒစာတမ်းသည် NUG, EAOs နှင့် မြန်မာနိုင်ငံရှိအခြားသော အဓိကပါဝင်ပက်သက်သူများနှင့် အစိုးရအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှုအတွက် အသုံးဝင်သော အကြံပြုချက်များကို ပြုလုပ်ထားသည်။

ကိုယ်ပိုင်ပြဌာန်းခွင့်သည် ဒေသခံ "လူနည်းစု-လူနည်းစုများအတွင်း-လူနည်းစုများ"၏ ဆန္ဒနှင့် အခွင့်အရေးများနှင့် မည်သို့ညီသနည်း။

Mary Callahan သည် မကြာသေးမီနှစ်များအတွင်း လူနည်းစု သို့မဟုတ် "တိုင်းရင်းသား အဖွဲ့များ၊လူမျိုးစုများ"(ကိုယ်ရေးကိုယ်တာ စာပေးစာယူ) အမျိုးအစားအလိုက် ဟောပြောချက်များနှင့် တကြွလှုပ်ရှားမှုများ တိုးပွားလာမှုကိုထောက်ပြသည်။ ၂၀၁၀ခုနှစ်ဝန်းကျင်မှစတင်၍ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုငယ်များအကြား နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများ မြင့်တက်လာခြင်းကြောင့် လူများအား နည်းလမ်းသစ်များဖြင့် စည်းရုံးလှုံ့ဆော်ခဲ့သည်။

လူတစ်ဦးချင်းနှင့် အသိုက်အဝန်းများ၏ အခွင့်အရေးများကိုအခြေခံ၍ မြန်မာနိုင်ငံတွင် နေထိုင်သည့် နေရာတိုင်းတွင် "နယ်နိမိတ်မရှိသော" ဖက်ဒရယ်စနစ်သည် ရှေ့ခရီးလမ်းတစ်လမ်း ဖြစ်နိုင်သည်။ ဒါကို Arend Lijphart (၁၉၇၇)က "segmental autonomy" လို့ခေါ်ခဲ့ပါသည်။ ပိုင်နက်နယ်မြေမဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ၎င်းတို့နေထိုင်ရာနေရာတိုင်းတွင် လူနည်းစု (လူနည်းစုအတွင်းမှ လူနည်းစု) အသိုင်းအဝိုင်းများအတွက် အရေးကြီးသောအာမခံချက်များနှင့် ပြဌာန်းချက်များကို ပံ့ပိုးပေးနိုင်သည်။ လက်တွေ့တွင် ၎င်းသည် ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရည်ညွှန်းခြင်းမရှိဘဲခိုင်မာသော အခွင့်အရေးအခြေခံ ချဉ်းကပ်ပုံနှင့်တူနိုင်သည်။

အလေးအနက်ထားပြီး အကောင်အထည်ဖော်ပါက ဖြစ်နိုင်ခြေအနည်းဆုံးအဆင့်တွင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာဖက်ဒရယ်မူအရ လက်အောက်ခံအဖွဲ့ခွဲသည် ဒေသဆိုင်ရာ အသွင်ကူးပြောင်းမှုနှင့်ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများကို မြှင့်တင်နိုင်သည်။ ဒေသခံအသိုင်းအဝိုင်းများနှင့် "လူနည်းစု-အတွင်း-လူနည်းစု"ပါဝင်ခြင်းဖြင့် ဤနည်းလမ်းသည် လူမျိုးရေးအရသတ်မှတ်ထားသောနှင့် သတ်မှတ်ထားသော နယ်မြေလုပ်ကွက်များအကြား နယ်နိမိတ် များကို မှန်ဝါးအောင် ကူညီပေးနိုင်သည်။ ပေါ်ပေါက်လာသော ဖက်ဒရယ်စနစ်တွင် ဒေသန္တရအုပ်ချုပ်ရေးစနစ်သည် တင်းမာမှုများကို လျှော့ချရန်နှင့် EAOနှင့် ပြည်နယ်အဆင့် အာဏာပိုင်များ၏ တရားဝင်မှုနှင့် ယုံကြည်စိတ်ချမှုကိုမြှင့်တင်ရန် ကူညီပေးနိုင်ပါသည်။ ပြည်နယ်ယူနစ်များ(EAO သို့မဟုတ် ပြည်နယ်ကောင်စီအာဏာပိုင်များ)သည် "လူနည်းစု-အတွင်း-လူနည်းစု"ကို မည်ကဲ့သို့ ဆက်ဆံသနည်းဆိုသည်မှာ အခွင့်အရေးအခြေခံနှင့် တာဝန်သိအာဏာကိုင် ဆောင်သူများအဖြစ် ၎င်းတို့၏ ယုံကြည်ကိုးစားမှု၏ အဓိကစမ်းသပ်ချက်ဖြစ်သည်။

ဤဆွေးနွေးမှုတွင် ပါဝင်သောကိစ္စရပ်များ (မြန်မာနိုင်ငံရှိ ကိုယ်ပိုင်ပြဌာန်းခွင်များ အပါအဝင်)ကို EAO၏ ခေါင်းဆောင်များ အောက်တွင်ရှိကြသော် လူမှုအသိုင်းအဝိုင်းအဆင့်

(ဥပမာ-ကော်သူးလေ သို့မဟုတ် ကချင်မြေ) သို့မဟုတ် ပြည်နယ် (သို့မဟုတ်) ပြည်နယ်ခွဲအဆင့်များတွင် စတင်ကျင့်သုံးပါက ပိုမိုကောင်းမွန်ပါသည်။ ဤအဆင့်များတွင် လူမျိုးရေးအရ (ဥပမာ-မွန်ပြည်နယ် သို့မဟုတ် ကရင်နီပြည်နယ်) ဘက်မလိုက်သော အုပ်ချုပ်ရေးအသုံးအနှုန်းနှင့် ဝေါဟာရများအား အသုံးပြုရန်လိုအပ်သည်။

# ၃။

# ဒေသတွင်းမှ ကမ္ဘာလုံးဆိုင်ရာသို့

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ရာသီဥတုပြောင်းလဲမှု

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ကျွန်ုပ်တို့ခေတ်၏ ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးလုပ်ငန်းဖြစ်ပြီး ထို့ကြောင့် မြန်မာနိုင်ငံနှင့်ပြင်ပရှိ သက်ဆိုင်သူအများအပြားက မျှဝေနိုင်သည့် အလားအလာကောင်းများဖြစ်သည်။ သို့သော်လည်း ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ကွဲပြားစွာ ကြုံတွေ့နေရသောကြောင့် ဤအရာသည် ဘုံအကျိုးစီးပွား သို့မဟုတ် အထောက်အထားများဖြစ်မှု မလိုအပ်ပါ။ ရာသီဥတုဖောက်ပြန်မှု အန္တရာယ်များသည် အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်ကြသူများ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများအတွက် တရားဝင်ဖြစ်မှု ဘယ်သောအခါမှထိရောက်မှု သို့မဟုတ် တရားဝင်သည်ဟု မယူဆခဲ့သော မြန်မာနိုင်ငံ၏အခြေအနေကို အန္တရာယ်ဖြစ်စေပါသည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်မှုသည် နိုင်ငံတော်ကျရှုံးမှု၏ မောင်းနှင်အားတစ်ခုဖြစ်ပြီး နိုင်ငံရေးဖွဲ့စည်းပုံနှင့် အချုပ်အခြာအာဏာသစ်များကို ရှာဖွေရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ အာဏာသိမ်းမှုအပြီး မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရပြီး တရားဝင်သောအစိုးရအာဏာပိုင်များ မရှိတော့ချိန်တွင် EAOများနှင့် CSOများသည် ရာသီဥတုပြောင်းလဲလာခြင်းအား လျော့ပါးစေရေးနှင့် လိုက်လျောညီထွေရေးတွင် အဓိကအခန်းကဏ္ဍများ ရှိလာပါသည်။ ပါဝင်လုပ်ဆောင်သူများသည် ၎င်းတို့အလုပ်များနှင့် ဤနေရာတွင် ဘောင်ခတ်လုပ်ဆောင်ရခြင်းမရှိသော်ငြားလည်း ရာသီဥတုပြောင်းလဲမှုကိစ္စရပ်များကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။[၂၁]

၂၀၂၃ခုနှစ် မတ်လတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိုးရအဖွဲ့ (IPCC၊ ရာသီဥတုဖောက်ပြန်မှုကို သိပ္ပံနည်းကျလေ့လာသော UNအဖွဲ့အစည်း)မှ ၎င်း၏၂၀၂၃ခုနှစ်ထုတ်ပြန်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စုစည်းမှုအစီရင်ခံစာတွင် အောက်ပါအတိုင်းမှတ်ချက်ပြုခဲ့သည်။

» (A.2)လူလုပ်ပရောဂမှသက်ရောက်သော ရာသီဥတုပြောင်းလဲမှုကို သဘာဝပတ်ဝန်းကျင်နှင့် လူတို့အပေါ် ကျယ်ပြန့်သည့် ပြင်းထန်သောအကျိုးသက်ရောက်မှုနှင့် ၎င်းတို့နှင့်သက်ဆိုင်သော

---

၂၁။ဤအဆိုအချို့ကို Search for Common Ground အတွက် "Ethnic Armed Organization and Climate Change in Myanmar" တွင် အစီအရင်ခံခဲ့ပြီးဖြစ်ပါသည်။ (South, 2021a)

ဆုံးရှုံးမှုနှင့်ပျက်စီးမှုများကိုဖြစ်စေသည် (ဖြစ်နိုင်မှုအများဆုံး)။ သမိုင်းတစ်လျှောက် ရာသီဥတုပြောင်းလဲခြင်းကို အကျိုးသက်ရောက်မှုဖြစ်ပေါ်စေမှုအနည်းဆုံး ထိလွယ်ရှလွယ်သော လူမှုအသိုင်းအဝိုင်းက အချိုးညီမျှမှုမရှိဘဲ ထိခိုက်မှုအများဆုံးဖြစ်သည် (ဖြစ်နိုင်မှုအများဆုံး)။

» (B.1.1)ကမ္ဘာကြီးပူနွေးလာမှုသည် နောင်လာမည့် ၂၀၂၁မှ ၂၀၄၀ခုနှစ်ကြားပိုင်းတွင် ပိုပူနွေးလာနိုင်သည်။ အနီးစပ်ဆုံးခန့်မှန်းချက်အရ ၂၀၈၁မှ ၂၁၀၀ခုနှစ်အတွင်း ၁. ၄ဒီဂရီစင်တီဂရိတ် အနိမ့်ဆုံးအဆင့် ဖန်လုံအိမ်ဓာတ်ငွေ့ SSP-1.9 မှ SSP2-4.5နှင် ဖန်လုံအိမ်ဓာတ်ငွေ့၏ အမြင့်ဆုံးအဆင့် ၄. ၄ဒီဂရီစင်တီဂရိတ်အထိ တိုးလာနိုင်သည်ကို အနီးစပ်ဆုံးအဖြစ် ပျမ်းမျှ ခန့်မှန်းချက်ဖြစ်သည်။

2023-2024 အတွင်း နီညိုရာသီဥတုများ (ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေနှင့် လေအပူချိန်မြင့်တက်ခြင်း)၏ အကျိုးသက်ရောက်မှုများသည် စိုးရိမ်ဖွယ်အရိပ်အရောင်များ ဖြစ်လာသည်။ လာမည့်ဆယ်စုနှစ်၂ခုတွင် ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီအဆင့်များထက် (၂၀၁၅ ပါရီရာသီဥတုသဘောတူညီချက်တွင် ချမှတ်ထားသည့် ပန်းတိုင်ကိုချိုးဖျက်ပြီး) ၁. ၅ဒီဂရီစင်တီဂရိတ်ထက် ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိပြီး မိုးခေါင်မှု၊ ရေကြီးမှုများ တိုးမြင့်လာမှု အပါအဝင် ပြင်းထန်သောရာသီဥတုပုံစံများဖြင့် ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိသည်။ မုန်တိုင်းများသည် အရှေ့တောင်အာရှတွင် ပိုမိုပြင်းထန်ပြီးခန့်မှန်းမရသော မုတ်သုံလေများနှင့် (IPCC၊ ၂၀၂၁၊B.3.2) ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် နောင်လာမည့်ရာစုနှစ်များစွာတွင် နိုင်ငံများစွာကို အကျိုးသက်ရောက်လိမ့်မည်။ (IPCC၊ ၂၀၂၁၊ B.5.4)။ အထူးသဖြင့် ဝင်ငွေနည်းသောနိုင်ငံများ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးများနှင့် ရင်ဆိုင်နေရသောနိုင်ငံများသည် ဆိုးရွားစွာထိခိုက်ခံစားရမည် ဖြစ်ပါသည်။ ဤတိုးတက်မှုများသည် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းရှိ စားနပ်ရိက္ခာဖူလုံမှုအကျပ်အတည်းများကို တွန်းအားပေးလိမ့်မည်။ (Harvey၊ ၂၀၂၁)။

သို့သော်လည်း မြန်မာနိုင်ငံရှိ ကမ္ဘာမြေကိုထိခိုက်စေသည့် ရာသီဥတုအကျပ်အတည်းများအတွက် တာဝန်အနည်းငယ်သာရှိပါသည်။ သမိုင်းကြောင်းအရ အာရှတိုက်တွင်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှင့်မှု သို့မဟုတ် ရာသီဥတုပြောင်းလဲမှုကိုတွန်းအားပေးသည့် အခြားအကြောင်းအရင်းများတွင် သေးငယ်သော အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသည်ရာသီဥတုနှင့် ဆက်နွှယ်သော အန္တရာယ်များကို လွန်စွာထိခိုက်နိုင်ချေရှိသည်။ "ပုံမှန်မဟုတ်သောအခြေအနေအသစ်"တွင် Covid -19 ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာကူးစက်ရောဂါများ[၂၂]နှင့် ဖြစ်နိုင်ခြေရှိသောကပ်ရောဂါများ ပါဝင်သည်။

## Case Study: ကရင်[၂၂]

မြေယာနှင့် သစ်တောမူဝါဒနှင့် ကျင့်ထုံးများနှင့်ပတ်သက်၍ KNUသည် မြန်မာနိုင်ငံတွင် အတိုးတက်ဆုံး EAO ဖြစ်ကောင်းဖြစ်နိုင်သည်။ (KIO၊ NMSP၊ KNPP-KSCC တို့တွင်လည်း လမ်းကြောင်းမှန်ပေါ်၌ရွေ့နေသော်လည်း အောက်တွင်ကြည့်ပါ)။ကျယ်ပြန့်သော ကရင်အရပ်ဘက် အဖွဲ့အစည်းများမှ ပါဝင်လုပ်ဆောင်သူများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကို လုပ်ဆောင်နေကြသည်။ အမြင်တိုးချဲ့တွေးကြည့်သော် ကျေးလက်ဒေသခံလယ်သမားများသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ပိုမိုခံစားလာရမည်ဖြစ်ပြီး အများစုမှာ မိုးနှင့် အပူချိန်ပုံစံများ ပြောင်းလဲလာခြင်းဖြစ်သည်။

## KNU နှင့် CSOများ

KNUကို ၁၉၄၇ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကရင်လူမျိုးအများစုဘာသာရေး အသိုက်အဝန်းကို ကိုယ်စားပြုသည့် နိုင်ငံရေးအရအထူးခြားဆုံးနှင့် စစ်ရေးအရ အင်အားအရှိဆုံး EAOအဖြစ် ကျန်ရှိနေသည်။(South၊ ၂၀၁၁)။ ရာစုနှစ်ထက်ဝက်ကျော် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီးနောက် ၂၀၁၂ခုနှစ်တွင် KNUသည် မြန်မာအစိုးရနှင့် တပ်မတော်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။ ၂၀၁၈ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း မြန်မာ့တပ်မတော်သည် KNUနှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)နှင့် ဆက်စပ် အရပ်သားလူထုအား ပြန်လည်တိုက်ခိုက်ခဲ့သည်။

ကရင်နယ်မြေများ (အထူးသဖြင့် KNU၏ ထိန်းချုပ်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုအောက်ရှိ နယ်မြေ)များသည် မြန်မာနိုင်ငံတွင်သာမက အမှန်တကယ်ပင် အရှေ့တောင်အာရှကုန်းမကြီး အားလုံးတွင် အကောင်းဆုံးသစ်တောများ ရှိပါသည်။[၂၄]

---

၂၂။ဤစာတမ်း၏ အတိုင်းအတာထက် ကျော်လွန်နေသော်လည်း မြန်မာနိုင်ငံရှိ EAOအများအပြားသည် COVID ကူးစက်ရောဂါကို ထိထိရောက်ရောက် တုံ့ပြန်ရာတွင် နိုင်ငံတကာအလှူရှင်များ၏ ပံ့ပိုးကူညီမှုအများအပြားကို ဖြန့်ဝေပေးထားကြောင်း သတိပြုသင့်သည်။ ဥပမာအားဖြင့် KNUသည် ရှိပြီးသားဆေးခန်းများကို ပြန်လည်အသုံးပြုခြင်း၊ အဖျားကျသည့်ဌာနအသစ်များ တည်ထောင်ခြင်းနှင့် ကူးစက်ပျံ့နှံ့မှုကို ကန့်သတ်ရန်အတွက် ဒေသများအကြား ခရီးသွားလာမှုဆိုင်ရာ သင့်လျော်သောထိန်းချုပ်မှုများကို အကောင်အထည်ဖော်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ COVID-19 သည် SACအစိုးရ၏ စီမံခန့်ခွဲမှုလွဲမှားမှုကြောင့် ( EAO COVID စစ်ဆေးမှုစခန်း အများအပြားကို ဖျက်စီးခဲ့သည့်) တိုင်းရင်းသားဒေသများအပါအဝင် နိုင်ငံတစ်ဝှမ်းတွင် ဆိုးရွားသောသေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

၂၃။ဖြစ်ရပ်လေ့လာမှု ၄ခု (ကရင်၊ ကချင်၊ မွန်နှင့် ကရင်နီ)တို့ကို ၂၀၂၃ခုနှစ် အစောပိုင်း (အာဏာသိမ်းပြီး ၂နှစ်အကြာ)တွင် ပဋိပက္ခ-ရာသီဥတု ရှုပ်ထွေးသော လိုက်လျောညီထွေမှုစနစ် (ချိတ်ဆက်မှု)၏ လျှပ်တစ်ပြက်ပုံများအဖြစ် ရှုမြင်နိုင်သည်။

၂၄။၂၀၁၉ခုနှစ် နိုင်ငံတကာသတိပေးချက်တွင် ဖော်ပြထားသည့်အတိုင်း “ KNU၏ KFD (Kawthoolei Forestry Department)”သည် မြန်မာအစိုးရမှ ဝင်ရောက်ခွင့်မရှိသည့် အရှေ့တောင်အာရှရှိ တန်ဖိုးမြင့်ထိန်းသိမ်းရေး သစ်တောများကို ပိုင်ဆိုင်ထားသည်။

ကရင်ရွာသားများ၊ CSOများနှင့် KFDတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောစီမံခန့်ခွဲမှုအတွက် ရပ်ရွာလူထုအတွက်အခြေပြုချဉ်းကပ်နည်းကို တီထွင်ခဲ့ပြီး ယင်းအရေးကြီးသော အရင်းအမြစ်များကို ထိန်းသိမ်းစီမံခန့်ခွဲရာတွင် အောင်မြင်ခဲ့သည်။ ကရင်သစ်တောများသည် ကော်သူးလေ (ကရင်ပြည်)၊ မြန်မာနိုင်ငံနှင့်ကမ္ဘာအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဒေသယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းများအတွက် အရင်းအမြစ်များအဖြစ် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေရန် "ကာဗွန်နစ်မြုပ်မှု"တို့အတွက် မရှိမဖြစ်အရေးပါသော ပိုင်ဆိုင်မှုများဖြစ်သည်။ ဒေသအလိုက်ပိုင်ဆိုင်ပြီး ပေးအပ်ထားသော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်မှုများသည် KNUနှင့်မိတ်ဖက်များ၏ အုပ်ချုပ်နှင့် စီမံအုပ်ချုပ်မှုအစီအစဉ်များ၏ ထိရောက်မှုနှင့်တရားဝင်မှုကို ပြသသည်။

ယခင်က KFDသည် သစ်ခုတ်ခြင်းနှင့် သစ်တောပြုန်းတီးခြင်းနှင့် ပိုမိုဆက်စပ်လုပ်ဆောင်နေပါသည်။ သို့သော်လည်း ၂၁ရာစု၏အလှည့်အပြောင်းကာလမှစ၍ KFDသည် ရပ်ရွာအခြေပြု သစ်တောစီမံခန့်ခွဲမှုအတွက် ပြတ်သားစွာကတိကဝတ်ပြုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကတာဝန်ရှိသူဟု KNUမှ မိမိကိုယ်ကို ပြန်လည်သတ်မှတ်ကာ ပြန်လည်ဦးတည်ခဲ့သည်။ ဒေသတွင်း ပါဝင်ပက်သက်သူများအကြား KNU၏ တရားဝင်မှုနှင့် ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းရန် အထင်အမြင်လွဲမှားနိုင်ပြီး ဒုက္ခအကြီးအကျယ်ရောက်စေနိုင်သော ရေအားလျှပ်စစ်နှင့် အခြားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုဆန့်ကျင်ရန် အထူးအရေးကြီးသည်။( Middleton၊ Scott & Lamb၊ ၂၀၁၉)။ ယင်းတွင် ကရင်ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းများ၊ CSOများနှင့် အရင်းအမြစ်ကျွမ်းကျင်သူများ အထူးသဖြင့် Karen Enviromental and Social Action Network (KESAN)တို့ထံမှ များစွာသောပံ့ပိုးမှုများ ရရှိခဲ့ပါသည်။

KFDသည် ဥပဒေများနှင့်မူဝါဒများ အစုံအလင်ကို ချမှတ်ထားသည်။ ယေဘုယျအားဖြင့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို (အနည်းဆုံးမူအရ) ကောင်းစွာနားလည်ပြီး လေးစားမှုရှိသည်။ သို့သော်လည်း ဖောက်ဖျက်ကျူးလွန်သူများအတွက် ပြစ်ဒဏ်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်း သို့မဟုတ် ကောင်းစွာသိပုံမပေါ်ပေ။ ထို့အပြင် တရားမဝင်မှုဆိုးများ အနည်းစုသာလျှင် နားလည်ပုံရသည်။ ထို့ကြောင့် KFDသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသောသစ်တောနှင့် အခြားသဘာဝအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရဲတပ်ဖွဲ့နှင့်သင့်လျော်သော ဥပဒေများနှင့်မူဝါဒများကို ဆက်လက်ဖော်ဆောင်နိုင်စေရန်အတွက်

ပံ့ပိုးပေးရန် အရေးကြီးပါသည်။

ကရင်သစ်တောများကို ကာကွယ်ရန် KFD၏ ကတိကဝတ်ကို အကောင်အထည်ဖော်ခြင်းသည် KNUနှင့် ၎င်း၏အဖွဲ့များအတွင်း ယဉ်ကျေးမှုပြောင်းလဲမှုတစ်ခုခု လိုအပ်မည်ဖြစ်သည်။ မြန်မာစစ်တပ်၏ ပြင်းထန်သောအကြမ်းဖက်မှုနှင့်နှိပ်ကွပ်မှု အခြေအနေများအောက်တွင် KNUသည် နှစ်ပေါင်းများစွာ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော အမိန့်ပေး-ထိန်းချုပ်မှုစနစ်ကို ကျင့်သုံးခဲ့ပြီး မိမိကိုယ်ကို Clientelist (neopartimonial၊ ပုဂ္ဂလိကဖြစ်သော)နိုင်ငံ့ဘောဂဗေဒများအဖြစ် ချေငှားခဲ့သည်။ KNU၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် KNLAအပါအဝင် ဌာနချုပ်နှင့် ဒေသခံအာဏာကိုင်ဆောင်သူများသည် ကော်သူးလေသစ်တောများ၏ ရေရှည်တန်ဖိုးကိုနားလည်စေရန် အရေးကြီးပါသည်။

လူမှုအသိုက်အဝန်းများသည် ရိုးရာလူမှုယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလေ့အကျင့်များစွာဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဤဌာနေတိုင်းရင်းသားပညာသည် ရာစုနှစ်များစွာကြာအောင် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနေရာဖြစ်သည့် KNUမြိတ်-ထားဝယ်ခရိုင် (တနင်္သာရီတိုင်းဒေသကြီး KNLA တပ်မဟာ ၄)အပါအဝင် သာမန်ထက်ထူးခြားသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများကို ရာစုနှစ်များစွာထိန်းသိမ်းရန် ကူညီပေးခဲ့သည်။ ကော်သူးလေရှိများပြားလှသော သစ်တောများကို အကာအကွယ်ပေးခြင်းသည် မကြာသေးမီနှစ်များအတွင်း KFDမှ ပံ့ပိုးထိန်းကျောင်းပေးသော ဒေသခံလူထုများဘက်မှ အုပ်ချုပ်မှုနှင့်မိရိုးဖလာဉာဏ်ပညာ၏ ရလဒ်ဖြစ်သည်။

CSOများ၊ အခြားသောကျွမ်းကျင်သူများနှင့် ပူပေါင်း၍ KFDသည် သစ်တောအတွင်း တောရိုင်းတိရစ္ဆာန်များကိုကာကွယ်ရန် တရားဥပဒေနှင့်မူဝါဒများကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ KNU၏ ခရိုင်၊ မြို့နယ်အဆင့်အာဏာပိုင်များနှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ KNUသစ်တောဥပဒေတွင် ရဲတပ်ဖွဲ့ဝင်များနှင့် အထင်ရှားဆုံးအားဖြင့် မုဆိုးများအပါအဝင် သက်ဆိုင်သူများ၏ ကျယ်ပြန့်သောအကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများနှင့်အတူ ဒေသခံပါဝင်လုပ်ဆောင်သူများ (KNU/KNLA ဝန်ထမ်းများနှင့် ရွာသားများအပါအဝင်)လည်း အကျိုးဖြစ်ထွန်းနိုင်ချေ (ရေတိုတွင် ငွေကြေးအရ) တောရိုင်းတိရစ္ဆာန်ရာဇဝတ်မှုဆိုင်ရာ အစိတ်အပိုင်းအချို့ကြားတင်းမာမှုများ ရှိလာနိုင်သည်။ ထို့အပြင် ဒေသခံလူထုများသည် အမဲလိုက်၍ရသောအသားများနှင့် အခြားသော ထွက်ကုန်များအတွက် သစ်တောများကို ကာလရှည်ကြာ မှီခိုအားထားကြသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများကို အကျိုးဖြစ်ထွန်းသော ပိုင်ဆိုင်မှုများအဖြစ် အသုံးပြုခြင်း (တာဝန်ယူ၍ ရေရှည်တည်တံ့သောနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်း)အကြား မျှတမှုကို

ရှာဖွေရန်အရေးကြီးပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် သစ်ခိုးထုတ်မှုတိုးလာကြောင်း လက်တလောသတင်းများအရ KNUထိန်းချုပ်နယ်မြေမဟုတ်သော ဒေသအများစုတွင် အာရုံစိုက်ဖော်ပြထားသည်။ သို့သော်လည်း ဖေဖော်ဝါရီလ ၁ရက်နေ့ အာဏာသိမ်းချိန်မှစ၍ တနင်္သာရီမြစ်နှင့် မြစ်လက်တက်များတွင် ရွှေတူးဖော်မှု အလွန်စိုးရိမ်ဖွယ်ရာ တိုးလာခဲ့သည်။ ဤသည်မှာ မြန်မာ့တပ်မတော်(အဓိကသတင်းပေးသူများ)၏ သဘောတူညီမှု (သို့မဟုတ်) ဗျူဟာမြောက်ပံ့ပိုးကူညီမှုဖြင့် ကောင်းမွန်စွာချိတ်ဆက်ထားသော ခရိုနီကုမ္ပဏီများက တွန်းအားပေးနေပုံရသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် KNUသစ်တော ဥပဒေနှင့်မူဝါဒကို ချိုးဖောက်နေပုံရသည်။

ယခင်က KFDသည် KNUနယ်မြေများတွင် သစ်ထုတ်ယူခြင်းလုပ်ငန်းများကို လိုင်စင်ထုတ်ပေးရန် အဓိကတာဝန်ရှိပါသည်။ မကြာသေးမီက KNU၏ ၂၀၁၉ခုနှစ် သစ်ခုတ်လှဲမှုတားမြစ်ချက်ချမှတ်ခဲ့သည့် နမူနာအတိုင်း သစ်တောသယံဇာတများထိန်းသိမ်းရေးကို အာရုံစူးစိုက်မှုသို့ ပြောင်းသွားသည်။(သို့သော် လက်တွေ့တွင် လေးစားမှုအမြဲမရှိပါ။ အဓိကအားဖြင့် KNUနှင့် အခြား EAOတို့၏ သဘောသဘာဝကြောင့် နိုင်ငံရေးယဉ်ကျေးမှု)တို့ကြောင့် အဓိကဖြစ်သည်။

ရာစုနှစ်များကြာလာသည်နှင့်အမျှ ကရင်ရပ်ရွာလူထုအသိုင်းအဝိုင်းများသည် ဓလေ့ထုံးတမ်းစဉ်လာ (အများအားဖြင့် အလွတ်သဘောအရ) ဖွံ့ဖြိုးလာသော်လည်း ရပ်ရွာသစ်တောများနှင့်ရိုးရာ (နတ်ကိုးကွယ်သော) ဝိညာဉ်ရေးဆိုင်ရာ ဓလေ့ထုံးတမ်းများအတွက် သီးသန့်နေရာများအပါအဝင် ဤအစီအစဉ်များကို ဒေသလိုက်သဘောတူထားသည့် ဥပဒေများနှင့်ရပ်ရွာအဆင့် "ရဲသားများ" ဆောင်ရွက်ခြင်း ခေတ်မီဆန်းပြားသော မြေယာအသုံးချမှုများ တိုးတက်ဖွံ့ဖြိုးလာသည်။ KNU၊ KFDနှင့် KESANတို့မှ ရေးဆွဲထားသောမူဝါဒများ၊ ဥပဒေများနှင့် အလေ့အထများမှတဆင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပံ့ပိုးကူညီပြီး ၎င်း၏ ၇ခရိုင်သောနယ်မြေများ တစ်ခုစီတွင် အကာအကွယ်ပေးထားသည့် နယ်မြေများ (တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ သစ်တောကြိုးဝိုင်းများ) ကို ပံ့ပိုးကူညီခဲ့ပါသည်။

KFDသည် ဥပဒေနှင့်မူဝါဒများ ဖွံ့ဖြိုးတိုးတက်စေရန်ကူညီပေးသော Karen CSOs များနှင့်ပူပေါင်း၍ လုပ်ဆောင်လေ့ရှိသည်။ ဥပမာအားဖြင့် KNU Mudraw(ဖာပွန်)ခရိုင် (KNLA တပ်မဟာ၅)နှင့် ဒေသခံပြည်သူများနှင့် နီးနီးကပ်ကပ်ပူပေါင်းဆောင်ရွက်ကာKESANသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် မြောက်ပိုင်းကရင်တောင်ကုန်းများ၌ (၂၀၀၈)ခုနှစ်တွင် စတုရန်းကီလိုမီတာ ငါးထောင်ဖြင့် တည်ထောင်ရန်နီးကပ်စွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းကဲ့သို့ တက်ကြွမှုနှင့် အချုပ်အခြာအာဏာ၏ အရင်းအမြစ်ဖြစ်သော တစ်ဖက်လှည့်အမြော်အမြင်သည် ဒေသတွင်းပိုင်း သစ်တောစီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းရေးတွင် အနာဂတ်ကြိုးပမ်းမှုများအတွက် စံပြတစ်ခုဖြစ်သည်။

(KESANအပါအဝင်) ကရင်လူမှုအဖွဲ့အစည်းအချို့သည် ဒေသတွင်းနေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းများကို ဖော်ဆောင်ခဲ့သည်။ ဤအတွေ့အကြုံမှ သင်ခန်းစာယူနိုင်ပြီး ကရင်ပြည်နယ်မြောက်ပိုင်းရှိ ၎င်းတို့၏ဌာနချုပ်အတွက် များပြားလှသော ဆိုလာစွမ်းအင်ကိုတီထွင်ခဲ့သော Free Burma Rangersကဲ့သို့သော အဖွဲ့များမှ အကြံဉာဏ်များစွာ ရယူနိုင်ပါသည်။

## KDF မူဝါဒများနှင့်ဥပဒေများ

ရပ်ရွာလူထုအခြေပြုချဉ်းကပ်နည်းသည် အနည်းဆုံးမူအရအားဖြင့် KNUနှင့်KFD သစ်တောမူဝါဒများနှင့် ဥပဒေများအတွက် အဓိကကျပါသည်။ ၂၀၀၉ခုနှစ် KNUသစ်တောမူဝါဒ၏ ပန်းတိုင်(လက်ရှိ ပြန်လည်ပြင်ဆင်နေဆဲ၊ အောက်တွင်ကြည့်ပါ)သည် "ရေရှည်တည်တံ့သော သဘာဝ အရင်းအမြစ်များ (သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တောများ၊ နေရောင်ခြင်နှင့်လေ) စီမံခန့်ခွဲမှုကို သေချာစေရန်နှင့်ထိရောက်သော စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ကြီးကြပ်မှုတို့ကို ချမှတ်ခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လူမှုစီးပွားရေးကဏ္ဍများတွင် အရင်းအမြစ်များကို အသုံးပြု၍ စီမံခန့်ခွဲခြင်းဖြစ်သည်။

KNUသစ်တောဥပဒေ(၂၀၁၂)တွင် ကြိုးဝိုင်သစ်တောထူထောင်ပိုင်ခွင့်၊ သစ်တော အုပ်ချုပ်မှု၊ သစ်တောထွက်ကုန်များ၊ ဖယ်ရှားခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် သစ်တောပြစ်မှုများနှင့် ပြစ်ဒဏ်များ ကဲ့သို့သော ခေါင်းစဉ်များပါဝင်သည်။KNUခရိုင်နှင့် မြို့နယ်အာဏာပိုင်များသည် သစ်တောကြိုးဝိုင်းကိုတည်ထောင်နိုင်ပြီး ဒေသခံလူထုများနှင့်တိုင်ပင်ကာ ၎င်းတို့၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားရန် လုပ်ထုံးလုပ်နည်းများကို သေချာစေပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်းနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းတို့ကို ထိန်းညှိခြင်းအပါအဝင် သစ်တောအုပ်ချုပ်မှုတွင် အဓိကကျသောအခန်းကဏ္ဍမှ ခရိုင်အနေဖြင့်မူဝါဒကို ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည်။ ခရိုင်KFDမှ တာဝန်ရှိသူများသည် လမ်း သို့မဟုတ် မြစ်ဖြင့် သစ်တောထွက်ကုန်များ ဖယ်ရှားခြင်းကိုစောင့်ကြည့်ရန်၊ထုတ်ယူခွင့်နှင့်အခြားသော လိုင်စင်များအတွက်ပေးဆောင်ရမည့် အခကြေးငွေများ သတ်မှတ်ခြင်းနှင့်မြစ်ချောင်းများနှင့် အခြားဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များအပေါ် အပျက်သဘောဆောင်သောလုပ်ရှားမှုများအား တာမြစ်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ ယေဘုယျအားဖြင့် ဒေသအလိုက်အမှုများကိုဖြေရှင်းရန် ဦးစားပေးမှုရှိပါသည်။ ဒေသဆိုင်ရာအာဏာပိုင်များသည် ပြစ်မှုကျူးလွန်သူများကို မကြာခဏဒဏ်ငွေရိုက်ပြီး ၎င်းတို့အား တရားဝင်တရားစီရင်ရေးစနစ်ဖြင့် (ထောင်ဒဏ်အထိ) ဒဏ်ခတ်ချမှတ်နိုင်သည်။

ခြုံငုံကြည့်လျှင် KNU၏ နိုင်ငံရေးရပ်တည်ချက်သည် ဆယ်စုနှစ်များစွာကြာ လက်နက်ကိုင်ပဋိပက္ခများအထိ ဖက်ဒရယ်နိုင်ငံရေးပြေလည်မှုရရှိရေး မျှော်မှန်းချက်ဖြင့် ယေဘုယျအားဖြင့် ဖော်ပြသည့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာကြေညာချက်(ကျင့်ထုံးများ)ဖြစ်ပြီး ၎င်းတို့၏ ထိန်းချုပ်နယ်မြေများတွင် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် တရားဝင်အုပ်ချုပ်မှုဆိုင်ရာ တောင်းဆိုချက်များကို အားဖြည့်ပေးပါသည်။ KNU (များစွာထိခိုက်ခံစားရသောဒေသများရှိ ကရင်ရွာသားအများစု)အတွက် သစ်တောအုပ်ချုပ်ရေးသည် ကရင်အချုပ်အခြာအာဏာနှင့် KNU၏ နိုင်ငံရေးတရားဝင်မှုအား ဒေသန္တရအုပ်ချုပ်ရေးအာဏာအဖြစ် သတ်မှတ်သည်။ KNUသည် ကြီးမားသော နိုင်ငံရေးအချုပ်အခြာအာဏာတောင်းဆိုမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရပ်ရွာအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လုပ်ဆောင်သည့် မဟာဗျူဟာအဖွဲ့အစည်းသည် ဤကဏ္ဍတွင် နိုင်ငံတကာပါဝင်သူများနှင့် ပူးပေါင်းရန် လမ်းဖွင့်ထားကြောင်းကို ဆိုလိုသည်။

## နိုင်ငံရေးဆိုင်ရာ ဘောဂဗေဒ

KNU နှင့် KNLAတို့သည် ကရင်လူထုနှင့်သစ်တောများ၊ ကာကွယ်ရေးရန်ပုံငွေ အပါအဝင် ဝင်ငွေလမ်းကြောင်း လိုအပ်နေပါသည်။ မြန်မာနိုင်ငံရှိ ကရင်နှင့်အခြားသစ်တောများ ရေရှည်ထိန်းသိမ်းရေးအတွက် KNUနှင့် သက်ဆိုင်ရာ အခြားEAO တို့သည် ရေရှည်တည်တံ့သော ဝင်ငွေစီးကြောင်းနှင့်ရန်ပုံငွေပုံစံများ ရေးဆွဲရာတွင်ပါဝင်ရန် လိုအပ်မည်ဖြစ်ပါသည်။ အခြားအန္တရာယ်မှာ အဆိုပါအဖွဲ့အစည်းများသည် သက်သာခွင့်အနည်းအငယ်သာရှိသော်လည်း သဘာဝသယံဇာတထုတ်ယူမှုနှင့်အခွန်များကို အဓိကဝင်ငွေလမ်းကြောင်းအဖြစ် မှီခိုနေရခြင်းဖြစ်သည်။

အဖွဲ့အစည်းလိုအပ်ချက်များအပြင် ဒေသခံ KNU(ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု) နှင့် KNLA(တပ်မဟာ၊ တပ်ရင်း၊ ကုမ္ပဏီ)ခေါင်းဆောင်များ (သို့မဟုတ် ၎င်းတို့၏မိသားစုများ) အပါအဝင် တို့သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် မကြာခဏ ပါဝင်ပက်သက်နေကြောင်း အသိအမှတ်ပြုရန်လိုအပ်ပါသည်။ သဘာဝသယံဇာတထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ တစ်ခါတစ်ရံတွင် KNU/KFD မူဝါဒနှင့်ဥပဒေများကို ချိုးဖောက်ခြင်း သို့မဟုတ် မသိနားမလည်ခြင်းတို့ကြောင့် ဖြစ်သည်။ ၎င်းသည် KNU/KNLA အကွဲကွဲအပြားပြားဖြစ်နိုင်သည့် အန္တရာယ်အပါအဝင် အဓိကဒေသခံများနှင့် သက်ဆိုင်သူများကိုကင်းကွာစေရန် သို့မဟုတ် နောက်ထပ်ပဋိပက္ခကို တွန်းအားပေးရန်ရည်ရွယ်၍ ဥပဒေနှင့်စည်းမျဉ်းများ၊ အကောင်အထည်ဖော်မှုနှင့်ထိန်းကျောင်းဂရုတစိုက်ချိန်ခွင်လျှာညှိရန် လိုအပ်သည်။

ဤပြဿနာကိုဖြေရှင်းရန်နှင့် အစားထိုးဝင်ငွေလမ်းကြောင်းများရှာဖွေရန် ခရိုင်အဆင့်တွင် KNUနှင့်KFDတို့နှင့် လက်တွဲဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပါသည်။ ငွေသား

ထမ်းပိုးထားသော SACစစ်အစိုးရ၏ဖိအားများကြောင့် ဤသည်မှာ လွယ်ကူမည်မဟုတ်ပေ။ သစ်တောများကိုကာကွယ်ရန်နှင့် ရွှေတူးဖော်ခြင်းနှင့် အခြားသောသဘာဝပတ်ဝန်းကျင် ပျက်စီးစေသည့် အလေ့အကျင့်များမှ ဝင်ငွေအပေါ်မှီခိုအားထားမှုကိုလျှော့ချရန်အတွက် ခရိုင် KFDသည် ကြားဖြတ်ငွေပေးချေမှုပုံစံအပါအဝင် နိုင်ငံတကာ၏ပံ့ပိုးကူညီမှု အရေးတကြီးလိုအပ်နေသည့် နေရာတစ်ခုဖြစ်သည်။

## မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်း (သက်ရောက်မှုများနှင့် ပြဿနာများ)

Global Climate Risk Indexအရ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးနိုင်ငံ ၁၀နိုင်ငံအနက် ၄နိုင်ငံသည် အရှေ့တောင်အာရှတွင် မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြစ်သည်။(Overland et al၊ ၂၀၁၇)။ မြန်မာနိုင်ငံသည် ၂၀၀၀ခုနှစ်မှစ၍ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှု ၄၃ကြိမ်ကို ကြုံတွေ့ခဲ့ရသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူဦးရေ ၁.၆သန်းကျော် (ဇုန်နှင့် ပြည်နယ် ၁၂ခုတွင်) ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များ (Colquhoun၊ Sandberg & Nyoi၊ ၂၀၁၆)ကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

၂၀၀၀ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ကမ္ဘာ့ရာသီဥတုအန္တရာယ်အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်ဒုတိယမြောက် သဘာဝဘေးအန္တရာယ် သို့မဟုတ် ပြင်းထန်သောရာသီဥတုဒဏ်ခံရသောနိုင်ငံ ဖြစ်သည်။(Eckstein, Kunzel & Schafer၊ ၂၀၂၁)။ သန်းနှင့်ချီသောမြန်မာနိုင်ငံသားများသည် အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများဖြစ်သည့် သဘာဝဘေးဒဏ်ကျရောက်နိုင်သောဒေသများတွင် နေထိုင်ကြသည်။ ပြင်းထန်သောရာသီဥတုဖြစ်ရပ်များနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်သော သဘာဝဘေး အန္တရာယ်များသည် မကြာခဏဆိုသလိုဖြစ်လာနေပြီး ဒေသခံအသိုင်းအဝိုင်းသည် မုန်တိုင်း၊ ရေကြီးမှု၊ မိုးခေါင်မှုနှင့် မြေပြိုမှုအန္တရာယ်ကျရောက်နိုင်ခြေ ပိုခံစားလာရနိုင်သည်။ ကျေးလက်နေပြည်သူများသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုဒဏ်ကိုခံရလေ့ရှိပြီး အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာမလုံခြုံမှုများ ဆုံးရှုံးရလေ့ရှိပြီး စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုတိုးမြင့်လာစေသည်။၎င်းသည် လူကုန်ကူးမှု၊ ပြည့်တန်ဆာနှင့် ခေတ်သစ်ကျွန်ပြုမှုတို့ကို ဖော်ထုတ်ပြသကာ ဘေးဖယ် ထားသောလူ့အဖွဲ့အစည်းများ၏ အားနည်းချက်ကိုပေါင်းစပ်စေသည်။ ယင်းသည် မိုးရာသီတွင် ဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်သူသိန်းနှင့်ချီသော ကျေးလက်နေပြည်သူများအတွက် ရာသီအလိုက်ပုံစံတစ်ခုဖြစ်လာခဲ့သည်။ အသက်မွေးဝမ်းကျောင်းမှုအပေါ် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးသက်ရောက်မှုများကို သရုပ်ဖော်သည့်အနေဖြင့် အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကမ်းရိုးတန်းလယ်မြေအများအပြားသည် မြေဆီလွှာဆားချက်မှုကြောင့် စပါးစိုက်ပျိုးရာတွင်

အဆင်မပြေဖြစ်ကြပြီး ခြောက်သွေ့မြေပေါ်တွင်တည်ဆောက်ထားသော ကျေးရွာများသည် ယခုအခါ ဒီရေတက်ချိန်တွင် ရေမြုပ်သွားကြပြီဖြစ်သည်။

၂၀၀၈ခုနှစ် မြန်မာနိုင်ငံတွင် ယနေ့အထိ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ခန့်မှန်းခြေလူပေါင်း ၁၄၀,၀၀၀ခန့်သေဆုံးခဲ့ပြီး ဧရာဝတီတိုင်းတွင် လူပေါင်း ၂. ၄သန်းကို ပြင်းထန်စွာထိခိုက်ခဲ့သည်။ ၂၀၁၀ခုနှစ်တွင် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၄၅ဦးသေဆုံးခဲ့ပြီး နောက်ထပ် လူ၂၆၀,၀၀၀ဦး ထိခိုက်ခဲ့သည်။ ဘေးအန္တရာယ်များ၏ ကြိမ်နှုန်းနှင့် အတိုင်းအတာသည် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်တိုးလာနေကြောင်း ညွှန်ပြနေသည်။ ထိုသတိပေးချက်များကို လျစ်လျူရှုထားသော်လည်း ယခင်အစိုးရသည် အဓိပ္ပာယ် ပြည့်ဝသော လျော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ ယင်းအစား စည်းမျဉ်းစည်းကမ်းမဲ့ ထုတ်ဖော်ထုတ်လုပ်သည့်လုပ်ငန်းများကို ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်နိုင်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအနည်းငယ်မျှသာရှိသော ကြီးမားပြီးအန္တရာယ်များသော ရင်းနှီးမြှုပ်နှံမှုများကိုခွင့်ပြုပေးခဲ့သည်။

## အာဏာမသိမ်းမီ ရာသီဥတုဆိုင်ရာလှုပ်ရှားမှု

မြန်မာနိုင်ငံသည် ၁၉၉၀ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း သစ်တောဖုံးလွှမ်းမှု ဟက်တာ ဆယ်သန်း(တောင်ကိုရီးယား၏ စုစုပေါင်းမြေဧရိယာနှင့် ညီမျှသောဧရိယာ)ကို ဆုံးရှုံးခဲ့သည်။ (ကမ္ဘာဘဏ်၊ ၂၀၁၉)။ ၂၀၁၀ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယ အဆိုးရွားဆုံး သစ်တောပြုန်းတီးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်သည်။ (အေးစံပယ်ဖြူ ၂၀၁၅)။

၂၀၁၁-၂၀၂၀ကာလသည် မြန်မာနိုင်ငံတွင်အကန့်အသတ်ရှိသော နိုင်ငံရေးပြုပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မြင်တွေ့ခဲ့ရသည်။ ယင်းတို့တွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးစေရန်ရည်ရွယ်သည့် မူဝါဒများဖြစ်သည့် ၂၀၁၄ခုနှစ်တွင် သစ်ကုန်ကြမ်းတင်ပို့မှုကိုတားမြစ်ခြင်း (Mclaughlin & Aung Hla Tun၊ ၂၀၁၆) နှင့် ပြင်းထန်သောသက်ရောက်မှုရှိသော ဒေသများအတွက် ၂၀၁၆ခုနှစ်တွင် ၁၀နှစ်ကြာသစ်ထုတ်ယူမှုဆိုင်းငံ့ခြင်း (ခင်ဝိုင်းဖြူဖြူ ၂၀၁၆)တို့ဖြစ်သည်။ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ(၂၀၁၈- ၂၀၃၀)ကို တုံ့ပြန်မှု၏ ရေရှည်ကဏ္ဍများကို ကိုင်တွယ်ဖြေရှင်းရန် (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ၂၀၁၉)ကို တည်ဆောက်ခဲ့သည်။ မဟာဗျူဟာသည် နိုင်ငံတော်၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာပါဝင်ပတ်သက်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းများမှထိရောက်သော တုံ့ပြန်မှုကိုအတူယူသည့် စုပေါင်းချဉ်းကပ်မှုဖြင့် ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက်

မဟာဗျူဟာများနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး အစီအမံများနှင့်ချိန်ညှိရန် ရည်ရွယ်ပါသည်။ ပြန်လည်ထူထောင်ရေးနှင့် သစ်တောပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် အစိုးရက ၁၀နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း၅၀၀ ကိုလည်း ကတိပြုခဲ့သည်။ (MONREC၊ ၂၀၁၉)

အုပ်ချုပ်ရေး၏ အခြားကဏ္ဍများကဲ့သို့ပင် ၂၀၂၁ခုနှစ် အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်ချဉ်းကပ်မှုမှာ အထက်မှအောက်သို့ ဗဟိုချုပ်ကိုင်မှု အတော်လေးရှိသည်။ မည်သို့ပင်ဆိုစေကာမူ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များနှင့်ပက်သက်၍ အသိပညာပေးသည့် CSOများဘက်မှ ရာသီဥတုပြောင်းလဲမှုနှင့်ထိတွေ့မှု ကြီးထွားလာမှုဆီသို့ ဦးတည် ရွေ့လျားလာခဲ့ပါသည်။ ဤကြိုးပမ်းအားထုတ်မှုမှာ အရှိန်အဟုန်မြင့်လာပြီး ပိုမိုမြင်သာလာသည်။ အသစ်ဖွဲ့စည်းထားသောနေရာများတွင် CSOများသည် မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် Myanmar Alliance for Transparency and Accountability (MATA)နှင့် Myanmar Climate Alliance ကဲ့သို့သော platformများမှတဆင့် မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၎င်းတို့သည် အသိပညာပေးခြင်း၊ ဒေသအလိုက်လိုက်လျောညီထွေ ဖြစ်အောင်ဆောင်ရွက်ခြင်း၊ အားနည်းချက်အကဲဖြတ်ခြင်း၊ ကြိုတင်ပြင်ဆင်မှု၊ အရင်းအမြစ်စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှုနှင့်ခံနိုင်ရှိမှုအတွက် ပံ့ပိုးကူညီမှုတို့အပါအဝင် ဒေသတွင်းနှင့်နိုင်ငံအဆင့်တွင် ကြားဝင်ဆောင်ရွက်ပေးမှုကိုဖန်တီးနိုင်စေရန် CSOများအား အခြားသက်ဆိုင်သူများနှင့် ချိတ်ဆက်နိုင်စေပါသည်။

## အာဏာသိမ်းပြီးချိန်မှစ၍ အခြေအနေ

၂၀၂၁ခုနှစ်တွင် SACသည် Nationally Determined Contributions (NDC) အစီအရင်ခံစာ၊ ၂၀၁၅-၂၀၂၀ NLDအစိုးရမှ ပြုစုထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစာတမ်းကို UN Framework Convention on Climate Change (UNFCCC)သို့ ထည့်သွင်းခဲ့သည်။ NUGသည် အာဏာသိမ်းပြီးကတည်းကရေးထားသော ၎င်းနှင့်ထပ်တူနီးပါးအစီရင်ခံစာကို တင်သွင်းခဲ့သည်။(MONREC၊ ၂၀၂၁-က)။ United Kingdom (၂၀၂၁ UN Climate Change Conference,or COP ၂၆)တွင် လက်ခံကျင်းပမည့် SACကိုယ်စားလှယ်အဖွဲ့အား ထိပ်သီးအစည်းအဝေးဧည့်စာရင်းမှထုတ်ခဲ့ပြီး UNFCCC (ပွဲစီစဉ်သူများ)မှ မြန်မာအစိုးရ ကိုယ်စားလှယ်ဖိတ်ကြားခြင်း မပြုခဲ့ပေ။

NUG၏ NDCစာရွက်စာတမ်းသည် နေရာယူထားးသည်။ သမိုင်းဝင်ပဋိပက္ခ ဒိုင်းနမစ်များ၊ EAOနှင့် CSOများ၏ အခန်းကဏ္ဍများ၊ ဒေသခံရပ်ရွာအေဂျင်စီများနှင့်

ဌာနေတိုင်းရင်းသားများ၏ ရပ်တည်ချက်များနှင့် အခွင့်အရေးများကို ထည့်သွင်းစဉ်းစား၍ ပိုမိုကောင်းမွန်သော၊ အောက်ခြေမှချဉ်းကပ်မှုကို ဖော်ဆောင်သင့်ပါသည်။ ပြည်နယ်ဗဟိုပြုချဉ်းကပ်မှု နည်းသောနည်းလမ်းသည် တိုင်းရင်းသားသက်ဆိုင်သူများနှင့် ပိုမိုကောင်းမွန်သောထိတွေ့ဆက်ဆံမှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

မြန်မာ NDCသည် သစ်တောပြုန်းတီးမှု၏ မောင်းနှင်အား သို့မဟုတ် ဌာနေတိုင်းရင်းသား အခွင့်အရေးများ သို့မဟုတ် ဓလေ့ထုံးတမ်းမြေယာအခွင့်အရေး၊ EAOsများ၏ အခန်းကဏ္ဍများ၊ သို့မဟုတ် သဘာဝသယံဇာတ စီမံခန့်ခွဲမှု သို့မဟုတ် မြေယာနှင့်ပက်သက် ဖက်ဒရယ်စနစ်တို့ကို အသိအမှတ်မပြုပါ။ SAC၏ ဘဏ္ဍာငွေပြိုကျမှုကြောင့် ရန်ကုန်မြို့တွင် မကြာသေးမီက တည်ဆောက်ခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂ရုံကို လည်ပတ်ရန်လိုအပ်သော သဘာဝဓာတ်ငွေ့ကို တင်သွင်းနိုင်ခြင်းမရှိသဖြင့် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား လျော့နည်းသော်လည်း ရုပ်ကြွင်းလောင်စာ ပမာဏကို ကျုံ့သွားစေခဲ့သည်။ ဤအခြေအနေတွင် သစ်တောပြုန်းတီးမှုနှင့် ထိန်းညှိမှုညံ့ဖျင်းသော လုပ်ငန်းများတွင် အဓိကတိုးမြင့်လာပါသည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာလတွင် Al Jazeera မှ “စစ်တပ်မှ ကမ္ဘာ့ရာသီဥတုဒဏ်ကို ခံရနိုင်ခြေရှိပြီး ထိရှလွယ်သည့်နိုင်ငံများထဲမှတစ်ခုဖြစ်သော နိုင်ငံကိုအန္တရာယ်ကျရောက်စေနိုင်သည့် ကမ္ဘာ့ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များအားအား အသုံးချလာနိုင်မည်ကို ကြောက်ပါ” ဟု အစီအရင်ခံခဲ့သည်။(Liu & Wallace၊ ၂၀၂၁)။ Al Jazeera အစီအရင်ခံစာတွင် “ အာဏာရှင် ဦးသန်းရွှေ၏ ရုပ်သေးစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၁၁ခုနှစ်တွင် ဦးသိန်းစိန်အစိုးရအား လူထုဆန္ဒပြခဲ့ကြသော မြန်မာ့မြောက်ပိုင်းတွင် အငြင်းပွားဖွယ်ရာ တရုတ်ကျောထောက်နောက်ခံပြု မြစ်ဆုံစီမံကိန်းကို တပ်မတော်ကပြန်လည်စတင်ရန် ဆုံးဖြတ်နိုင်ဖွယ်ရှိကြောင်း Al Jazeera အစီအရင်ခံစာတွင် ဖော်ပြထားသည်။ (Liu & Wallace၊ ၂၀၂၁)။

သစ်တောများသည် မြစ်ဝှမ်းတစ်လျှောက် အိမ်ခြေများကို ထိခိုက်စေနိုင်ပြီး အရေးကြီးသော ဂေဟစနစ်ဝန်ဆောင်မှုများကို ပေးဆောင်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သစ်တော ဖုံးလွှမ်းမှုအများဆုံးနိုင်ငံဖြစ်ပြီး သစ်တောပြုန်းတီးမှုနှုန်းအမြင့်ဆုံး နိုင်ငံများထဲတွင်လည်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကျန်ရှိနေသေးသော သစ်တောဖုံးလွှမ်းမှု (စုစုပေါင်း သစ်တောဖုံးလွှမ်းမှု၏ ၁၁ရာခိုင်နှုန်းအထိ)၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောပြုန်းတီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကြောင့် ခြိမ်းခြောက်ခံနေရသည့်နှုန်းမှာ မြန်မာနိုင်ငံတွင် ထင်ရှားသည်။ နိုင်ငံ၏ နယ်မြေ ၇၇ရာခိုင်နှုန်းကို ၁၉၄၈ခုနှစ်တွင် သစ်တောများဖြင့် ဖုံးလွှမ်းထားသော်လည်း ယင်းသည် ၁၉၉၀ခုနှစ်တွင် ၆၀ရာခိုင်နှုန်းနှင့် ၂၀၁၅ခုနှစ်တွင် ၄၄ရာခိုင်နှုန်းသို့ လျော့ကျသွားသည်။ ၂၀၀၀ခုနှစ်မှ ၂၀၂၀ပြည့်နှစ် အထိ သစ်တောပြုန်းတီးမှုနှုန်း ၁ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံသည်

ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှု ထိပ်တန်း ၁၀နိုင်ငံစာရင်းတွင် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် သစ်တောများဆုံးရှုံးရခြင်းသည် သစ်တောများ အပြီးအပြတ်ဖယ်ရှားခြင်း မဟုတ်ဘဲ ဂေဟစနစ်များ တဖြည်းဖြည်းပျက်စီးသွားသည့် သစ်တောများပျက်စီးခြင်းလည်းဖြစ်သည်။

ငွေသားကြပ်တည်းနေသော SACစစ်အစိုးရသည် တိုင်းပြည်၏ ကျန်ရှိသောသစ်တောများတွင် သစ်ခုတ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းများကို သက်သာရာရစေခြင်းဖြင့် ရေတိုဝင်ငွေကိုအများဆုံးရရှိရန် ရည်ရွယ်ချက်ရှိပုံရသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်နှင့် ပြည်နယ်တို့၏ (ဧရာဝတီ၊ ၂၀၂၁) တောင်ဘက်စွန်းရှိ တနင်္သာရီတိုင်းတို့တွင် စတင်ဖြစ်ပွားနေပြီဖြစ်သည်။ (Cowan၊ ၂၀၂၁)။

သစ်တောပြုန်းတီးမှု၏ အဓိကအကြောင်းအရင်းများမှာ စီးပွားဖြစ်ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများ၊ အသေးစားစိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။ ဒေသတွင်းရှိ တောင်ပိုင်းခရိုင်များတွင် သစ်တောဆုံးရှုံးမှုသည် အခြားသောရှားပါးမျိုးစိတ်များကြားတွင် ကမ္ဘာ့တစ်ဝှမ်းခြိမ်းခြောက်ခံနေရသော Gurney's pittas နှင့် ကျားများ၏ အစိတ်စိတ်အမွှာမွှာ နေထိုင်ရာနေရာကို ထိခိုက်စေသည်။ (Cowan၊ ၂၀၂၁)။ တချိန်တည်းတွင် စစ်တပ်ကအာဏာသိမ်းပြီးနောက် နိုင်ငံရေးမတည်ငြိမ်မှုများသည် ရပ်ရွာလူထုဦးဆောင်သော သစ်တောကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ရပ်ဆိုင်းလိုက်ကြောင်း တက်ကြွလှုပ်ရှားသူများက အစီအရင်ခံကြသည်။ တစ်ချိန်က ဝေလံခေါင်သီသော သစ်တောများသည် စီးပွားဖြစ်ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများ၊ အသေးစားစိုက်ပျိုးရေးနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် ပြင်းထန်သောဖိအားအောက်တွင် တဖြည်းဖြည်း တိုက်စားလာပါသည်။ Carolyn Cowan၏အဆိုအရ ၂၀၂၁ခုနှစ်အစောပိုင်းတွင် အသုံးချပထဝီဝင်တွင် ထုတ်ဝေခဲ့သော လေ့လာမှုတစ်ခုအရ ၂၀၀၂နှင့် ၂၀၁၆ခုနှစ်အကြား တနင်္သာရီတိုင်းဒေကြီးတစ်ဝှမ်း သစ်တောပြုန်းတီးမှုသည် စီးပွားဖြစ်ဆီအုန်း၊ ရာဘာနှင့် ကွမ်းယာစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းနှင့်အတူ စီးပွားဖြစ်ဆီအုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် စီးပွားဖြစ်ဆီအုန်းစိုက်ခင်းအသစ်များမှ ရွာသားများ၏ စိုက်ပျိုးမြေကို ကျူးကျော်ဝင်ရောက်လာခြင်းကြောင့် အသေးစားစိုက်ပျိုးရေး တိုးချဲ့မှုဖြစ်နိုင်ကြောင်း လေ့လာမှုကအကြံပြုသည်။ ၎င်းတို့၏ မြေယာများ လက်လှမ်းမမှီမှုကြောင့် လယ်သမားအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့၏ သီးနှံများကို သစ်တောတွင် ပြန်လည်ထူထောင်ရန် သို့မဟုတ် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများအတွက် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရန်မှတပါး ရွေးချယ်စရာအနည်းအငယ်သာ ကျန်ရှိတော့သည်။ (Cowan၊ ၂၀၂၁၊ Hill & Kenney၊ ၂၀၂၁)။

SAC နှင့် (ခရိုင်နှင့် မြို့နယ်အဆင့် ခေါင်းဆောင်များနှင့် ပတ်သက်သည့် အချို့သော)

ခရိုနီကုမ္ပဏီများသည် လွတ်လပ်သောသုတေသနကွန်ရက် (၂၀၂၂)မှ အစီအရင်ခံစာတစ်ခုတွင် ခွဲခြမ်းစိတ်ဖြာပြီး မှတ်တမ်းတင်ထားသည်။ ၂၀၁၂ ခုနှစ် KNUအပစ်အခတ် ရပ်စဲပြီး နောက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအနောက်ဘက်တွင် ဧက ၂သန်းနီးပါးအထိ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ဆီအုန်းစိုက်ခင်းများ တိုးချဲ့လာကာဒေသအတွင်း အကြီးစား တူးဖော်မှုလုပ်ငန်းများလည်း တိုးလာခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း ကျယ်ပြန့်သောအကျပ်အတည်းများနှင့် အကြမ်းဖက်မှုများသည် အရှေ့တောင်အာရှ၏ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် အကြွယ်ဆုံးသော အရှေ့တောင်အာရှ၏ ဇီဝမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင် အကြွယ်ဝဆုံးသောအစိတ်အပိုင်းများတွင် ယခင်က သက်ရောက်မှုမရှိသော ဒေသများသို့ တိုးချဲ့ခွင့်ပြုခဲ့သည်။ အချို့နေရာများတွင် စမ်းချောင်းများသည် ညစ်ညမ်းနေပြီး ပတ်ဝန်းကျင်သည် အဆိပ်ရှိသော မိုင်းတွင်းများ၏ "လရှုခင်း"နှင့်ဆင်တူသည်။ (ယခုအခါ စာရေးသူက တစ်ကြိမ်ထပ်ပို၍မြင်ခဲ့ရသော ရှုခင်း)။ ဤကာလ အတွင်း မြန်မာနိုင်ငံတွင် "အတွင်း" လည်ပတ်နေသော CSOအများအပြားသည် ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုများတွင် တရားမဝင် သို့မဟုတ် ပြင်းထန်စွာ ကန့်သတ်ချုပ်ချယ်ထားရသောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာချိုးဖောက်မှုများကို မှတ်တမ်းမှတ်ရာနည်းပါးစေသည်။

အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ သစ်ခိုးထုတ်မှုမှာ တစ်နေ့လျှင်အနည်းဆုံး ကုန်တင်ယာဉ် ၄၀ မှ ၅၀ အထိ တိုးလာသည်ဟု သိရသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး ကသာ၊ ခန္တီးနှင့် စစ်ကိုင်းတိုင်းမြို့နယ်များတွင် ၂၀၂၁ခုနှစ် မတ်လမှ မေလအထိ တရားမဝင်သစ်ခိုးထုတ်မှုများ များပြားလာသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ရှေးအကျဆုံးနှင့်အကြီးဆုံးအမျိုးသားဥယျာဉ်ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး အလောင်းတော် ကသာပအမျိုးသားဥယျာဉ်တွင်လည်း တရားမဝင်သစ်ခိုးထုတ်မှုများရှိနေသည်။ လက်ရှိနိုင်ငံရေး အခြေအနေများသည် မြန်မာနိုင်ငံတွင် သစ်မှောင်ခိုကူးမှုသတင်းပို့ရန် ဒေသခံသဘာဝ ပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့များအတွက် အလွန်တရာလုံခြုံမှုမရှိပေ။ ၂၀၂၁ခုနှစ် မတ်လ ဆန်းပိုင်းမှစတင်ကာ စစ်အာဏာရှင်အောက် အလုပ်လုပ်ခြင်းကိုငြင်းပယ်သည့် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် သစ်တောအရာရှိများ စတင်ပါဝင်ခဲ့ပြီးနောက် အလောင်းတော်ကသာပ အမျိုးသား ဥယျာဉ်တွင် တရားမဝင်သစ်ခိုးထုတ်မှုများ[၂၅] ပိုမိုပြင်းထန်လာခဲ့ကြောင်း သတင်းရရှိပါသည်။

၂၅။နိုင်ငံတကာ NGOတစ်ခုဖြစ်သည့် Enviromental Investigation Agency၏အဆိုအရ "တရားမဝင်သစ်ကုန်သွယ်မှုသည် ပဋိပက္ခများ၊ အပစ်အခတ်ရပ်စဲရေး၊ စီးပွားရေးကျဆင်းမှုများ၊ အစိုးရမူဝါဒအပြောင်းအလဲများ၊ ယာယီပိတ်လှောင်မှုများနှင့် နိုင်ငံတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတို့ကို အခြေတည်နေသည့်အတွက် ခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့သည်။" (ရောဝတီ၊ ၂၀၂၁)

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများ

အရှေ့တောင်အာရှ၏ အဆိုးရွားဆုံး ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုသုံးခုမှာ ရေကြီးခြင်း၊ အပူလှိုင်းများနှင့် မိုးရွာသွန်းမှုကြောင့် မြေပြိုခြင်းတို့ဖြစ်သည်။(Seah et al၊ ၂၀၂၂)။ အမေရိကန် အမျိုးသားထောက်လှမ်းရေးကောင်စီ (၂၀၂၁)က မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုနှင့် ပဋိပက္ခများ၏ ပေါင်းစပ်ခြိမ်းခြောက်မှုများကြောင့် အန္တရာယ်အရှိဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြခဲ့သည်။

အသက်များ၊ အသက်မွေးဝမ်းကျောင်းနှင့် ပစ္စည်းဥစ္စာများ သိသိသာသာဆုံးရှုံးခြင်းအပြင် သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံ၏ တစ်နှစ်တာ GDP၏ ၃ရာခိုင်နှုန်းအထိ ထိခိုက်မည်ဟုခန့်မှန်းရပြီး ရေရှည်အကျိုးသက်ရောက်မှုများ ပိုမိုများပြားလာမည်ဖြစ်သည်။ ဒီရေတောများနှင့် သစ်တောများ ကဲ့သို့သော သဘာဝဂေဟစနစ်များဆုံးရှုံးခြင်း၊ နှစ်စဉ် ပျမ်းမျှအပူချိန် မြင့်တက်လာခြင်းနှင့် မိုးရွာသွန်းမှု ပိုမိုပြင်းထန်လာခြင်းတို့သည် မြန်မာနိုင်ငံရှိ လူဦးရေ[၂၆]အများအပြား အပေါ် သဘာဝဘေးအန္တရာယ်များ၏သက်ရောက်မှုကို တိုးမြင့်လာစေသည့် အကြောင်းအရင်းများ ဖြစ်သည်။

နိုင်ငံတော် နေ့စဉ်ပျမ်းမျှအပူချိန်သည် ၁၉၈၁ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း ဆယ်စုနှစ်တစ်ခုလျှင် 0.25°C ခန့် မြင့်တက်ခဲ့ပြီး နေ့စဉ်အမြင့်ဆုံး အပူချိန်များ 0.4°C တိုးလာကာ ဆယ်စုနှစ်တစ်ခုလျှင် ဤလမ်းကြောင်းသည် ဆက်လက်ပူနွေးလာမည်ဟု မျှော်လင့်ထားသော်လည်း ကမ္ဘာကြီး၏ ရာသီနှင့် ပထဝီဝင်ဒေသကြောင့်သော်လည်းကောင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်အောင်မြင်မှုများ သို့မဟုတ် ကျရှုံးမှုများပေါ်တွင်မူတည်ပြီး ကွဲပြားသွားပါသည်။ ရာစုနှစ်အလယ်ပိုင်းတွင် အပူချိန်သည် သမိုင်းဝင်အဆင့်များထက် 1.3°Cမှ 2.7°Cအထိ တိုးလာမည်ဟုခန့်မှန်းရသည်။

မြန်မာနိုင်ငံ၏အနာဂတ်တွင် မိုးရွာသွန်းမှုမှာ အပြောင်းအလဲဖြစ်နိုင်ချေနည်းပါးသော်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၄၀အတွင်း မိုးရွာသွန်းမှုမှာ ယခင်ထက် ပိုမိုပြင်းထန်လာပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ခြေ ပိုများလာသည်။ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုသည် လက်ရှိအချိန်အထိအများဆုံးအန္တရာယ်များ၏ ၅၂ရာခိုင်နှုန်းရှိသည်။ ခန့်မှန်းခြေလူဦးရေ နှစ်ဆယ့်ရှစ်သန်းခန့်သည် မြန်မာ့ကမ်းရိုးတန်း၊ ဧရာဝတီမြစ်နှင့် ကရင်ပြည်နယ်တို့တွင် အဓိကအားဖြင့်

---

၂၅။နိုင်ငံတကာ NGOတစ်ခုဖြစ်သည့် Enviromental Investigation Agency၏အဆိုအရ "တရားမဝင်သစ်ကုန်သွယ်မှုသည် ပဋိပက္ခများ၊ အပစ်အခတ်ရပ်စဲရေး၊ စီးပွားရေးကျဆင်းမှုများ၊ အစိုးရမူဝါဒအပြောင်းအလဲများ၊ ယာယီပိတ်လှောင်မှုများနှင့် နိုင်ငံတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတို့ကို အခြေတည်နေသည့်အတွက် ခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့သည်။" (ဧရာဝတီ၊ ၂၀၂၁)

၂၆။ဤနှင့် အောက်ဖော်ပြပါ စာပိုဒ်သုံးပိုဒ်ပါ အချက်အလက်များကို မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ်၏ "ရာသီဥတု၊ ပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် သဘာဝဘေးအန္တရာယ်"(MIMU၊ ၂၀၂၂)မှ ထုတ်ယူထားပါသည်။

ဧရိယာတစ်စိတ်တစ်ပိုင်း၌ ရေလွှမ်းမိုးမှုအန္တရာယ်မြင့်မားသည့် ခရိုင်များတွင်နေထိုင်ကြသည်။

မြန်မာနိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့်ဆက်စပ်သော ခန့်မှန်းချက်များနှင့်အတူ ရာစုနှစ်အလယ်ပိုင်းတွင် ၂၀မှ ၄၁ စင်တီမီတာအထိ မြင့်တက်လာမှု(ဂှင်းထက်ပိုမိုများပြားနိုင်ချေ ၂၂၀၀ သို့မဟုတ် စောနိုင်သည်)နှင့်အတူ မိုးရွာသွန်းမှုပုံစံများ၏ နောက်ထပ်ပြောင်းလဲမှုများကိုလည်း မျှော်လင့်ထားသည်။ ၁၉၅၅-၂၀၀၈ ကာလများအတွင်း မုတ်သုံရာသီကြာချိန်သည် ၁၄၀-၁၅၀ရက်ဖြစ်ပြီး ခုနှစ်များအလယ်ပိုင်းတွင် ရက်ပေါင်း ၁၄၀-၁၅၀မှ ၂၀၀၈ခုနှစ်အတွင်း ရက်ပေါင်း ၁၂၀အောက်သို့ သိသိသာသာလျော့ကျသွားခဲ့သည်။ မိုးနှောင်းပိုင်းနှင့် မုတ်သုံရာသီ၏ အစောပိုင်းကာလသည် ၁၉၇၇ခုနှစ်ကတည်းက ထင်ရှားလာခဲ့သည်။ မိုးရာသီ၏ကြာချိန်သည် ရက်ပေါင်း ၁၃၀အောက် ကျဆင်းသွားသည်။ ခြုံငုံကြည့်လျှင် အနောက်မုတ်သုံလေ၏ ကြာချိန်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် သုံးပတ်ခန့်နှင့် နိုင်ငံအနှံ့အပြားတွင် တစ်ပတ်ခန့်တိုသွားသည်။[၂၇] ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏အဆိုအရ လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ GDP၏ ၃၇ဒသမ၈ ရာခိုင်နှုန်းရှိပြီး လုပ်သားအင်အား၏ ၇၀ရာခိုင်နှုန်းကိုအသုံးချကာ စုစုပေါင်း ပို့ကုန်ဝင်ငွေ၏ ၂၅ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ထုတ်ပေးလျက်ရှိသည်။ လက်ရှိစိုက်ပျိုးရေးအလေ့အကျင့်များနှင့် မူဝါဒများသည် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကိုရင်ဆိုင်ရချိန်တွင် အသေးစားတောင်သူလယ်သမားများအားပြင်ဆင်ခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်းမရှိပါ။ အကန့်အသတ်ရှိသော စုဆောင်းငွေနှင့် မကြာခဏအကြွေးများသော တောင်သူလယ်သမားများသည် မြေယာကိုအများဆုံးအသုံးချရန် မတတ်နိုင်ဘဲ အားနည်းသော ရာသီဥတုနှင့် ဘဏ္ဍာရေးအခြေအနေများနှင့် ထိတွေ့မှုများဖြစ်ပေါ်စေပြီး ခံနိုင်ရည်အား ပျက်ပြားစေမည့်[၂၈]အချက်များထက် ကျော်လွန်နိုင်ခြေရှိသော အကြံပြုချက်များဖြစ်သည်။ အောက်တွင်ဆွေးနွေးထားသည့်အတိုင်း ၂၀၂၂-၂၀၂၃ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများ (အပူချိန်မြင့်မားခြင်းနှင့် မိုးရွာသွန်းမှုမညီညာခြင်း)

---

၂၇။ရှားပါးသောလေ့လာမှုတစ်ခု (Tun Oo et al 2023)အရ “လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မုတ်သုန်ရာသီဥတုသည် နောက်ကျစွာစတင်ပြီး စောလျင်စွာပြီးဆုံးခဲ့ပါသည်‌.။ မုတ်သုန်ရာသီဥတုအတွင်း မိုးပြင်းထန်စွာရွာသွန်းပြီး ရာသီဥတု ကြမ်းတမ်းခဲ့ပါသည်။ ၂၀၀၁မှ ၂၀၂၀အတွင်း မြောက်ပိုင်းတောင်တန်းများတွင် မိုးရေထိုန် ၂. ၂၈မမ တိုးလာပြီး ဧရာဝတီ၊ တနင်္သာရီ၊ ရန်ကုန်နှင့် ရခိုင်တို့တွင် ၅၈မမ ကျဆင်းခဲ့ပါသည်။ ကမ်းရိုးတန်းများတွင် ပင်လယ်ရေပြင်မြင့်တက်ပြီး လယ်ယာမျာအတွင်းသို့ ဆားငံရေဝင်ရောက်လေ့ရှိသည်။ ယခင်က သုံးနှစ်တကြိမ်သာကြုံရသော ဆိုင်ဂလုန်းမုန်တိုင်းသည် ၂၀၀၀ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ်ကြုံတွေ့လာရပါသည်။

၂၈။ကရင်ပြည်နယ်ရှိ သမိုင်းဝင်နှင့်အနာဂတ်တွင် ဖြစ်နိုင်ခြေရှိသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများနှင့် ရပ်ရွာအခြေပြုနှင့်အခြားဒေသခံ (CSO နှင့် EAOအပါအဝင်)ကိုင်တွယ်ဖြေရှင်းရေး ယန္တရားများနှင့် တုံ့ပြန်မှုဗျူဟာများကို ခွဲခြမ်းစိတ်ဖြာခြင်း Ashley Southနှင့် Liliana Demartini၊ “Tipping Point ဆီသို့”တွင် ကြည့်ပါ။ ၂၀၂၀ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် အစီအရင်ခံစာအပြည့်အစုံနှင့် အင်္ဂလိပ်၊ မြန်မာ၊ စကောကရင်နှင့် ပိုးကရင်ဘာသာဖြင့် အကျဉ်းချုပ်စာတမ်းများပါရှိသည်။

တို့သည် သီးနှံများအပေါ်ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အလားအလာများနှင့်အတူ ကောက်ပဲသီးနှံများကို ထိခိုက်စေပြီး ဆယ်စုနှစ်များစွာအကြာ စစ်တပ်ကအရပ်သားလူထုကို တိုက်ခိုက်ပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့်များစွာ အားနည်းနေပြီဖြစ်သည်။

ဤအန္တရာယ်များအကြားမှ ဌာနေရပ်ရွာများ၏ EAOခံနိုင်ရည်အားနှင့် ထိန်းချုပ်ထားသော သို့မဟုတ် လွှမ်းမိုးမှုရှိသော ဒေသအများအပြားရှိ ထူးခြားသောနေထိုင်ရာများနှင့် ဂေဟစနစ်များသည် ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အခွင့်အလမ်းများနှင့် အရင်းအမြစ်များကို တင်ပြပါသည်။ အာဏာသိမ်းမှုမတိုင်မီတွင် အလှူရှင်များနှင့် အကူအညီပေးရေးကြားခံ အဖွဲ့အစည်း အများအပြားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နက်နက်ရှိုင်းရှိုင်း လုပ်ကိုင်နေသည့်အကြားမှ EAOများနှင့် အပြုသဘောဖြင့် ထိတွေ့ဆက်ဆံရန်ပျက်ကွက်ခဲ့သည့် ဗဟိုအစိုးရမှတဆင့် လုပ်ဆောင်ရန် လိုလားခဲ့ကြသည်။ အာဏာသိမ်းပြီးနောက် EAOများ၊ CSOများနှင့် လူ့အဖွဲ့အစည်းများနှင့် မိတ်ဖက်များဖြစ်သည်။

## ပဋိပက္ခ၊ အုပ်ချုပ်မှုနှင့် ရာသီဥတုပြောင်းလဲမှု

မကြာသေးမီကထုတ်ပြန်သော ငြိမ်းချမ်းရေးတည်ဆောက်သူများ၏ မှတ်တမ်းလမ်းညွှန်အရ သဘာဝသည် "ခံရသူ(Victim) ဖြစ်သကဲ့သို့ ပဋိပက္ခဖြစ်စေသည့် အဓိကအားပေးသူလည်းဖြစ်သည်။ ထိန်းသိမ်းရေးအတွက်ကြိုးပမ်းမှုများသည် ငြိမ်းချမ်းရေးအပေါ်ကောင်းသော အကျိုးသက်ရောက်မှု ရှိမည်ဟု မဆိုလိုပေ။ ထိန်းသိမ်းရေးနှင့် ၎င်းနှင့်သက်ဆိုင်သော နိုင်ငံရေးများက တခါတရံ ပဋိပက္ခဖြစ်စေပါသည်။ (Hillet, 2023)ဥပမာအားဖြင့် မြန်မာအစိုးရနှင့်ပူးပေါင်းပြီး (အာဏာသိမ်းမှု မတိုင်မီ) ကချင်ပြည်နယ်မှ တနင်္သာရီအထိ နိုင်ငံတော်ထိန်းချုပ်သည့် "ကာကွယ်ရေးနယ်မြေများ" သတ်မှတ်ကြိုးပမ်းသည့် နိုင်ငံတကာ၏ကြိုးပမ်းမှုများသည် ဌာနေတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကြောင်းနှင့် ဘဝများကိုခြိမ်းခြောက်ပြီး ဒေသတွင်းရှိ EAOများ၏ တရားဝင်မှုကို လျစ်လျူရှုရာရောက်ပါသည်။ (Gum Ja Htung, 2018, Cole, 2021; Covenant Institute 2021; Hill & Kenney-Lazar, 2021)

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ အဆိုအရ "လက်နက်ကိုင် ပဋိပက္ခကို ခံနိုင်ရည်ရှိသောနိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုနှင့် ပြောင်းလဲမှုဒဏ်ကို အချိုးမညီစွာ ခုခံနိုင်စွမ်းရှိသည်။"(ICRC၊ ၂၀၂၀)။ ရာသီဥတုပြောင်းလဲမှု၊ ပဋိပက္ခ၊ အုပ်ချုပ်မှုနှင့် ရွှေ့ပြောင်း နေထိုင်မှုတို့အကြား အပြန်အလှန် အကျိုးသက်ရောက်မှုများသည် မသေချာပါ။ (Sturridge & Holloway၊ ၂၀၂၀)။ သိသာထင်ရှားသော ဆက်စပ်ဆက်နွယ်မှုရှိသော်လည်း

အကြောင်းရင်းခံသည် မကြာခဏဆုံးဖြတ်ရန် ခက်ခဲသည် (သို့မဟုတ် ဘက်ပေါင်းစုံမှုဖြစ်သည်)။[၂၉] ရှုပ်ထွေးမှုကို World Wide Fund for Nature (WWF)မကြာသေးမီက အစီအရင်ခံစာတွင် မှတ်တမ်းယူထားနိုင်ခဲ့သည်။

> ရာသီဥတု-လုံခြုံရေးဆက်စပ်မှုနှင့် သဘာဝ-လုံခြုံရေးဆက်စပ်မှုတို့ထပ်နေသဖြင့် တစ်ခုနှင့်တစ်ခုသီးခြားအပြည့်အဝ မကိုင်တွယ်နိုင်ပါ။ အမှန်မှာ ပတ်ဝန်းကျင်ဆိုင်ရာအချက်များသည် ရာသီဥတုသက်ရောက်မှုများ လုံးဝမရှိ သို့မဟုတ် ပိုမိုဆိုးရွားသည့် အခန်းကဏ္ဍများသာ ပါဝင်သည့် နောက်ဆက်တွဲအပြန်အလှန် တုံ့ပြန်မှုများပါရှိသည်။ထို့ကြောင့် သဘာဝ-လုံခြုံရေး ချိတ်ဆက်မှုသည် ရာသီဥတုပြောင်းလဲမှုထက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၏ ၎င်း၏ ဗဟိုတွင်ထားရှိသည်။(Ruttinger et al၊ ၂၀၂၂)။[၃၀]

ပဋိပက္ခ- ရာသီဥတုပြောင်းလဲမှု- ရွှေ့ပြောင်းနေထိုင်မှု အစရှိသည်တို့၏ ဆက်စပ်မှုသည် မြန်မာနိုင်ငံ၏ စိတ်ခေါ်မှုများစွာကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။[၃၁] အနှောက်အယှက်များနှင့် စနစ်ပြောင်းလဲမှု၏ မောင်းနှင်သူများ(လုပ်ဆောင်သူများတွင်)တွင် လက်နက်ကိုင်နှင့် နိုင်ငံတော်-လူ့အဖွဲ့အစည်း ပဋိပက္ခများနှင့် (အသက်မွေးဝမ်းကျောင်းမှုစသည်ဖြင့်)နှင့် ဖြစ်လာနိုင်သော အနာဂတ် ကူးစက်ရောဂါနှင့်အတူ (တိုးများလာသည်) ရာသီဥတုပြောင်းမှုတို့ ပါဝင်သည်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အနည်းဆုံးဆယ်စုနှစ်များအတွင်း မကြုံစဖူးသော ပြင်းထန်သော နိုင်ငံရေးအကျပ်အတည်းနှင့်လူသားလုံခြုံရေး ကျဆင်းမှုတို့ကို ကြုံတွေ့နေရသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ပိုမိုပေါ်လွင်သောအခါတွင် ကျယ်ပြန့်သော စားနပ် ရိက္ခာလုံခြုံမှုအပါအဝင် အခြေအနေများ ပိုမိုဆိုးရွားလာဖွယ်ရှိသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ပိုမိုပေါ်လွင်သောအခါတွင် ကျယ်ပြန့်သော စားနပ်ရိက္ခာမလုံခြုံမှုအပါအဝင် အခြေအနေများ ပိုမိုဆိုးရွားလာဖွယ်ရှိသည်။

မြန်မာနိုင်ငံရှိ နိုင်ငံရေး၊ လူမှုစီးပွားနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း များသည် ကာလရှည်ကြာ EAOများနှင့်ဆက်နွှယ်နေသည့် KSCC၊ MSFCနှင့် TPCC တို့

---

၂၉။"ရာသီဥတုပြောင်းလဲမှု၊ ပဋိပက္ခနှင့် မခိုင်မြဲမှုတို့အကြား ဆက်စပ်မှုများကို အကဲဖြတ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနည်းကို သာမန် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော နည်းစနစ်မရှိပါ။" (Tänzler၊ Scherer & Dtges၊ ၂၀၂၂၊ စာ -၁၀)။

၃၀။WWFသည် ဤဆက်စပ်နေသော အကျပ်အတည်းများအတွက် သဘာဝအခြေခံဖြေရှင်းနည်းများကို တောင်းဆိုထားသည်။

၃၁။ဤပြဿနာများသည် မြန်မာ့နယ်စပ်ကိုကျော်လွန်၍ဆက်စပ်လာသော ပြဿနာများဖြစ်သည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ် ပြည်နယ်၏မြေနိမ့်ပိုင်းမှ ပင်လယ်ရေမြင့်တက်လာမှုကြောင့် ရှောင်တိမ်းသူများသည် အရှေ့ဘက်သို့ထွက်ပြေးလာသည် မှတပါး အခြားရွေးချယ်ရန်မရှိပေ။ ၂၀၂၁ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်မှထွက်ပြေးလာသော ရာသီဥတုဘေးဒုက္ခသည် ၁၀သန်းခန့် ရှိနေပြီဖြစ်သည်။ ထို့အပြင် မြန်မာပြည်မှ အကြမ်းဖက်မှုကြောင့်ထွက်ပြေးလာရသော ရိုဟင်ဂျာ ၁သန်းခန့်လည်း ရှိနေပါသည်။

အပါအဝင် ဒေသဆိုင်ရာအုပ်ချုပ်မှု အာဏာပိုင်များအတွက်နေရာသစ်များ ဖွင့်လှစ်ပေးခြင်းသည် အရေးကြီးသော အလှည့်အပြောင်းတွင်ရှိနေနိုင်သည်။ စိန်ခေါ်မှုများစွာရှိသော်လည်း ဤအကြောင်းအရာသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများတွင်လုပ်ဆောင်သည့် ယခင်ကဘေးဖယ်ခံထားရသော ပါဝင်လုပ်ဆောင်သူများအတွက် အခန်းကဏ္ဍအသစ်များနှင့် အခွင့်အလမ်းများကို ပေးစွမ်းနိုင်သည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်စေသော အကြောင်းအရင်းများမှာ သမိုင်းကြောင်း (လူမှုရေး-နိုင်ငံရေး-စီးပွားရေး) အရင်းအမြစ်များရှိသည်။ပဋိပက္ခများသည် ရာသီဥတုပြောင်းလဲမှုကို တွန်းအားပေးနေမည်လား ဟူသည်မှာ မေးခွန်းဖြစ်တစ်ခုဖြစ်သည်။ ပထဝီအနေအထားအရ ဝေးလံခေါင်သီပြီး သမိုင်းကြောင်းအရ လူဦးရေကျဲပါးသောဒေသများတွင် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် တိုးလာခြင်းသည် သစ်တောများနှင့်အခြားသဘာဝအရင်းအမြစ်များအပေါ် သိသိသာသာဖိအားများ သက်ရောက်စေကာ ဥပမာ-အစားအစာလိုအပ်မှုကြောင့် (အလှည့်ကျ ခုတ်ထစ်ခြင်းနှင့်မီးရှို့ခြင်း) စိုက်ပျိုးခြင်း အလေ့အကျင့်များ ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင်လာသည်များသည် လူဦးရေသိပ်သည်းမှု[၃၂] နည်းပါးသူများအတွက် သင့်လျော်ပါသည်။ ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်း တရားမဲ့မှုနှင့် အကြမ်းဖက်မှုများ၏ ပတ်ဝန်းကျင်သည် အာဏာကိုင်ဆောင်သူများနှင့် ပုဂ္ဂလိက အကျိုးစီးပွားများအတွက် နေရာလွတ်များဖန်တီးပြီး သစ်ခုတ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် အလားအလာများကို ဖန်တီးပေးပါသည်။ အာဏာသိမ်းပြီး ၂နှစ်အကြာ SACသည် ဖောက်သည်များအား ငွေသားထုတ်ပေးရန်နှင့် ဆုချီးမြှင့်ရန် သဘာဝအရင်းအမြစ်များကို အသုံးချကာ စစ်အစိုးရက စီစဉ်ထားသော ရေအားလျှပ်စစ်နှင့် အခြားစီမံကိန်းများကို ပို၍ပင် ပျက်စီးစေနိုင်သည်။ သက်ဆိုင်သူအချို့၏ "သဘာဝသယံဇာတ အသေအပျောက်များ"အဖြစ် (၎င်းတို့သည် မိမိတို့သစ်တောဖြစ်သောကြောင့် တတ်နိုင်သမျှသစ်ခုတ်ခြင်းဖြင့် အကျိုးအမြတ်ရယူနိုင်သည်ဟူ၍)၊ မြန်မာ့သဘာဝပတ်ဝန်းကျင်အပေါ် ဖိအားမှာ အလွန်ပြင်းထန်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုသည် ပဋိပက္ခဒဏ်ခံရပ်ရွာများ၏ သုခချမ်းသာကိုလည်း သက်ရောက်မှုရှိသည်။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော သဘာဝသယံဇာတထုတ်ယူခြင်း (ဥပမာ- ရွှေတူးဖော်ခြင်း) သည် ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပြီး တစ်ခါတစ်ရံမိသားစုများနှင့် ရပ်ရွာများကို ရွှေ့ပြောင်းခိုင်စေကြောင်း သတင်းပေးသူအများအပြားက ထောက်ပြကြသည်။

၃၂။၎င်းသည် အသစ်အဆန်းတော့မဟုတ်ပါ။ ဥပမာအားဖြင့် ၁၉၉၀ ခုနှစ်များနှောင်းပိုင်းတွင် မွန်ကွဲသည်များကို အတင်းအကျပ်နေရပ်ပြန်ပို့ရန် အလှူရှင်များက ထောက်ပံ့မှုအများစုကို ရုပ်သိမ်းပြီးနောက် ပြန်လည်ရောက်ရှိလာသူများသည် စပါးစိုက်ပြီး မွန်ပြည်သစ်ပါတီဌာနချုပ်နယ်မြေရှိ ယခင်က နဂိုအတိုင်းသစ်တောများ ပျက်စီးသွားစေရန် ပံ့ပိုးကူညီခဲ့ကြသည်။(South၊ ၂၀၀၃)

ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် “အိမ်ရှင်အသိုင်းအဝိုင်းများ”(အမျိုးအစားနှစ်ခုမှာ ကွဲပြားလေ့မရှိပါ)၊ CSOsနှင့် EAOs များ၏ ခံနိုင်ရည်အားမှာ ထူခြားပါသည်။ သို့သော်လည်း အချို့သော တိုင်းရင်းသားဒေသများတွင် (ဥပမာ-ကရင်နီပြည်နယ်)တွင် ရေရရှိရေး(အခြားနေရာ၊ စားနပ်ရိက္ခာ)သည် (၂၀၂၃ခုနှစ် အစောပိုင်တွင်) ခြောက်သွေ့ရာသီတွင် ခက်ခဲလာသည်။ ဤဒေသများသို့ ရွှေ့ပြောင်းလာသူအများအပြား (မြို့နှင့်မြို့များမှ CDMဒုက္ခသည်များ အပါအဝင်)သည် ရှားပါးသော ဒေသဆိုင်ရာအရင်းအမြစ်များအပေါ်များစွာ ဖိဖီးမှုဖြစ်စေနိုင်သည်။ အချို့သောအခြေအနေများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်း (သစ်ခုတ်ခြင်းလုပ်ငန်းများ၊ အရှေ့တောင်ဘက်နှင့် ကချင်ဒေသများတွင် ကျယ်ပြန့်စွာစည်းကြပ်မှုမရှိသော ရွှေတူးဖော်ခြင်း)သည် ဒေသတွင်း ရာသီဥတုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သည်။

ရာသီဥတုပြောင်းလဲမှု၏ အန္တရာယ်များသည် အနာဂတ်တွင်(အချို့သောကိစ္စများတွင် အထစ်အငေါ့အားဖြင့်) သိသိသာသာတိုးလာဖွယ်ရှိသည်။ ပဋိပက္ခနှင့် ရွှေပြောင်းနေထိုင်မှုအပေါ် သက်ရောက်မှုများသည် မသေချာသော်လည်း အဆိုပါမတူညီသောလမ်းကြောင်းများကြားမှ တုံ့ပြန်မှုများသည် မတည်ငြိမ်မှုနှင့် ရှုပ်ထွေးသော နိုင်ငံရေး-စီးပွားရေး-လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများဆီသို့ ဦးတည်သွားနိုင်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်း(လိုက်လျောညီထွေဖြစ်အောင်နှင့် လျော့ပါးသက်သာစေရေး)ကို ဒေသတွင်းအရင်းအမြစ်များ၊ လူမှုရေးအရင်းအနှီးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရွေးချယ်မှုများကို ကူညီခြင်းဖြင့် အနာဂတ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို လျော့ပါးသက်သာစေခြင်း သို့မဟုတ် အနည်းဆုံး လျော့ပါးသက်သာစေခြင်းအဖြစ် ဘောင်ခတ်နိုင်သည်။ ဤနက်နဲသော “စွမ်းဆောင်ရည်တည်ဆောက်ခြင်း”သည် ထိရောက်သောလျော့ပါးသက်သာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ရန် လိုအပ်သည့် အားလုံးပါဝင်ပြီး ခံနိုင်ရည်ရှိသောရပ်ရွာများကို အားကောင်းလာစေရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုသည် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အထောက်အကူဖြစ်စေသည်။[၃၄]

---

၃၄။အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီသည် ထိခိုက်လွယ်မှုအတွက် ဒေသတွင်းအဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကိုတည်ဆောက်ရန် အကြံပြုထားသည်။ (USAID၊ ၂၀၁၅)။

## မြောက်ပိုင်းကရင်ရွာများတွင် ပေါင်းစပ်နေထိုင်ခြင်း[၃၅]

"ပူသောဝေါ"ရွာ (အမည်ရင်းမဟုတ်)သည် ကရင်နီပြည်နယ် နယ်စပ်နှင့် မဝေးသော ကော်သူးလေ(ကရင်ပြည်နယ်) မြောက်ပိုင်းတွင် တည်ရှိသည်။ ထိုအသိုက်အဝန်းတွင် အိမ်ထောင်စု လေးဆယ်ခန့်ရှိပြီး အများစုမှာ တောင်ကြောတစ်ခု၏ ချိုင့်ဝှမ်းတစ်ခုတွင် တည်ရှိသည်။ နောက်ထပ် ဝေလံခေါင်သီသော အိမ်ထောင်စုဆယ်စုခန့်သည် ပင်မကျေးရွာကပ်လျက်ချိုင့်ဝှမ်းအတွင်း သို့မဟုတ် အနီးအနားရှိ ချိုင့်ဝှမ်းများမှ မိနစ်အနည်းငယ်ကြာ လမ်းလျှောက်နိုင်သည်။

ရွာသူရွာသားများတွင် မြန်မာနိုင်ငံသား မှတ်ပုံတင်ကဒ်မရှိပါ။ ကျွန်ုပ်တို့နှင့် စကားပြောဆိုသူများသည် မြန်မာအာဏာပိုင်များနှင့် အသိအမှတ်ပြုခံရခြင်း သို့မဟုတ် ထိတွေ့ဆက်ဆံခြင်းကို စိတ်မဝင်စားကြောင်း ပြောဆိုကြသည်။ KNUကို ၎င်းတို့၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခဲ့သည်။

ရွာသူရွာသားများက စကောကရင်ဘာသာစကား ပြောဆိုအသုံးပြုကြသည်။ အချို့က မြန်မာစကားကို ပြောဆိုကြပြီး တစ်ဦး သို့မဟုတ် နှစ်ဦးသည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အချို့ရှိသည်။ ရွာသူရွာသားများ၏ လေးပုံသုံးပုံခန့်မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ကျန်သူများသည် မိရိုးဖလာခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ (တစ်ခါတစ်ရံ မောလုဖောလနတ်ကိုးကွယ်သော သူများဖြစ်သည်)။ မတူကွဲပြားသော ဘာသာရေးအသိုင်းအဝိုင်းကြား ဆက်ဆံရေးသည် အလွန်ကောင်းမွန်ပုံရသည်။

ဗမာလွတ်လပ်ရေးရပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီးနောက် တောင်ကုန်းပေါ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည့် မွေးချင်းလေးယောက်က တောင်ဘက်သို့ မူလရွာကို တည်ထောင်ခဲ့သည်။ ဖိုးသော်တောရွာသည် ထိုအချိန်မှစ၍ အကြိမ်အနည်းအငယ် ပြောင်းရွှေ့လာခဲ့ပြီး အများစုမှာ "ခူ"ဖြစ်သည်။ ဆိုလိုသည်မှာ တောင်ယာစပါး စိုက်ပျိုးမှုပုံစံများအလိုက် တည်နေရာ ပြောင်းလာသည်။

၂၀၂၁ခုနှစ်၊ အောက်တိုဘာလတွင် ODI၏လူသားချင်းစာနာထောက်ထားမှု မူဝါဒအုပ်စု (HPG)မှမှတ်ချက်ပြုခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနှင့် ပညာရပ်စာပေများသည် ပဋိပက္ခ("ရာသီဥတုပြောင်းလဲမှု-ပဋိပက္ခဆက်စပ်မှု")နှင့် ချိတ်ဆက်မှုများပိုများလာနေသော်လည်း ဤဆက်ဆံရေးသည် အထူးသဖြင့်အကြောင်းအရင်းခံကို ခွဲခြမ်းစိတ်ဖြာခက်ခဲသည်။ (Peters, Davies & Holloway၊ ၂၀၂၁)။ မကြာသေးမီက ODIလေ့လာမှုနောက်တစ်ခုမှာ ရာသီဥတုဆိုင်ရာ သဘာဝအရင်းအမြစ်ရှားပါးမှု သို့မဟုတ် ပြင်းထန်သောရာသီဥတုဖြစ်ရပ်များသည် "ခြိမ်းခြောက်မှုထပ်တိုးကိန်းများ"အဖြစ်လုပ်ဆောင်နိုင်ပြီး အကြမ်းဖက်မှုနှင့်အကာအကွယ်အကျပ်အတည်းများဖြစ်နိုင်ချေကို တိုးမြင့်လာစေရန်အတွက် ပေါင်းစပ်ဖိစီးမှုများကိုပေါင်းစပ်ထားသည်။(USAID၊ ၂၀၁၅ ပြီးနောက်)။ သို့သော် "ပဋိပက္ခများ မည်ကဲ့သို့လှုံ့ဆော်သည် သို့မဟုတ် ပဋိပက္ခများတိုးမြင့်လာစေရန် စာပေတွင် သဘောတူညီမှုအနည်းအငယ်သာရှိသည်။"(Peters et al၊ ၂၀၂၀)။

ပိုမိုကောင်းမွန်သောခွဲခြမ်းစိတ်ဖြာမှုနှင့် အစောပိုင်းသတိပေးသည့်မော်ဒယ်များနှင့် တူရိယာများ ဖွံ့ဖြိုးတိုးတက်မှုကိုတောင်းဆိုခြင်းဖြင့် HPGစာရေးဆရာများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် အထောက်အကူသရုပ်ဆောင်များသည် မိတ်ဖက်အသစ်များဖော်ဆောင်ပေးသည့်(အကာအကွယ်နှင့်စပ်လျဉ်း၍) အကြံပြုထားသည်။ ဤသည်မှာ အချေအတင်ဆွေးနွေးမှုများတွင် မကြာခဏလျစ်လျူရှုခံရသည့် အစစ်အမှန်မဟုတ်သော လက်နက်ကိုင်

အဖွဲ့များ ("ပြည်နယ်မဟုတ်သော လက်နက်ကိုင်အဖွဲ့များ")ဟုခေါ်သည့် ပြည်နယ်မရှိသည့် ပါဝင်လုပ်ဆောင်သူများ၏အခြေအနေကို မေးခွန်းထုတ်စရာဖြစ်လာသည်။ စည်းမျဉ်းကျကျ ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ EAOများသည် အရှေ့တောင်အာရှရှိအရေးအကြီးဆုံး ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တောများ ဧရိယာအချို့၏မြေပြင်တွင် အဓိကအုပ်ချုပ်မှုအာဏာပိုင်များဖြစ်သည်။ ဤဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များသည် ပြင်းထန်သောလက်နက်ကိုင်ပဋိပက္ခတစ်ခု၏ အခြေအနေတွင် လူသားနှင့်ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များနှင့်ပတ်သက်၍ နက်နက်ရှိုင်းရှိုင်းစိန်ခေါ်နေပြီး ဆန့်ထုတ်ခံနေရသည်။ ဗဟိုပြည်နယ်အာဏာပိုင်များကတာဝန်များကိုရုတ်သိမ်းပြီး ၎င်းတို့၏နိုင်ငံသားများအပေါ် ထိတ်လန့်မှုကင်းစင်သည့်အချိန်တွင် ၎င်းတို့သည် ရေရှည်စနစ်များအားကောင်းရန်လိုအပ်သည်။

## Case Study: ကရင်နီ

ကချင်နှင့်ကရင်များကဲ့သို့ပင် ကရင်နီ(ကယားပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်း)သည် အလွန်ကွဲပြားသောလူ့အဖွဲ့အစည်းဖြစ်သည်။ EAOနှင့်PDFများအပြင် အရပ်သားအသိုင်းအဝိုင်းများအပေါ် မြန်မာစစ်တပ်၏ကြီးမားစွာထိခိုက်ခြင်းနှင့်ပတ်သက်၍ စိန်ခေါ်မှုအများအပြားမှာ အလားတူဖြစ်သည်။ အုံ့ဩစရာမှာကရင်နီနှင့် အခြားသောစကားဝိုင်းအများအပြားသည် အာဏာသိမ်းပြီးနောက်ပိုင်း လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများ တိုးမြင့်လာသည်ဟု ပြောဆိုခဲ့ကြသည်။ ၎င်းတွင် "သာမန်" အသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် တက်ကြွလှုပ်ရှားသူများအတွက် SACတပ်ဖွဲ့များမှ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းအန္တရာယ်တို့ ပါဝင်ပါသည်။ လုံခြုံရေးတည်ဆောက်မှုနှင့် အစိုးရသည် SAC၏ ဒီမိုကရေစီနှင့်သဘောထားကွဲလွဲမှုများကို နှိမ့်နှင်းခြင်း(ထိုင်းနိုင်ငံရှိ ပြည်ပရောက်သူများအပါအဝင်)အား တက်ကြွစွာပံ့ပိုးပေးသည့် လုံခြုံရေး ထူထောင်မှုနှင့်အစိုးရတို့ တက်ကြွစွာပံ့ပိုးပေးသည့် ထိုင်းနိုင်ငံမှပြင်ပသို့လည်ပတ်ရန် အခက်အခဲများကြောင့် ပြောဆိုဆွေးနွေးသူအများအပြားက ဆွေးနွေးခဲ့ကြသည်။

## KSCC နှင့် CSO များ

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ ၄ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သောKarenni State Consultative Council (KSCC)၏ခေါင်းဆောင်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များအပါအဝင် CSOsနှင့် National NGOများအတွက် ယခင်ကလုပ်ဆောင်ခဲ့ဖူးသောလူငယ်အမျိုးသမီး အများအပြားပါဝင်ပါသည်။ အများစုသည် ဤနယ်ပယ်များတွင် ရပ်ရွာအခြေပြုနှင့် နိုင်ငံရေးတိုက်ပွဲများကို စိတ်အားထက်သန်စွာစိတ်ဝင်စားကြပြီး ကတိကဝတ်ပြုကြသည်။

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလတွင် KSCCကို ကရင်နီလူမှုအဖွဲ့အစည်းများ၊ KNPP လက်နက်ကိုင်အဖွဲ့(ကရင်နီတပ်မတော်)နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(KNDF) တို့ဖြင့် အဓိကအဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ကရင်နီရှိ PDFအများအပြားသည် တစ်သီးပုဂ္ဂလ သို့မဟုတ် NUG(CRPH-NLD)နှင့် ညီညွတ်နေသော်လည်း ထောင်နှင်ချီသောလူငယ်များသည် KNDF၊ KNPPနှင့် KSCCတို့နှင့် ပူးပေါင်းခဲ့သည်။[၅၀] ယင်းက KNPPနှင့်အခြားသော ကာလရှည်ကြာ EAOများဘက်မှ သိသာထင်ရှားသော စစ်ရေးနှင့်နိုင်ငံရေး၊ အုပ်ချုပ်ရေးစွမ်းကို အားဖြည့်ပေးခဲ့သည်။ KNPPသည် ပြန်လည်ဖွဲ့စည်းထားသောKSCC၏ တရားဝင်တစ်စိတ်တစ်ပိုင်းသာ ကျန်ရှိသော်လည်း အခြားကရင်နီEAOများသည် နောက်ကွယ်တွင်ထောက်ပံ့ကြေးပေးရန် လိုလားကြသော်လည်း ၎င်းသည် ပြည်နယ်သမိုင်းတွင် အားလုံးပါဝင်နိုင်သည့်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ ၂၀၂၃ခုနှစ်တလျှောက်လုံး KNPPနှင့်KSCCတို့သည် ကရင်နီအစိုးရနှင့် KSCC အုပ်ချုပ်ရေးအဖွဲ့တို့ အသီးသီးထွန်းသစ်စ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ ယုံကြည်စိတ်ချရသော ပြည်နယ်အဆင့်ယူနစ်များအဖြစ် ၎င်းတို့၏စနစ်များကိုသဟဇာတဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ပြန်လည်ဖွဲ့စည်းထားသော KSCCသည် KNPP ဥက္ကဋ္ဌ Ku Oo Reh နှင့် KNDFနှင့် ကယန်းအမျိုးသားပါတီခေါင်းဆောင် Khun Bedu(ဇနီးနှင့် KSCCခေါင်းဆောင် ချင်းပြည်နယ်လွှတ်တော်အမတ်ဖြစ်သော ကယားပြည်နယ်လွှတ်တော်အမတ်)တို့ ဦးဆောင်သော ခုနှစ်ဦးပါ ယာယီကောင်စီ(IEC)ကို ဖွဲ့စည်းခဲ့သည်။ KSCC၏ မူဝါဒရေးဆွဲရေးတာဝန်အရ ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ၎င်း၏အုပ်ချုပ်ရေးကို သက်ဆိုင်ရာမြို့နယ်ငယ်များ ကိုးမြို့နယ်ကို (ယေဘုယျအားဖြင့် ကျေးရွာအုပ်စု ၂၃ (သို့) ၃ခုပါဝင်သော ကယန်းလူမျိုးစုနေထိုင်သော ဖယ်ခုံမြို့နယ် အပါအဝင်) ပြန်လည်ဖွဲ့စည်းပြီး ညှိနှိုင်းတိုင်ပင်ကာ အုပ်ချုပ်မှုပိုမိုလုပ်ဆောင်ခဲ့သည်။ လူဦးရေ စုစုပေါင်း ၂၅၀၀၀၀ခန့် ကြားကာလအုပ်ချုပ်ရေးကောင်စီ ထိန်းချုပ်နယ်မြေအောက်တွင် နေထိုင်ကြသည်ဟု ကရင်နီခေါင်းဆောင်များက ခန့်မှန်းကြသည်။

ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF)၏ ထိန်းချုပ်နယ်မြေဖြစ်ပြီး ကယားပြည်နယ်တောင်ပိုင်း၏ ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်ရေးအတွက် အရေးပါသော မယ်ဆယ်မြို့အား KNPPနှင့် KNDF ပူးပေါင်းတပ်တို့သိမ်းပိုက်ပြီးနောက်ပိုင်း KSCC-IECက ကြီးမားသောထောက်ပံ့မှု ရရှိစေခဲ့ပါသည်။ KNPLF တပ်နှစ်တပ်၏ပုန်ကန်မှုသည် ထိုအောင်မြင်ခြင်းအတွက် အရေးပါပေသည် (SAC က လေကြောင်းတိုက်ခိုက်မှု၊ သတ်ဖြတ်မှုနှင့် ပြည်သူများထွက်ပြေးစေခြင်းဖြင့် တုံ့ပြန်ခဲ့သည်)။ ဤသို့သော BGFယူနစ်တစ်ခုလုံး (ယခင်က

---

၅၀။ ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင် KNDFသည် အမျိုးသားနှင့်အမျိုးသမီး ၄၀၀-၅၀၀ခန့်ရှိသော တပ်ရင်း၂၃ခုခန့်ရှိသည်။ (၁၀၀ခန့်တွင် ခေတ်မီလက်နက်များရှိသည်။)

မြန်မာတပ်မတော်လက်အောက်ရှိခဲ့သော်လည်း)  ဘက်ပြောင်းပြီး  နွေဦးတော်လှန်ရေးတွင် ပါဝင်လာခြင်းသည် အရေးပါသောတိုးတက်မှုတစ်ခု ဖြစ်လာသည်။ ကရင်နီလက်နက်ကိုင်အချင်းချင်း စည်းလုံးညီညွတ်မှုသည် SACအတွက် စိုးရိမ်ဖွယ်ဖြစ်လာသည်။

ဤကာလတွင် KSCC-IEC၏ ပေါ်ပေါက်လာမှုသည် အာဏာသိမ်းပြီးကာလတွင် ရှေ့ရောက်သောနိုင်ငံတော်ခွဲအဆင့် ပေါ်ထွက်လာမှုဖြစ်သည်။ သမိုင်းတလျှောက်တွင် ပါဝင်မှု အားအကောင်းဆုံးသော အုပ်ချုပ်ရေးစနစ်ဖြစ်သည့် KSCC-IECသည် ဒေသခံများဦးဆောင်သော "အောက်ခြေမှ အထက်သို့" ဖက်ဒရယ်ပုံစံအတွက် စံနမူနာဖြစ်လာသည်။

ဒေသအလိုက်နှင့် ပါဝင်သောအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့်အလေ့အကျင့်များသည် ရေရှည်တည်တံ့သောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပံ့ပိုး ပေးနိုင်ပြီး "လူနည်းစုအတွင်းမှ လူနည်းစုများ" အပါအဝင် ဒေသခံအသိုင်းအဝိုင်းများအပါအဝင် အခြားလူမျိုးစုအလိုက်သတ်မှတ်ထားသော နယ်မြေနှင့်ပုံသေလုပ်ကွက်များအကြား နယ်နိမိတ်များကို မှန်ဝါးစေရန် ကူညီပေးနိုင်သည်။ ဤအခြေအနေတွင် KNPP ဥပဒေရေးရာဌာနသည် လူ့အဖွဲ့အစည်းများ၊ CSOများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဌာနေတိုင်းရင်းသား ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ မည်ကဲ့သို့ အကောင်းဆုံးပံ့ပိုးလုပ်ဆောင်ရမည်ကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

KSCCအုပ်ချုပ်မှု၏ အခြားအစိတ်အပိုင်းများတွင် ကရင်နီပြည်နယ်ရဲတပ်ဖွဲ့ (KSP) တည်ထောင်ခြင်းအပါအဝင် ကနဦးတွင် စေတနာ့ဝန်ထမ်း CDM ရဲအရာရှိ သုံးရာခန့်ကို ခန့်အပ်ခဲ့သည်။ ၂၀၂၃ခုနှစ်အစောပိုင်းတွင် KSPသည် ရာဇဝတ်မှုပေါင်း ၂၅၀ကိုဆောင်ရွက်ခဲ့ပြီး လူစုဝခန့်ကို ထိန်းသိမ်းထားဆဲ(စစ်သုံ့ပန်းများနှင့် အသိုင်းအဝန်းသို့ ပြန်လွှတ်ပါက အန္တရာယ်ရှိနိုင်သည့် သံသယရှိသတင်းပေးသူများ အပါအဝင်)ဖြစ်သည်။ NUGနှင့် NUCCတို့နှင့်အတူ ပုံမှန်မဟာဗျူဟာ ရေးဆွဲရေးအစည်းအဝေးများကို ကျင်းပခဲ့ပါသည်။

KSCC, IECနှင့် KNPP အတွက် "ကရင်နီ"ဟူသော ဝေါဟာရသည် ကယားပြည်နယ် နယ်မြေဟူ၍ဆိုလိုပြီး - မတူကွဲပြားသော လူ့အဖွဲ့အစည်းများ(ကယား၊ ကယန်း၊ စောနှင့် အခြားလူမျိုး အများအပြားရှိပြီး အများစုမှာ ကရင်ဘာသာစကားမိသားစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဘာသာစကား) များဖြစ်သည်။ ဤပါဝင်နိုင်သော (symbiotic)ချဉ်းကပ်မှုသည် ကရင်နီအမျိုးသားများ လွတ်မြောက်ရေးတပ်ဦး (KNPLF)၊ ကယန်းပြည်သစ်ပါတီ (KNLP) နှင့် ကယားမဟုတ်သော အဖွဲ့ဝင်အများအပြားရှိသည့် အခြားEAOများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပွင့်လင်း လာစေရန် အထောက်အကူဖြစ်စေပါသည်။[၅၁]

---

၅၁။ ၂၀၂၁ခုနှစ် နွေဦးတော်လှန်ရေးအတွက် အစောပိုင်းထောက်ခံမှုရရှိပြီးနောက် KNLPသည် နေပြည်တော်နှင့် ကယန်းတောင်တန်းများ၏ နီးစပ်မှုကြောင့်နောက်ပိုင်းတွင် ဘက်မလိုက်သောအနေအထားအဖြစ်သာ ဆက်လက်တည်ရှိ နေခဲ့သည်။

တိုင်းရင်းသားပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို NUG၏ မဲဆန္ဒနယ်မြေများအဖြစ် ရှုမြင်နိုင်ပြီး ပြည်တွင်းနိုင်ငံရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် အခြေခံပြီး ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးအတွက် အရေးပါသောတရားဝင်မှုကို တောင်းဆိုမှုများဖြင့် ရှုမြင်နိုင်ပါသည်။ အဓိကပြဿနာများ (ဥပမာ-ပညာရေး၊ အသိပညာပေးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန်၊ မြေယာပြဿနာများ)တွင် ရပ်ရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် အောက်ခြေမှသည် လူမှုအသိုင်းအဝိုင်းအတွင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကွန်ရက်များမှဆင်းသက်လာသော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတွင် အဓိကကျသောအချက်များ ဖြစ်နိုင်သည်။

## နက်နဲစွာ လိုက်လျောညီထွေနေထိုင်ခြင်း[၅၂]

ရာသီဥတုအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော အနှောက်အယှက်များနှင့်တုံ့ပြန်ရာတွင် တင်ပြထားသည့်အခွင့်အလမ်းများသည် ဖွံ့ဖြိုးမှုနှင့်နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထိခိုက်ရှလွယ်ပြီး ဘေးဖယ်ထားခြင်းခံရသော လူ့အဖွဲ့အစည်းများကိုလိုက်လျောညီထွေဖြစ်သော နည်းပညာများနှင့် ဆန်းသစ်ထွင်သောချဉ်းကပ်မှုများတွင် ၎င်းတို့၏ ဦးဆောင်ကဏ္ဍများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံလုပ်ငန်းစဉ်များတွင် ပိုမိုမျှတစွာပါဝင်နိုင်စေမည်ဖြစ်သည်။ "ပိုမိုကောင်းမွန်သော ပြန်လည် တည်ဆောက်ခြင်း" အပါအဝင်လူမှုရေးနှင့် နိုင်ငံရေး-စီးပွားရေး ဆက်ဆံရေး အသွင်းကူးပြောင်းမှုတွင် ရပ်ရွာနှင့် အမျိုးသမီးခေါင်းဆောင်မှုကိုပံ့ပိုးပေးခြင်း၊ CSOနှင့်EAOများ၏ အရေးကြီးသော အခန်းကဏ္ဍများကို အသိအမှတ်ပြုခြင်းတို့ပါဝင်သင့်သည်။ ဤသည်မှာ ကြံ့ကြံ့ခံနိုင်ရည်အား ပံ့ပိုးရာတွင် အဓိကသောချက်ဖြစ်ပြီး အထူးသဖြင့်ရှိရင်းစွဲနှင့် တရားမျှတမှုမရှိသော လူမှုရေး - စီးပွားရေး-နိုင်ငံရေး ဖွဲ့စည်းပုံများကိုပြောင်းလဲရန်အဓိစွမ်းရည်ဖြစ်သည်။ ၎င်းသည် လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များအတွက် နိုင်ငံတကာတုံ့ပြန်မှုများကို ဒေသအလိုက်ပြောင်းလဲဆီသို့ အရေးကြီးသော ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ International Committe of the Red Cross၊ International Council of Volutnary Agencies ၊ Mercy Corps၊ Overseas Development Institute၊ Red Cross Red Crescent Climate Centre၊ UN High Commisioner for Refugees၊ World Food Programတို့မှ တောင်းဆိုချက်များနှင့် ကိုက်ညီမည်ဖြစ်သည်။ ပဋိပက္ခဒဏ်ခံဒေသများတွင် ရာသီဥတုဘဏ္ဍာရေး ပိုမိုရရှိစေရန်အတွက်

---

၅၂။"နက်ရှိုင်းစွာ လိုက်လျောညီထွေနေထိုင်ခြင်း"သည် ရာသီဥတုပြောင်းလဲမှုသည် လူမှုအသိုင်းအဝိုင်းပြိုလဲခြင်းဆီသို့ ဦးတည်စေသည်ဟု (Bendell,၂၀၁၈)၏ အကဲဖြတ်ချက်တွင် အလေးအနက်ထားသည်။ မြန်မာနိုင်ငံတွင် ဆွေးနွေးမှု တစ်ခုအတွက် "ရာသီဥတုပြောင်းလဲမှုနှင့် နက်ရှိုင်းစွာ လိုက်လျောညီထွေဖြစ်စေရန် မြန်မာနိုင်ငံ"၊ ရာသီဥတုပြောင်လဲမှု ဆိုင်ရာ ကွန်ုပ်၏ပထမဆုံးထုတ်ဝေမှု (South၊၂၀၁၉)ကို ကြည့်ပါ။ ၎င်းတွင် ဒေသတွင်းအေဂျင်စီကို ပံ့ပိုးကူညီရန်အတွက် အန္တရာယ်ကို စီမံခန့်ခွဲရန်ဆန်းသစ်သော နည်းလမ်းများပါဝင်သင့်သည်။

(ICVA၊ ၂၀၂၂)။ ပဋိပက္ခဒဏ်ခံဒေသများတွင် ရာသီဥတုဘဏ္ဍာရေးပိုမိုရရှိစေရန်အတွက် (ICVA, 2022) ၎င်းတွင် ဒေသတွင်းအေဂျင်စီကိုပံ့ပိုးကူညီရန်အတွက် အန္တရာယ်ကိုစီမံခန့်ခွဲရန် ဆန်းသစ်သော နည်းလမ်းများပါဝင်သင့်သည်။

ရာသီဥတုနှင့်ဆိုင်သောရံပုံငွေများတွင် ရာသီဥတုဆိုင်ရာတရားမျှတမှု (Climate Justice) အားအဓိကစဉ်းစားရန် Hugo Slim (2013)က တောင်းဆိုထားပါသည်။ “COP 28 မရောက်မီတွင် လူသားချင်းစာနာထောက်ထားမှုနှင့်ဆိုင်သော အေဂျင်စီများသည် ရာသီဥတုနှင့်ဆိုင်သော ရံပုံငွေများအား မတည်ငြိမ်မှု၊ စစ်ပွဲနှင့် အကြမ်းဖက်မှုဒဏ်များခံရသည့် နိုင်ငံများတွင် ရင်းနှီးမြုပ်နှံရန် လှုံ့ဆော်ခဲ့ကြသည်။ ဤနိုင်ငံရှိ သန်းချီသောလူတို့သည် အဆင်းရဲဆုံးသောလူများဖြစ်ပြီး အလှူရှင်များ၏ မျက်ကွယ်ပြုခြင်းကို ခံရလေ့ရှိသည်။ လာမည့်နှစ်အနည်းငယ်တွင် ဤကဲ့သို့ထိရှလွယ်သော လူ့အသိုင်းအဝိုင်းများအား အသက်ရှင်ရပ်တည်ရန်နှင့် သဟဇာတဖြစ်စေရန် မည်သို့ထောက်ပံ့နိုင်မည်ကို လေ့လာရန် အကောင်းဆုံးအချိန်များဖြစ်လာသည်။ ပိုမိုလွယ်ကူပြီး အန္တရာယ်နည်းပါးသောကြောင့် ချမ်းသာသော၊ တည်ငြိမ်သောနိုင်ငံများတွင်သာ ရာသီဥတုနှင့်ဆိုင်သော ရံပုံငွေပေးအပ်သူများက ရင်းနှီးမြုပ်နှံလေ့ရှိကြသည်။ ဤကဲ့သို့သော ရေစီးကြောင်းအတိုင်းဆက်လက်သွားပါက အကြာမီ အချိန်တွင် ကမ္ဘာ့ရာသီဥတုသည် ခက်ခဲသောအခြေအနေသို့ ရောက်ရရှိလာပါသည်။ ပိုမိုဆင်းရဲသော ကမ္ဘာ့အစိတ်အပိုင်းများတွင် ရေအရင်းမြစ်များ၊ ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်များ၊ အစားအသောက်ဖူလုံရေးများ ထောက်ပံ့ရန်ပျက်ကွက်လာမည်ဖြစ်သည်။ ဤသည် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice)မဟုတ်ပေ။

ရာသီဥတုပြောင်းလဲမှုသည် အချို့သောအခြေအနေများတွင် ဆုံးရှုံးမှုနှင့်ပျက်စီး ဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်နိုင်ချေရှိသော အရိပ်အမြွတ်ထက်ကျော်လွန်ပြီး ပျက်စီး လွယ်သောအသက်မွေးဝမ်းကျောင်းမှုနှင့် လူသားလုံခြုံရေးကိုထိခိုက်ပျက်စီးစေမည့် ရာသီဥတု ဖောက်ပြန်မှုကိုလည်း ထိခိုက်စေပါသည်။ အသုံးချခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ချဉ်းကပ်မှုတစ်ခုအဖြစ် “နက်ရှိုင်းစွာ လိုက်လျောညီထွေဖြစ်စေရန်”၏ အစပြုသူJem Bendellသည် အစားအစာ ထောက်ပံ့မှုကိုကန့်သတ်ရန်နှင့် ကျယ်ပြန့်သောအစားအစာမလုံခြုံမှုနှင့် လူမှုရေးပျက်ပြားမှုကို ဖြစ်ပေါ်စေမည့် “ခက်ခဲသော လမ်းကြောင်းများ” ခြောက်ခုကိုဖော်ထုတ်ခဲ့သည်။ လိုက်လျောညီထွေ ရှိမှုနှင့် ကိုင်တွယ်ဖြေရှင်းနိုင်မှုစွမ်းရည်များသည် အကျပ်အတည်းများ[၁၇]စွာဖြင့် လွှမ်းခြုံထားလျှင် နက်နဲပြီး ကျယ်ပြန့်သောမလုံခြုံမှုနှင့် လူမှုစီးပွားရေးနှင့် နိုင်ငံရေးပြိုလဲမှု[၁၈]ပင်လျှင် ဖြစ်နိုင်ချေရှိသော အခြေအနေများဖြစ်သည်။ ဤကဲ့သို့ဆိုးရွားပြီး လက်တွေ့မကျသောအခြေအနေများတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အခံရဆုံးသော ကျဆင်းလာခြင်းနှင့်ဆက်စပ်၍ အကြမ်းဖင်းခံစားရဖွယ်ရှိသည်။ နိုင်ငံများတွင် တစ်နိုင်ငံအဖြစ်

အထူးသဖြင့် ထိခိုက်လွယ်မည်ဖြစ်သည်။ အလှူရှင်နိုင်ငံများသည် အပြောင်းအလဲကြောင့် ဖြစ်စေသော စီးပွားရေးဖိအားများနှင့်ဆက်စပ်နေသော လူမှုရေးနှင့်နိုင်ငံရေးအကျပ်အတည်းများနှင့် လုံးထွေးနေသောကြောင့် မြန်မာနိုင်ငံတွင်ရာသီဥတုပြောင်းလဲမှု၏ ပြင်းထန်သောသက်ရောက်မှု များတိုးမြင့်လာပါက အကူအညီပေးရေးဆောင်ရွက်ချက်များ ကျဆင်း လာခြင်းနှင့်ဆက်စပ်၍ အကြမ်းဖင်းခံစားရဖွယ်ရှိသည်။ လာမည့်နှစ်များတွင် အရေးတကြီး လိုအပ်ချက်များသည် ပျက်စီးလွယ်သောနိုင်ငံများဟုခေါ်တွင်သော နိုင်ငံများတွင်တစ်ကမ္ဘာလုံး တိုးလာဖွယ်ရှိသည်။ ဤအခြေအနေတွင် ဒေသဆိုင်ရာအေဂျင်စီများသည် တုံ့ပြန်မှုနှင့်လိုက်လျော ညီထွေဖြစ်စေရန် မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်လိမ့်မည်။ လူထုများ၊ EAOနှင့် CSOများသည် မကြာခဏဆိုသလိုထိခိုက်လွယ်သော အသိုင်းအဝိုင်းများသို့ဝင်ရောက်နိုင်သည့် တစ်ခုတည်းသော ပါဝင်လုပ်ဆောင်သူများဖြစ်ပြီး စွမ်းရည်နှင့်ကူညီလိုစိတ်များရှိသည်။ နိုင်ငံရေးသက်ရောက်မှုများအပြင် အဆိုပါဖြစ်ရပ်မှန်များသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုနှင့် သဘာဝ ဘေးအန္တရာယ်လျော့ပါးရေး (DRR)အများအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ ဒေသအလိုက် ပိုမိုသက်ဆိုင်ပြီးထိရောက်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုလိုအပ်မှုနှင့် DRR သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မျှော်မှန်းထားသည့်အတိုင်း ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့မှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းနိုင်မည့်ဖြစ်သည်။ ယင်းတွင် ယခင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မျှော်မှန်းထားသည့်အတိုင်း မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ဆီသို့ရွေ့လျားနေသည့် အနေအထားတွင် တစ်နိုင်ငံလုံးသဘောတူညီထားသည့် ပြည်ထောင်စုအဆင့် မူဘောင်တစ်ခုအတွင်း

၅၃။၁၊ကျွန်ုပ်တို့သည် အစားအစာထုတ်လုပ်မှု၏ ဇီဝရုပ်ပိုင်းဆိုင်ရာကန့်သတ်ချက်များကို တွန်းလှန်နေပြီး မျိုးဆက် တစ်ခုအတွင်း “အထွတ်အထိပ် အစားအစာ” ထိသွားနိုင်သည်။၂၊ကျွန်ုပ်တို့၏ လက်ရှိစားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များသည် ၎င်းတို့မှီခိုရသော အရင်းအမြစ်ကိုတက်ကြွစွာ ဖျက်စီးနေသည်။သို့မှသာ ကမ္ဘာမြေ၏ စားနပ်ရိက္ခာထုတ်လုပ်မှုစွမ်းရည်သည် ကျဆင်းမသွားစေရန်။၃၊ကျွန်ုပ်တို့၏ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ၎င်း၏ သိုလှောင် ဖြန့်ဖြူးမှုအများစုသည် ရုပ်ကြွင်းလောင်စာများအပေါ်တွင် အလွန်မှီခိုနေရပြီး ကျွန်ုပ်တို့၏ အစားအစာထောက်ပံ့မှုမှာ စျေးနှုန်းနှင့် ထောက်ပံ့မှု မတည်ငြိမ်မှုကို ထိခိုက်စေရုံသာမက စားနပ်ရိက္ခာဖူလုံရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတို့ကြား မဖြစ်နိုင်သော ရွေးချယ်မှုတစ်ခုကိုလည်း တင်ပြပေးပါသည်။၄၊ရာသီဥတုဖောက်ပြန်မှုသည် ကျွန်ုပ်တို့၏ အစားအစာထောက်ပံ့မှုကို အပျက်သဘောဆောင်နေပြီဖြစ်ခြင်း ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတု မတည်ငြိမ်ခြင်းကြောင့် ကျွန်ုပ်တိုပအစားအစာထုတ်လုပ်နိုင်စွမ်းကို ပိုမိုပျက်စီးစေပါသည်။၅၊ ဤကန့်သတ်ချက်များ ရှိနေသော်လည်း ကျွန်ုပ်တို့သည် အလွယ်တကူပြောင်းပြန်မရနိုင်သော အစားအစာဝယ်လိုအားတိုးလာနေသော လမ်းကြောင်းတွင် သော့ခတ်ထားသည်။၆၊ကမ္ဘာ့ကုန်သွယ်မှုတွင် စီးပွားရေးထိရောက်မှုနှင့် အကျိုးအမြတ်ကို ဦးစားပေး လုပ်ဆောင်ခြင်းသည် စားနပ်ကွာအချုပ်အခြာအာဏာနှင့် အစားအစာထုတ်လုပ်မှုကို အတိုင်းအတာမျိုးစုံဖြင့် ခံနိုင်ရည် ထိခိုက်စေခဲ့ပြီး ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးနှစ်ရပ်စလုံးအား အနှောက်အယှက်ဖြစ်စေသော တုန်လှုပ်ချောက်ချားမှု အန္တရာယ်ကို လွန်စွာထိခိုက်စေနိုင်သည်။(Bendell၊ ၂၀၂၃၊The foundations are breaking together)။

၅၄။ပြိုကျပုံမှာ ဤသို့ဖြစ်သည်-ပထမဖြည်းဖြည်းချင်း၊ ထို့နောက်မြန်သွားသည်။ စေတီတော်ကို ပြန်လည်တည်ဆောက်ရန် (မတည်မငြိမ်ဖြစ်ပြီးသည်နှင့် တပြိုင်နက်)ဖြိုဖျက်ရန်ထက် စေတီတော်ကို ပြန်လည်တည်ဆောက်ရန် စွမ်းအင်များစွာ လိုအပ်သည်။https://fb.watch/FTF3Tovn9L/။

ဆုံးဖြတ်ချက်များချရန်ဒေသ(ပြည်နယ်)အစိုးရအတွက် ကြီးမားသောအခွင့်အာဏာများ ပါဝင်သင့်သည်။

အနာဂတ်တွင် ကပ်ရောဂါများသည် အလှူရှင်များ၏ဦးစားပေးများကို ပြန်လည်အကဲဖြတ်သုံးသပ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေး၊ လူသားလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ခံနိုင်ရည်ရှိမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုတို့အကြား ဆက်စပ်မှုများကို ပြန်လည်ဆန်းသစ်မှုတစ်ခု ပြုလုပ်နိုင်မည်ဖြစ်သည်။ ကပ်ရောဂါကိုတုံ့ပြန်မှုများသည် ပိုမိုမျှတ၍စိမ်းလန်းသော ဖြေရှင်းနည်းများကို ရရှိစေရန်၊ လူမှုအသိုင်းအဝိုင်းများနှင့် ကမ္ဘာမြေကိုကာကွယ်ရန်အတွက် ရာသီဥတုတရားမျှတမှုအတွက် တိုက်ပွဲတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နိုင်သည်။ ဤနေရာတွင်ဖော်ပြထားသည့် မဟာဗျူဟာများနှင့်လိုက်လျောညီထွေဖြစ်ရန် ခွဲခြမ်းစိတ်ဖြာထားမှုအများအပြားသည် တစ်ဦးချင်း၊ အိမ်ထောင်စု၊ ရပ်ရွာအဆင့်နှင့် နိုင်ငံအဆင့်များတွင် COVID-19 တုံ့ပြန်မှုများနှင့်လည်း သက်ဆိုင်ပါသည်။ လူတစ်ဦးချင်း၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ အားနည်းချက်များနှင့် ခံနိုင်ရည်အားတို့သည် ရေရှည်တည်တံ့ခိုင်မြဲသော၊ တရားမျှတပြီးသာတူညီမျှ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အခြေခံကျမည်ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ရာသီဥတု ပြောင်းလဲမှုအပေါ် မူဝါဒဆိုင်ရာတုံ့ပြန်မှု အများစုသည် ပြည်နယ်(နှင့် အလှူရှင်)ကို ဗဟိုပြု၍ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်မှု အနည်းငယ်မျှသာရှိသေးသည်။ တစ်ဦးချင်း၊ အိမ်ထောင်စု၊ ရပ်ရွာအဆင့်နှင့် နိုင်ငံအဆင့်များတွင် COVID-19 တုံ့ပြန်မှုများနှင့်လည်း သက်ဆိုင်ပါသည်။ လူတစ်ဦးချင်း၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ အားနည်းချက်များနှင့် ခံနိုင်ရည်အားတို့သည် ရေရှည်တည်တံ့ခိုင်မြဲသော၊ တရားမျှတပြီးသာတူညီမျှ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အခြေခံကျမည်ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိရာသီဥတု ပြောင်းလဲမှုအပေါ် မူဝါဒဆိုင်ရာတုံ့ပြန်မှုအများစုသည် ပြည်နယ်(နှင့် အလှူရှင်)ကိုဗဟိုပြု၍ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်မှုအနည်းငယ်မျှသာရှိသေးသည်။ ရာသီဥတုပြောင်းလဲမှုနှင့် COVID-19 ကူးစက်ရောဂါပေါင်းစပ်မှုသည် ခံနိုင်ရည်အားကန့်သတ်ချက်ကိုကျော်လွန်၍ ဒေသတွင်းရင်ဆိုင်ဖြေရှင်းရေးယန္တရားများကို ဆန့်ထုတ်နိုင်သည့်ဘေးအန္တရာယ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်နောက်ပိုင်း၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများအတွက် ကမ္ဘာတစ်ဝှမ်းမှ အနာဂတ်ရန်ပုံငွေထောက်ပံ့မှုသည် မသေချာပါ။ ထို့ကြောင့် ဘေးအန္တရာယ်ပြီးနောက်“ ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်ခြင်း”၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒေသတွင်းအေဂျင်စီနှင့် လူမှုရေးအရင်းအနှီးကိုပံ့ပိုးရန် ယခင်ထက်ပိုအရေးကြီးပါသည်။ ဤဒေသအေးဂျင်များ စွမ်းဆောင်ရည်များနှင့်ကွန်ရက်များသည် အကူအညီလွန်ကမ္ဘာတွင်ဘေးဒုက္ခတုံ့ပြန်မှု၏ အနာဂတ်ဖြစ်နိုင်လာနိုင်သည်။ တိုင်းရင်းသားဘာသာစကားပြောသောကွန်ရက်များနှင့် ယုံကြည်ခြင်း

အခြေခံသောကွန်ရက်များသည် မြန်မာနိုင်ငံရှိပဋိပက္ခဒဏ်ခံရသောဒေသများရှိ ဒေသခံလူထုများ ရှင်သန်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အဓိကသော့ချက်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် ကျွန်ုပ်တို့နေထိုင်နေသော ကမ္ဘာအမျိုးအစားကို ပြန်လည်ပုံဖော်ရန် အခွင့်အလမ်းတစ်ခု(သို့မဟုတ်"အရေးကြီးသော လမ်းဆုံလမ်းခွ")ဖြစ်နိုင်ပြီး နိုင်ငံတော်-လူ့အဖွဲ့အစည်းနှင့်အာဏာဆက်ဆံရေးများတွင် အသွင်ကူးပြောင်းရေးအတွက်စေ့စပ်ညှိနှိုင်းခြင်းနှင့် ရုန်းကန်တိုက်ပွဲဝင်ခြင်းမျိုးဖြစ်သည်။ ရာသီဥတုအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော အနှောက်အယှက်များနှင့်တုံ့ပြန်ရာတွင် တင်ပြထားသောအခွင့်အလမ်းများသည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် လိုက်လျောညီထွေရှိသော နည်းပညာများနှင့်ဆန်းသစ်သော ချဉ်းကပ်မှုများမှ တစ်ဆင့်ထိခိုက်လွယ်သောနှင့် ဘေးဖယ်ထားသောအသိုက်အဝန်းများကို ပိုမိုမျှတစွာပါဝင်နိုင် စေပါသည်။ ပိုမိုကောင်းမွန်သောပြန်လည်တည်ဆောက်ခြင်းတွင် ရပ်ရွာနှင့်အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုပံ့ပိုးပေးခြင်းဖြင့် လူမှုရေးနှင့် နိုင်ငံရေး-စီးပွားရေး ဆက်ဆံရေး အသွင်ကူးပြောင်းရေး တွင်ပါဝင်သင့်သည်။ အထူးသဖြင့် ဘေးဖယ်ခံထားရပြီးထိခိုက်လွယ်သော လူအားလုံး၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးသည့်နည်းလမ်းများဖြင့် EAOနှင့် အခြားသောဒေသဆိုင်ရာ အာဏာပိုင်များအား ထောက်ခံအားပေးရန်အရေးကြီးပါသည်။

# ၄။

## နိဂုံး

### ရှုပ်ထွေးမှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ဒေသမှုပြုခြင်း

အာဏာသိမ်းပြီး၂နှစ်အကြာတွင် ဗျူဟာကိုလှဲလှယ်ပြီးအတည်ပြုရန် ၂၀၂၃ခုနှစ်၊ မတ်လအလယ်ပိုင်းတွင် ပန်ဆန်းမှတရုတ်မဟာမိတ်ဖြစ်သည့် Federal Political Negotiation and Consultative Committe (FPNCC)က UWSA ၄ာနချုပ်တွင်တွေ့ဆုံခဲ့သည်။ အဆိုပါ EAO ခုနှစ်ဖွဲ့က တရုတ်နိုင်ငံအပေါ်(အံ့သြစရာမဟုတ်သော်လည်း) ချီးကျူးဂုဏ်ပြုသည့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့များ၏ သုံးပုံနှစ်ပုံခန့်ပါဝင်သည့် မြန်မာနိုင်ငံမြောက်ပိုင်း တစ်ဝှမ်းတွင် တိုင်းရင်းသားအခြေပြု ထိန်းချုပ်မှုစုစည်းရန်အောင်မြင်သော ကြိုးပမ်းမှုများကိုအာရုံစိုက်ရန် တောင်းဆိုခဲ့သည်။

COVIDကြောင့် တရုတ်နိုင်ငံသည် အခြားနိုင်ငံများထက် EAOများသို့ လူထောင်ပေါင်း များစွာကို ကာကွယ်ဆေးထိုးခြင်းအပါအဝင် တိုက်ရိုက်အကူအညီများ ပိုမိုထောက်ပံ့ပေးနိုင်ဖွယ် ရှိသည်။ မြန်မာနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်မှုများကို မည်သို့တားဆီးရမည်ကို အနောက်နိုင်ငံများက တွေးတောနေချိန်တွင် တရုတ်နိုင်ငံသည် ၎င်း၏ဖောက်သည်များကို လုပ်ငန်းလုပ်ဆောင်ရန်နေရာ ပေးလျက်ရှိသည်။ မြန်မာနိုင်ငံမြောက်ပိုင်းရှိ EAOများအားလုံးသည် ဒေသတွင်းမဟာမိတ်အင်အားနှင့် အလွန်အင်အားနှင့် အလွန်နီးကပ်စွာလုပ်ကိုင်ရန် အဆင်ပြေသည်မဟုတ်သော်လည်း တရုတ်နိုင်ငံ၏ သြဇာလွှမ်းမိုးမှုနှင့် အကျိုးစီးပွားများကို လက်တွေ့မှာငြင်းဆို၍မရပေ။ ဤအခြေအနေတွင် မြောက်ပိုင်းEAOများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် ရဲရဲတင်းတင်းလေ့ကျင့်မှုများ ပိုမို လုပ်ဆောင်နေပါသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသည်ကမောက်ကမဖြစ်နေပြီး တရုတ်မှလည်း စစ်အစိုးရကို ကျောထောက်နောက်ခံပြုနေပါသည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်အာဏာသိမ်းမှုအပြီးတွင် တိုင်းပြည်သည် ပြုပြင်မွမ်းမံရန် အတွက် လွန်စွာပျက်စီးနေပါသည်။ မည်မျှသော "နိုင်ငံတော် အားကောင်းရေး"ကိုမဆို ဤပျက်စီး ဆုံးရှုံးသွားသောပရောဂျက်ကို ပြန်လည်ထူထောင်ပေးမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံသစ်သည် တရားမျှတမှု၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အသစ်တဖန်တောင်းဆိုမှုများဖြင့် ပြန်လည်ရှင်သန်လျက်ရှိသည်။

"လူမှုရေး၊ ဘာသာရေးနှင့်ဒေသဆိုင်ရာ လူနည်းစု"ပါဝင်မှုသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ဆောင်ချက်အဖြစ် ကုလသမဂ္ဂနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဌာနက ရှုမြင်သည်။[၅၅]ထိရောက်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုသည် ရပ်ရွာဦးဆောင်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စံနမူနာများဖန်တီးခြင်းဖြင့် ပဋိပက္ခ၏အဓိကတွန်းအားများကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။

အမျိုးမျိုးသောမတည်မငြိမ် သို့မဟုတ် ခေတ်ရေစီးကြောင်းအလိုက် ပြောင်းလဲနေသော စနစ်များနှင့် အကြာခဏ ပြင်းထန်စွာပြိုင်ဆိုင်နေကြသောသက်ဆိုင်သူများ၏ အမျိုးမျိုးသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာများနှင့်စွက်ဖက်မှုများသည် ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင်(ရှုပ်ထွေးသောစနစ်များတွင် အောင်မြင်သော ကြားခံအဖွဲ့အစည်းများ၏ လက္ခဏာတစ်ရပ်တစ်ခုအနေဖြင့်) လက်တွေ့ကျပြီး လိုက်လျောညီထွေ ဖြစ်သင့်သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြည်တွင်းနှင့်နိုင်တကာမှပါဝင် လုပ်ဆောင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ပူးတွဲဆောင်ရွက်မှုများကို အလယ်အလတ်ကာလတွင်အကဲဖြတ်ပြီး ပြောင်းလဲလာသော အခြေအနေများအပေါ်အကဲဖြတ်သင့်သည်။(ဥပမာ- IPCCမှတစ်ဆင့် သိပ္ပံနည်းကျ ပုံစံကို ရရှိနိုင်သောကြောင့် အဆင့်မြှင့်တင်ရန်)။[၅၆]ရှုပ်ထွေးမှုနှင့်အတူလုပ်ဆောင်ရန် လိုက်လျောညီထွေ ရှိသော စနစ်အခြေပြုချဉ်းကပ်မှု (Aid on the Edge of Chaos; Ramalingham၊ ၂၀၁၃)သည် အပြုသဘောသွေဖယ်မှုကိုဖော်ထုတ်ပြီး ပံ့ပိုးပေးသင့်သည်။ ("Appreciative Inquiry"ချဉ်းကပ်မှု)။[၅၇]

မှတ်သားထားသည့်အတိုင်း Jim Woodhill နှင့် Juliet Millican(၂၀၂၃)မှ ရှုပ်ထွေးမှုဆီသို့ စနစ်များချဉ်းကပ်မှုတစ်ခုသည် များပြားလှသော(တစ်ခါတစ်ရံဘေးဖယ်ထားသော သောင်းကျန်းသူများအတွက်ပင်လျှင်) ရှုထောင့်များနှင့်ပါဝင်လုပ်ဆောင်သူများကို စားပွဲဝိုင်းများဆီသို့ မည်သို့

၅၅။UNDPA၊၂၀၂၂၊စာ-၆။ မျှဝေနားလည်မှုများနှင့် ဘုံဘာသာစကား(စာမျက်နှာ ၁၃)အပါအဝင်။ သြဇာကြီးမားသော USAID မူဘောင်တစ်ခု "မကြာခဏ အပြန်အလှန်ပြောဆိုဆွေးနွေးမှုများမှတစ်ဆင့် ယုံကြည်မှုကိုမြှင့်တင်ရန် အကြံပြုထားသည်။ စေ့စပ်ညှိနှိုင်းရေး၊ ဖျန်ဖြေရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးတို့အတွက် စွမ်းရည်တည်ဆောက်နိုင်ကာ ငြိမ်းချမ်းရေး သို့မဟုတ်/နှင့် တင်းမာမှုများနှင့် ပြင်းထန်သောပဋိပက္ခများကို ထိန်းကျောင်းရန် အထောက်အကူဖြစ်စေသည်။ ဤစီမံကိန်း၏ အဓိကကျသောအချက်မှာ ပါဝင်နိုင်သော သို့မဟုတ် ပါဝင်ပတ်သက်သည့် ချဉ်းကပ်မှုတစ်ခုဖြစ်ပြီး အမျိုးမျိုးသော ပါဝင်ပတ်သက်သူများအကြား ညှိနှိုင်းဆွေးနွေးမှုများနှင့် ဒေသဆိုင်ရာအဆင့် စွမ်းရည်မြှင့်တင်ခြင်းတို့ကို ရည်ရွယ်သည်"။(USAID၊ ၂၀၁၅)။

၅၆။Dennis Tanzler, Nikolas Scherer နှင့် Adrien Detges (၂၀၂၂)တို့က"အနာဂတ်တွင် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခများ မည်ကဲ့သို့ဖြတ်တောက်နိုင်သည်(စာ- ၂၃)"ကို တည်ဆောက်ရန် အကြံပြုထားသည်။

၅၇။"လူတွေဟာ နေရာရွှေ့ပြောင်းပြီး နောက်ပိုင်းတွင် ၎င်းတို့၏ပြောင်းလဲလာသော အခြေအနေများနှင့်အဆက်မပြတ် လိုက်လျောညီထွေ နေနေကြသည်။ အကူအညီပေးရေး ပါဝင်လုပ်ဆောင်သူများသည် ၎င်းတို့၏ မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်းတွင် ရွှေ့ပြောင်းနေထိုင်သူများ အသုံးပြုထားပြီးသော နည်းဗျူဟာများကို ထည့်သွင်းသင့်သည်။"(Sturridge & Holloway၊ ၂၀၂၂၊ Key Messages)။

ပို့ဆောင်ကြောင်းရှင်းပြသည်။ ဒေသခံကွန်ရက်များနှင့် ဒေသခံပါဝင်လုပ်ဆောင်သူများကို အားကောင်းစေပြီး လိုက်လျောညီထွေရှိသောသင်ယူမှုကို မြှင့်တင်နိုင်သည်။ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက်ပံ့ပိုးကူညီခြင်းနှင့် လက်အောက်ခံဖက်ဒရယ်မူအရ ဒေသအလိုက်ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်ကို ပံ့ပိုးပေးခြင်းသည် ဒေသအလိုက်ထောက်ပံ့ကူညီမှုများကို အားဖြည့်ပေးပါသည်။ မဟာမိတ်အဖွဲ့နှင့် ကွန်ရက်တည်ဆောက်ရေးတွင် အားလုံးပါဝင်သောမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို CSOများနှင့်အခြားသူများကို မလိုလားအပ်သော(မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသော CSOများအတွက် အထူးစိုးရိမ်စရာ) အန္တရာယ်အဖြစ်မဖော်ပြဘဲ ပဋိပက္ခအား အကဲဖြတ်သည့်ပုံစံဖြင့် ဆောင်ရွက်သင့်သည်။

ရာသီဥတုပြောင်းလဲမှု၏အနှောက်အယှက်များသည် အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအများအပြားမှ ထိရောက်မှုရှိသည် သို့မဟုတ် တရားဝင်သည်ဟု ဘယ်သောအခါမှထင်မြင်ခြင်းမျိုးမရှိသည့် ပြည်နယ်၏ပြိုကွဲမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုသည် နိုင်ငံတော်ကျရှုံးမှု၏မောင်းနှင်အားဖြစ်ပြီး နိုင်ငံရေးဖွဲ့စည်းပုံနှင့် အချုပ်အခြာအာဏာအသစ်များ (ပေါ်ပေါက်လာသော ဖက်ဒရယ်ပြည်ထောင်စု စနစ်)ကို ရှာဖွေရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။

ICRC၊ ICVA၊ Mercy Corps၊ ODI၊ Red Cross Cresent Climate Centre၊ UNHCRနှင့် WFPတို့၏ အဆိုအရ -

> ရာသီဥတုပြောင်းလဲမှုဒဏ်ကို လိုက်လျောညီထွေဖြစ်စေရန် အဆင်သင့်ဖြစ်နေကြသော နိုင်ငံပေါင်း ၂၅နိုင်ငံထဲတွင် ထက်ဝက်ကျော်သည် ပဋိပက္ခဒဏ်ကို ခံခဲ့ရပါသည်။လက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုဒဏ်ခံရသော နေရာများသည် ကမ္ဘာပေါ်တွင် ထိခိုက်လွယ်ဆုံးနှင့် ရာသီဥတုပြောင်းလဲမှု၏ဆိုးကျိုးများကို လိုက်လျောညီထွေဖြစ်အောင် နေနိုင်မှု အနည်းဆုံးဖြစ်သည်။

အထူးသဖြင့် ပြည်တွင်းအစိုးမဟုတ်သောအဖွဲ့အစည်းများတွင် သိသိသာသာပံ့ပိုးကူညီမှု ရရှိရန် ဖြစ်နိုင်ခြေအနည်းစုလည်းဖြစ်သည်။ ထိုသို့သော စိန်ခေါ်မှုများနှင့် အခက်အခဲများကြားမှ မြန်မာနိုင်ငံရှိ ဒေသဆိုင်ရာ(အချုပ်အခြာအာဏာပိုင်)အာဏာရှိသူများသည် ဒေသအလိုက် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာလုပ်ဆောင်ချက်ကို ဦးဆောင်လမ်းပြပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကြုံကြိုက်ခံနိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှု အခြေအနေတွင် အောက်ဖော်ပြပါမှ ဖက်ဒရယ်စနစ်ကိုပံ့ပိုးပေးမည့် ဇာတ်ကြောင်းများနှင့် အစီအစဉ်များရေးဆွဲရန် အရေးတကြီးလိုအပ်နေပါသည်။ ထိတွေ့ဆက်ဆံမှုသည် အချုပ်အခြာ အာဏာနှင့် ရပ်ရွာလူထု၊ EAOsနှင့် မိတ်ဖက်CSOများ၏ အချုပ်အခြာအာဏာနှင့် ကြားခံ

အဖွဲ့အစည်းများအပေါ် အခြေခံသင့်သည်။ စနစ်ကြားခံအဖွဲ့အစည်းများ(ပါဝင်လုပ်ဆောင်သူများ) အများအပြားသည် ၎င်းတို့၏မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ဤနည်းဖြင့် သေချာပေါက် ဘောင်မသွင်းဘဲ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ဆောင်နေပြီဖြစ်သည်။ (အထက်တွင် အသေးစိတ်လေ့လာချက်(Case Study) လေးခုကိုကြည့်ပါ)။[၃၈] ဤသုတေသနအတွက် စစ်တမ်းကောက်ယူထားသော လူတစ်ဦးချင်း၊ အဖွဲ့များနှင့် ကွန်ရက်များသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လျော့ပါးစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဒေသအလိုက်၊ ကမ္ဘာလုံးဆိုင်ရာအကျိုးသက်ရောက်မှု များဖြင့် သိသိသာသာပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်သည်။

လိုအပ်သည့်အရာ၏ တစ်စိတ်တစ်ပိုင်းမှာ နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်သွယ်ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များအပေါ် ပိုမိုကြီးမားသော EAOနှင့် CSO စည်းရုံးလှုံ့ဆော်မှုဖြစ်သည်။ တာဝန်သိသစ်တောအုပ်ချုပ်ရေးနှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေးမှ တစ်ဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုအပေါ် သက်ဆိုင်သူများ၏ အဆင်မြင့်နှင့် တိကျသော နိုင်ငံရေးကတိကဝတ်ပြုခြင်းသည် သင်္ကေတနှင့် အရေးကြီးသောကြွေးကြော်သံတစ်ခု ဖြစ်နိုင်သည်။ ဤတွင် အောက်ခြေမှနေ၍ ကမ္ဘာလုံးဆိုင်ရာ ပွဲတင်ထပ်နေသင့်သည့် မြန်မာနိုင်ငံသစ် တည်ဆောက်ရေးတွင် အဓိကကျသောအချက်ဖြစ်သည်။ မြန်မာ့သစ်တောများသည် ကမ္ဘာ့အရေးကြီးဆုံး အစိမ်းရောင်အဆုတ်များထဲမှ တစ်ခုဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့အရေးကြီးအမွေအနှစ်များကို ကာကွယ်ရန်အတွက် EAOနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များကို နိုင်ငံတကာအသိုင်းအဝိုင်းက အထောက်အပံ့ပေးသင့်ပါသည်။ ထိုသို့သော "အစိမ်းရောင်ပူးပေါင်းခြင်း"သည် ရေရှည်တည်တံ့ရေးနှင့် EAOများ၏ ဘဏ္ဍာရေးနှင့်ဆက်စပ်သော ကျင့်ဝတ်ဆိုင်ရာပြဿနာများကို ဖြေရှင်းရာရောက်ပါသည်။

မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်ခံရသောအခြေအနေများတွင် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်း(အထူးသဖြင့် လိုက်လျောညီထွေဖြစ်စေရန်လုပ်ဆောင်မှုများ)သည် အုပ်ချုပ်မှုနှင့် ပက်သက်၍ သိသာထင်ရှားသော အတိုင်းအတာတစ်ခုထိဖြစ်သည်။ ၎င်းသည် အတိုင်းအတာတစ်ခု အထိ ပိုမိုတရားဝင်ပြီးပါဝင်နိုင်သော အစိုးရတစ်ရပ်ကို တပ်ဆင်တည်ဆောက်ရန်အတွက်

---

၃၈။၎င်းသည် Nexus Response Mechanism နှင့် Coflict Analysis and Research Facility၏ တွေ့ရှိချက်များကို ထင်ဟပ်စေပါသည်။ နိုင်ငံတကာမှ ပါဝင်လုပ်ဆောင်သူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပရိုဂရမ်များကို "၎င်း၏ ကိုယ်ပိုင် သီးခြားအလုပ်လမ်းကြောင်းအဖြစ် ရှုမြင်ကြသော်လည်း ဒေသတွင်တုံ့ပြန်သူများနှင့် အသိုင်းအဝိုင်းများက မကြာခဏမပြုလုပ်နိုင်ပါ။ ဒေသခံတုံ့ပြန်သူများနှင့် တက်ကြွလှုပ်ရှားသူများသည် အပြန်အလှန်ဆက်နွယ်သည်ဟု မြင်ကြသည်။ အလားတူ ရပ်ရွာအများအပြားသည် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို သီးခြား " ပတ်ဝန်းကျင်" ပြဿနာများအဖြစ် မမြင်ကြပေ။ ၎င်းတို့ကို အခြားလူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် (များသောအားဖြင့်) အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် တန်းတူ(အများအားဖြင့် ဆက်စပ်နေသော) ရပ်ရွာပြဿနာများအဖြစ် မြင်ကြသည်။"(Nexus Response Mechanism၊ ၂၀၂၂)။

အသိအမှတ်ပြုမခံရဘဲ တရားမဝင်သော SAC စစ်အာဏာရှင်များကို ဖယ်ရှားပစ်ခြင်းကို ဆိုလိုသည်။ အုပ်ချုပ်ရေးသည် NUGနှင့် သက်ဆိုင်ရာ CSO များနှင့် EAOs(၎င်းတို့၏ သစ်တောနှင့် အခြားဌာနများ)အကြား ဆက်ဆံရေးများဖွံ့ဖြိုးတိုးတက်ရန် အထူးအလားအလာများနှင့်အတူ အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုပုံစံကိုလည်း လုပ်ဆောင်နိုင်သည်။ ဤကိစ္စတွင် အမျိုးသမီးများ၊ လူငယ်နှင့် လွှမ်းမိုးမှုမရှိသော "လူနည်းစုအတွင်းမှ လူနည်းစုများ"အပါအဝင် ဖြစ်နိုင်ချေရှိသော ဘေးဖယ်အုပ်စုများကိုထည့်သွင်းရန် အရေးကြီးပါသည်။ ပြည်နယ်ယူနစ်များ (EAOs သို့မဟုတ် ပြည်နယ်ကောင်စီအာဏာပိုင်များ)သည် လူမျိုးစု"လူနည်းစုအတွင်းမှ လူနည်းစုများ"၊ ဘာသာရေးနှင့် LGBTအုပ်စုများအားဆက်ဆံပုံသည် အခွင့်အရေးအခြေခံနှင့် တာဝန်ယူမှုရှိသောအာဏာကိုင်ဆောင်သူများအဖြစ် ၎င်းတို့၏ ယုံကြည်စိတ်ချရမှုအပေါ် စမ်းသပ်မှုကောင်းတစ်ခုဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ဆောင်ချက်အများစုသည် သဘာဝသယံဇာတထိန်းသိမ်းရေးနှင့် သစ်တောအုပ်ချုပ်ရေးကို အဓိကထားလုပ်ဆောင်ကြသည်။ Raymond Bryant၏ Classic Longitudinal လေ့လာမှုအရ မြန်မာ့သစ်တော၏ နိုင်ငံရေးဂေဟဗေဒလေ့လာမှုအရ "မြန်မာနိုင်ငံတွင် သစ်တောနိုင်ငံရေးသည် အနည်းဆုံးအဓိကအယူအဆ သုံးခုဖြစ်သော - (၁)သစ်တောများသည် ပြိုင်ဆိုင်မှုရှိသောသယံဇာတ၊ (၂)မြန်မာနိုင်ငံ သစ်တောဦးစီးဌာနသည် သယံဇာတစီမံခန့်ခွဲသူအဖြစ်နှင့်၊ (၃)သစ်တောအသုံးပြုမှုအပေါ် ကွဲလွဲနေသောသဘောထားအမြင်များ"နှင့် ဆက်စပ်၍ နားလည်ရန်လိုအပ်သည်။(Bryant၊ ၁၉၉၇၊ စာ-၈)။ ရာစုနှစ်၏ လေးပုံတစ်ပုံအကြာတွင် ဤခွဲခြမ်းစိတ်ဖြာမှုမှာ ခိုင်လုံနေသေးသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ရုန်းကန်နေသောကြောင့် အချုပ်အခြာအာဏာနှင့် သယံဇာတစီမံခန့်ခွဲမှုနှင့် သစ်တောအုပ်ချုပ်ရေးတို့သည် ပြိုင်ဆိုင်မှုပြင်းထန်နေဆဲဖြစ်သည်။ ထို့ကြောင့် ဤနိုင်ငံရေးပြဿနာများကို ရာသီဥတုပြောင်းလဲမှုနှင့်ကိုင်တွယ်ဖြေရှင်းရာတွင် နည်းပညာပိုင်းအရ ပိုမိုခွဲခြားရန်မှာ ပြဿနာရှိနေသည်။[၃၉] အရှေ့တောင်အာရှရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ မကြာသေးမီက စစ်တမ်းတစ်ခုအရကောက်ချက်ချသည်။ "ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အုပ်ချုပ်မှု

---

၃၉။The Anti-Politics Machine (၁၉၉၀)တွင် James Ferguson က ဖွံ့ဖြိုးရေးအကူအညီသည် နိုင်ငံရေးရုန်းကန်မှုနေရာများအဖြစ်မဟုတ်ဘဲ အစိုးရမှ အကောင်အထည်ဖော်သော နည်းပညာဆိုင်ရာ ဖြေရှင်းချက်များကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ဘောင်ခတ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီသည် ငြင်းခုံဖွယ်ရာပြဿနာများကို ညစ်ညမ်းစေနိုင်ကြောင်း ငြင်းဆိုထားသည်။ အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံတွင် ဤလစ်ဘရယ်ငြိမ်းချမ်းရေးတည်ဆောက်မှုချဉ်းကပ်မှုသည် ထင်ရှားပေါ်လွင်ခဲ့ပြီး အလှူရှင်များသည် စွမ်းဆောင်ရည်နှင့်လက်လှမ်းမီသောနိုင်ငံတော်ကို အားကောင်းစေရန် စိတ်အားထက်သန်သော ဈေးကွက်နှင့်လိုက်ဖက်သော"ကောင်းသောအုပ်ချုပ်ရေ"မူဝါဒများကို အကောင်အထည်ဖော်ကာ "နိုင်ငံရေးဆန့်ကျင်ရေးစက်"ကို အကောင်အထည်ဖော်ရန် စိတ်အားထက်သန်နေချိန်ဖြစ်သည်။

စနစ်သည် နည်းပညာသက်သက်ဖြစ်လာသည်။ တိုင်းတာနိုင်သောကတိကဝတ်များနှင့် GHG (ဖန်လုံအိမ် ဓာတ်ငွေ့) ထုတ်လွှတ်မှုလျှော့ချရေးပစ်မှတ်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒချမှတ်ရာတွင် ၎င်းတို့ပါဝင်သည့် လူမှုနိုင်ငံရေးပဋိပက္ခများကို လျစ်လျူရှုထားစဉ်တွင် ခေတ်ရေစီးကြောင်းနှင့်ကြုံတွေ့ရပြီး ယင်းလိုအပ်သောအကူအပြောင်းများတွင် အနိုင်ရသူ သို့မဟုတ် အရှုံးများအဖြစ် မည်သူကထွက်လာမည်နည်း" (Marquardt၊ Dalina & Smits၊ ၂၀၂၂၊ စာ-၁၀) ဟူ၍ ကောက်ချက်ချသည်။ တစ်ဖက်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်နေမှုများနှင့် မြန်မာနိုင်ငံတွင်ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်ရုန်းကန်နေရသည့် တစ်ဖက်တွင် နီးကပ်သောချိတ်ဆက်မှုများအပေါ် အာရုံစိုက်ထားရန်လိုအပ်ပါသည်။ နိုင်ငံရေးအသိပေးချဉ်းကပ်မှု တစ်ခုသည် ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရန် စားနပ်ရိက္ခာဖူလုံရေး (နှင့်အချုပ်အခြာအာဏာ)တို့နှင့်ဆက်စပ်၍ မြေယာအခွင့်အရေးနှင့် ပိုင်ဆိုင်မှုပြဿနာများကို ဖြေရှင်းရန် အရေးကြီးကြောင်းကိုလည်း အလေးပေးဖော်ပြထားသည်။

အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအခြေအနေ၏ ရှုပ်ထွေးပွေလီသောပြိုင်ဆိုင်မှုများနှင့် အဆက်မပြတ်လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတကာကြားခံအဖွဲ့အစည်းများအနေဖြင့် Cedric de Coning၏အကြံပြုချက်ကို ငြိမ်းချမ်းရေးတည်ဆောက်သူများ၏ အခန်းကဏ္ဍများနှင့်ပက်သက်ပြီး လိုက်နာသင့်သည်။ နိုင်ငံတကာကြားခံအဖွဲ့အစည်းများသည် လွယ်ကူချောမွေ့စေရန်နှင့်လှုံ့ဆော်ရန် ငွေကြေးနှင့်အရင်းအမြစ်များကို ပံ့ပိုးပေးသင့်သည်။

လူ့အဖွဲ့အစည်းအတွင်း ယင်းလုပ်ငန်းစဉ်များသည် ကိုယ်ပိုင်အဖွဲ့အစည်းကို ဖော်ဆောင်ပေးပြီး ပြည်တွင်းပြည်ပဖိအားများနှင့် တုန်လှုပ်ချောက်ချားမှုများကိုစီမံခန့်ခွဲသည့် လူမှုရေးအဖွဲ့အစည်းများ၏ ခံနိုင်ရည်အားကောင်းလာစေမည့် လုပ်ငန်းစဉ်များဖြစ်သည်။ ကိုယ်ပိုင်အဖွဲ့အစည်းကို ပြင်ပမှတိုက်ရိုက် သို့မဟုတ် ထိန်းချုပ်ရန်မဖြစ်နိုင်ပါ။ အဖွဲ့အစည်းအတွင်း ပေါ်ထွက်လာရမည့်ဖြစ်သည်။(Coning၊ ၂၀၁၈)။

ဖက်ဒရယ်စနစ်နှင့် အုပ်ချုပ်မှုဆိုင်ရာ(အောက်ခြေမှ အထက်သို့) ပေါ်ထွန်းလာသော ချဉ်းကပ်မှုအတွက် အရေးကြီးသောအချက်မှာ ၎င်းက "စိတ်ပိုင်းဖြတ်ပြီး ဒီဇိုင်းဆွဲထားသော နည်းလမ်းများဖြင့် ပြဿနာကိုအဓိပ္ပာယ်ဖွင့်ရှာဖွေပြီး အဖြေတစ်ခုပေးခြင်းကိုရည်ရွယ်၍ ပြဿနာများကို ဖြေရှင်းရန်"ကြိုးစားခြင်းကို သတိပေးထားပါသည်။(ကျွန်ုပ်အနေဖြင့် "Blueprint" သို့မဟုတ် "အထက်မှအောက်သို့" ချဉ်းကပ်နည်းမျိုးကို ဆိုလိုပါသည်)။ ၎င်းအစား ရှုပ်ထွေးခြင်း သီအိုရီသည် မြင့်မားသောအဆင့်တည်ဆောက်ပုံများနှင့် ကြံ့ကြံ့ခံနိုင်သောစနစ်တစ်ခု၏ အုတ်မြစ်ကျောက်များဖြစ်သော အပြုသဘောဆောင်သည့်သွေဖယ်ခြင်းများ("ကောင်းမွန်သော အလေ့အထ") နှင့် အောင်မြင်သော လိုက်လျောညီထွေဖြစ်ခြင်းများကို ထောက်ပံ့ပေးပြီးထုတ်ဖော်ပြသည့် နှိမ့်ချတတ်မှု

သင်ကြားပေးသည်။ ရှုပ်ထွေးမှုသီအိုရီတွင် မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများသည် တွေးခေါ်မှုနှင့် နိုင်ငံရေးအရလုပ်ဆောင်ခြင်း၏ အရေးပါမှုကိုအလေးပေးသည်။ ခေတ်မမီသော အကူအညီကြားနေရေးဆိုင်ရာ သဘောတရားများကိုအသုံးချခြင်းထက် ဆန်းသစ်ခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဤချဉ်းကပ်မှု၏ အရေးအကြီးဆုံးပံ့ပိုးကူညီမှုသည် ပြဿနာများနှင့်ရှုန်းကန်မှုများကို ဘောင်ခတ်ပြီး နားလည်သဘောပေါက်မှုအပါအဝင် ဒေသခံလူထုထံကြားခံအဖွဲ့အစည်းမှ ပြန်လည်ပေးပို့သည့် ပုံစံဖြစ်နိုင်သည်။

နယ်ပယ်အများအပြားတွင် နည်းပညာလမ်းညွှန်မှု လိုအပ်သော်လည်း ရေရှည်တည်တံ့သော၊ ဌာနေတိုင်းရင်းသား/ရပ်ရွာ၊ "ရိုးရာ"(သို့မဟုတ် ဓလေ့ထုံးတမ်းအစဉ်အလာ) စီမံခန့်ခွဲရေးနှင့် စီမံခန့်ခွဲမှုတန်ဖိုးများ၊ အယူအဆများနှင့်အလေ့အကျင့်များကို နားထောင်ပြီးပံ့ပိုးပေးရန် အရေးကြီးပါသည်။ ဆန်းသစ်တီထွင်မှုများ(ဥပမာ-ရာသီဥတုပြောင်းလဲမှု/လိုက်လျောညီထွေဖြစ်စေရန် စိုက်ပျိုးရေး)ကို ဒေသခံတောင်သူလယ်သမားများက ပူးပေါင်းပုံဖော်မှသာ ရေရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်စွာ လက်ခံကျင့်သုံးနိုင်မည်ဖြစ်ပါသည်။ ရွယ်တူချင်းသင်ကြားနည်းများ (Peer-to-peer pedagogic approaches) (ဥပမာ - လယ်သမား လက်တွေ့သင်တန်းကျောင်းများ)သည် ဒေသခံတို့၏ ပိုင်ဆိုင်မှုကိုမြှင့်တင်ပေးပြီး ဌာနေတိုင်းရင်းသားဉာဏ်ပညာကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေပါသည်။

ဤဒေသအလိုက် အာရုံစိုက်နည်းလမ်းသည် အစားအသောက်စနစ်များနှင့် နီးကပ်စွာ ချိတ်ဆက်ထားသည်။ အစားအစာထုတ်လုပ်မှုသည် ရာသီဥတုပြောင်းလဲမှုကိုတွန်းအားပေးသည့် ကာဗွန်ထုတ်လွှတ်မှုကို အဓိကပံ့ပိုးပေးနိုင်သော်လည်း စိုက်ပျိုးရေးသည် ရာသီဥတုဖောက်ပြန်မှု၏ သက်ရောက်မှုများကို အထူးလျော့ပါးစေပါသည်။

COVID-19 နှင့် အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်းများစွာ၏ ရှင်သန်ရပ်တည်ရေးအတွက် အစားအစာနှင့်စိုက်ပျိုးရေးစနစ်များ၏ ဗဟိုချက်မှာ အထူးအရေးကြီးပါသည်။ ဒေသဆိုင်ရာသက်ဆိုင်သူအများအပြားသည် အနာဂတ်အတွက် စားနပ်ရိက္ခာအချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံအတွင်း အခြားဒေသများသို့တင်ပို့ရန်အတွက် စိုက်ပျိုးရေးထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ထပ်ဆင့်တိုးတန်ဖိုးများကို ပိုမိုအာရုံစိုက်နေကြသည်။[၆၀]

ဤအစီအရင်ခံစာတွင် ဆွေးနွေးထားသောပြဿနာများစွာကို လုပ်ဆောင်ခြင်းအပြင် "Appreciative Inquiry" နည်းလမ်းကို လက်ခံကျင့်သုံးရန်လည်း အသုံးဝင်ပေမည်။ ၎င်းတွင်

၆၀။စားနပ်ရိက္ခာအချုပ်အခြာအာဏာနှင့် ပက်သက်၍ ၂၀၂၂တွင် ဖတ်ရှုပါ။ စားနပ်ရိက္ခာအချုပ်အခြာအာဏာသည် "လယ်ယာထွက်ကုန်ထုတ်လုပ်မှုကို ဒေသအလိုက်သတ်မှတ်ခြင်းတွင် မဖြစ်မနေပါဝင်ပြီး ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် ဒေသအလိုက်ထုတ်လုပ်မှု၏ ကာဗွန်ထုတ်လွှတ်မှုမှာ ကမ္ဘာလုံးဆိုင်ရာအခြေခံစိုက်ပျိုးရေးထက် များစွာလျော့နည်းသောကြောင့် ရာသီဥတုအတွက် ကောင်းမွန်ပါသည်။ "ထောက်ပံ့ရေးကွင်းဆက်များ"။ (Bello၊ ၂၀၂၀၊ စာမျက်နှာ ၉)

အောင်မြင်သော (တခါတရံ ရှေ့ပြေး)ပရောဂျက်များနှင့် နေရာဒေသများတွင်လုပ်ဆောင်သည့် ကွဲပြားမှုများကို ခွဲခြားသတ်မှတ်ခြင်းနှင့် ၎င်းတို့ကို ပံ့ပိုးကူညီပြီးပိုမိုလုပ်ဆောင်ရန် ကြိုးစားခြင်းလည်း ပါဝင်သည်။ (သို့သော်လည်း အတိုင်းအတာတစ်ခုအထိရွှေ့ခြင်းသည်လက်တွေ့တွင် မကြာခဏ ခက်ခဲမှုရှိသည်။

ရာသီဥတုပြောင်းလဲမှုသည် လူ့အခွင့်အရေး၊ အုပ်ချုပ်ရေးနှင့် ပဋိပက္ခများအပေါ် သိသာထင်ရှားသော ရေတိုရေရှည်အကျိုးသက်ရောက်မှုများနှင့် ရေရှည်ပြဿနာတစ်ခုဖြစ်သည်။ ဘုံအခြေခံကိုရှာဖွေရန်နှင့် ပဋိပက္ခအသွင်ပြောင်းခြင်း(ဖြေရှင်းရေး)မြှင့်တင်ရန်နှင့် အဆိုပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအဖြေရှာရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ဖြစ်နိုင်လျှင် လျော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေဖြစ်စေရန်လုပ်ဆောင်မှုများ (ရွှေ့ပြောင်းနေထိုင်ခြင်း အပါအဝင်)သည် အပြန်အလှန်တုံ့ပြန်မှုအသစ်များဆီသို့ ဦးတည်သွားနိုင်ပြီး ယခင်ကခွဲထွက်ထားသော လူမျိုးစုဘာသာရေးအုပ်စုများကို ပေါင်းစည်းခြင်းဖြစ်နိုင်သည်။ တင်းမာမှုများလည်း ဖြစ်နိုင်ပါသည်။ အပြန်အလှန်နားလည်မှု၊ ဆွေးနွေးမှုနှင့်သည်းခံနိုင်မှုကိုမြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသော အစီအစဉ်များသည် အထောက်အကူဖြစ်နိုင်သည်။ အနည်းဆုံးအားဖြင့် အကူအညီပေးရေးကြားခံ အဖွဲ့အစည်းများသည် ပဋိပက္ခထိခိုက်လွယ်သော (ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သော) အစီအစဉ်စီမံခန့်ခွဲမှုကို လက်ခံသင့်သည်။ နိုင်ငံတကာပါဝင်ပက်သက်သူများသည် ထိုကဲ့သို့သော လှုပ်ရှားမှုများကို တိုက်ရိုက်ပံ့ပိုးနိုင်သော်လည်း ပြည်တွင်း NGOများနှင့် ဒေသန္တရအစိုးရများ၏ စွမ်းဆောင်ရည်ကိုတည်ဆောက်ကာ ပဋိပက္ခလျော့ပါးရေးအစီအစဉ်များကို ရေးဆွဲအကောင်အထည် ဖော်သင့်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရန်နှင့် လျော့ပါးသက်သာစေရေး (CCAM)တွင် အခွင့်အာဏာ၊ တရားဝင်မှုနှင့် သို့မဟုတ်လုပ်ဆောင်နိုင်မှု(စွမ်းရည်) လစ်ဟင်းနေသော ပျက်စီးလွယ်သော ပဋိပက္ခ-ထိခိုက်မှုအခြေအနေများ(FCAC)အကြား လုပ်ဆောင်နေသူများ သို့မဟုတ် အာဏာကိုင်ဆောင်ထားသူများသည် အယူအဆနှင့်အစီအစဉ် ပိုင်းဆိုင်ရာကွာဟချက် ရှိပါသည်။ ပဋိပက္ခဒဏ်ခံရသောအခြေအနေများတွင် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ ဖြစ်စေရန်နှင့် လျော့ပါးသက်သာစေရေးကို ပိုမိုအာရုံစိုက်ရန်လိုအပ်ပါသည်။ ၎င်းတွင် FCACရှိ CCAM၏ ရလဒ်များကိုအကဲဖြတ်ရန်၊ သုတေသနပြုလုပ်ရန်လိုအပ်ပြီး မည်သည့်အရာသည် အကောင်းဖြစ်သည် အဆိုးဖြစ်သည်ကို ထိုးထွင်းသိမြင်နိုင်မည်ဖြစ်သည်။

မြန်မာ့ရာသီဥတု-တက်ကြွလှုပ်ရှားသူ အများအပြားအတွက် (၎င်းတို့ကိုယ်တိုင် သတ်မှတ်သည်ဖြစ်စေ၊ မသတ်မှတ်သည်ဖြစ်စေ) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူ့အသိုင်းအဝိုင်းအခွင့်အရေး

ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ ကျယ်ပြန့်သောအကြောင်းအရာများသည် လေးနက်စွာဆက်စပ်နေပါသည်။ အကြောင်းအရာများသည် ဒေသဆိုင်ရာအခြေအနေများအပေါ်မူတည်၍ နိုင်ငံအနှံ့အပြားတွင် ပုံစံတူပြုလုပ်နိုင်သည့် ICCAsတွင် အတူတကွပါဝင်နိုင်သည်။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၇ရက်နေ့မှ ၁၉ရက်နေ့အထိ Montreal တွင်ကျင်းပသည့် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံ(COP15)တွင် သဘောတူညီထားသည့်အတိုင်း ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးများကို အသိအမှတ်ပြု ထောက်ခံခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝနေရင်းဒေသများ ကာကွယ်စောင့်ရှောက်ခြင်းတို့နှင့်လည်း ကိုက်ညီပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် အခြားအကျပ်အတည်းများသည် အထူးသဖြင့် တိုင်းရင်းသား လူမျိုးများ၏ စွမ်းဆောင်ရည်များကိုပြသရန် အခွင့်အလမ်းများဖြစ်သည်။ ဤသည်မှာ ဗမာပြည်/ မြန်မာဟုခေါ်တွင်သော အတုအယောင်ဖန်တီးမှုကို ကြိုတင်ခန့်မှန်းထားသည့် ဤအခြေအနေမျိုးတွင် ယုံကြည်ရလောက်သော တရားဝင်ဗဟိုအစိုးရ၏အာဏာမရှိဘဲ တိုင်းရင်းသားလူ့အဖွဲ့အစည်းများတွင် အချုပ်အခြာအာဏာတည်ရှိနေသည်။

KNUနှင့် KIOမှ (နှင့် ၂၀၂၂ခုနှစ်၊ မတ်လတွင် KNPPမှလည်းကောင်း)[၆၁] အကောင်အထည်ဖော်သော သစ်ခုတ်ခြင်းနှင့်သတ္တုတူးဖော်မှုတားမြစ်ခြင်းတို့သည် သဘာဝ ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအပေါ် ကတိကဝတ်ပြုမှု၏ အရေးကြီးသောလက္ခဏာများဖြစ်သည်။ သာဓကများစွာတွင် EAOမူဝါဒများသည် အာဏာသိမ်းအစိုးရမတိုင်မီကထက် သိသိသာသာ ပိုမို ထိန်းသိမ်းစောင့်ရှောက်ရေးစိတ်ထားရှိပြီး ပြည်သူကိုဦးတည်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ(လျော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေဖြစ်ရေး) လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်၏အဓိကအချက်များဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်နှင့် ရပ်ရွာ၊ EAO နှင့် CSO ကြားဝင်ဆောင်ရွက်မှုများကို ပံ့ပိုးပေး ခြင်းသည် ကမ္ဘာတစ်ဝှမ်းရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အဓိကသော့ချက်ဖြစ်သည်။ သမိုင်းတစ်လျှောက်ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပါဝင်လုပ်ဆောင်သူများသည် တစ်ကမ္ဘာလုံးတွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာပါသည်။

---

၆၁။တာမြစ်ချက်သည် မတ်လ ၉ရက်၊ ၂၀၂၂ခုနှစ်အထိ အကျိုးသက်ရောက်ခဲ့သည်။(Kantarawaddy၊ ၂၀၂၂)။

# ၇။

# အကြံပြုချက်များ

» မြန်မာ၏ နိုင်ငံတကာတွင်အရေးကြီးသော သစ်တောကြိုးဝိုင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် EAOနှင့် ပြည်နယ်အခြေစိုက်သစ်တောဌာနများ၊ CSOများနှင့် လူ့အဖွဲ့အစည်းများအား ပံ့ပိုးကူညီပါ။ ဤသို့သောဆောက်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲရေး ရန်ပုံငွေမှတစ်ဆင့် ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာ အထောက်အပံ့များ လိုအပ်ပါသည်။

» မြန်မာနိုင်ငံရှိ ဇဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ စံနှုန်းအစီအစဉ်အရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးတို့ကို စီမံခန့်ခွဲသင့်ပြီး ဖက်ဒရယ်လက်အောက်ခံစည်းမျဉ်းအရဘဏ္ဍာရေးနှင့် နိုင်ငံရေးအရင်းအမြစ်များကို ပံ့ပိုးပေးသည်။ ဆုံးဖြတ်ပိုင်ခွင့်သည် အောက်ခြေနှင့်အနီးစပ်ဆုံးတွင် ရှိသင့်သည်။

» ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သည့် မဟာဗျူဟာများနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိုဖော်ဆောင်ပါ။ ခွဲခြမ်းစိတ်ဖြာမှုနှင့် လုပ်ဆောင်မှုများအတွက် တူညီသောဘောင်တစ်ခုအနေဖြင့် မတူညီသောရာသီဥတုပြောင်းလဲမှုဆိုင်ရာပရောဂျက်များအတွက် ခန့်မှန်းချက်များကိုပြုစုပျိုးထောင်ရန် နည်းပညာဆိုင်ရာ အရင်းအမြစ်များမှ လူများနှင့်လုပ်ဆောင်ပါ။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် စိုက်ပျိုးရေးအတွက်မဟာဗျူဟာများရေးဆွဲရန် အဓိကသက်ဆိုင်သူများ (လယ်သမား၊ သက်ဆိုင်ရာ EAOဌာနများနှင့် CSOများအပါအဝင်)နှင့် ပူးပေါင်းဆောင်ရွက်ပါ။

» ဒေသအခြေပြု (EAOသို့မဟုတ် ပြည်နယ်အဆင့်) ရာသီဥတုအန္တရာယ်များကို ခွဲခြားသတ်မှတ်ရန် အမျိုးသားအဆင့်သတ်မှတ်ထားသော ပံ့ပိုးကူညီမှုအစီအစဉ်များနှင့် လျော့ပါးသက်သာစေရေးဗျူဟာများ (ဌာနေတိုင်းရင်းသားအသိပညာ အပါအဝင်)တည်ဆောက်ပါ။

» ပဋိပက္ခ၊ ရာသီဥတု၊ စားနပ်ရိက္ခာဖူလုံမှုနှင့်စပ်လျဉ်း၍ ကြိုတင်ခန့်မှန်းနိုင်သော (အန္တရာယ်) သတိပေးပုံစံများနှင့် ကိရိယာများကိုတည်ဆောက်ပါ။

» အချက်အလက်များကိုစုဆောင်းပြီး အခြေအနေအမျိုးမျိုးအတွက်ခန့်မှန်းချက်များကို ပြုစုပျိုးထောင်ကာ အဓိကကျသောစောင့်ကြည့်ရမည့်နယ်မြေများ (ဥပမာ-ကရင်၊ ကချင်၊ မွန်နှင့် ကရင်နီ)နှင့်ကဏ္ဍများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဘေးအန္တရာယ်များနှင့် သက်ရောက်မှု များကို ခန့်မှန်းပါ။ လျင်မြန်စွာစတင်ခြင်း၊ မကြာခဏ အချိန်တိုအန္တရာယ်များနှင့် ကြာရှည်သောဖြစ်ရပ်များကြား ပိုင်းခြားပါ။ ၎င်းသည် သိပ္ပံနည်းကျနှင့်နိုင်ငံရေး ပိုင်းခြားစိတ်ဖြာနိုင်စွမ်းနှင့် အချက်အလက်အဆက်အနွယ်များလိုအပ်သည်။ တောင်သူလက်တွေ့သင်တန်းကျောင်းများအပါအဝင် ရှေ့ပြေးဗျူဟာများနှင့် လိုက်လျောညီထွေဖြစ်စေရန် မြေပြင်စမ်းသပ်မှုများနှင့် အလုပ်အကိုင်တူညီသူအချင်းချင်း သင်ယူမှုကိုမျှဝေရန်နှင့် အကောင်းဆုံးအလေ့အကျင့်များ (ကောက်ပဲသီးနှံနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေးနည်းပညာများအပါအဝင်)ကို ဖော်ဆောင်ပါ။

» ဘုံနားလည်မှုများနှင့် အသုံးအနှုန်းများကိုမြှင့်တင်ရန် အဓိကပါဝင်ပတ်သက်သူများအကြား ဘုံအခြေခံကိုရှာဖွေကာ ပဋိပက္ခအသွင်ပြောင်းခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများကို လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်သည်။ ဥပမာ - အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများကို (မြန်မာနိုင်ငံအတွင်းအပါအဝင်)နှင့် နိုင်ငံများတွင် အခြားအကြောင်းအရာများတွင် စူးစမ်းလေ့လာပါ။ အဓိကပါဝင်ပတ်သက်သူအဖွဲ့များတွင် လူငယ်နှင့်အမျိုးသမီးများပါဝင်သင့်သည်။ (သို့သော် SAC စစ်အစိုးရမဟုတ်ပါ)။

» ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရန်ပံ့ပိုးပေးသည့် ပေါင်းစပ်ချဉ်းကပ်မှုများသည် သက်ဆိုင်ရာအသက်မွေးဝမ်းကြောင်းသင်တန်းများအပါအဝင် ရပ်ရွာသစ်တောလုပ်ငန်းများထူထောင်ခြင်းနှင့် ပံ့ပိုးပေးခြင်းအပါအဝင် အသက်မွေးဝမ်းကျောင်းလိုအပ်ချက်များ(ယခုနှင့်အနာဂတ်တွင်) ထည့်သွင်းစဉ်းစားသင့်သည်။

» ရာသီဥတုပြောင်းလဲမှု၏ ဂျန်ဒါရေးရာအတိုင်းအတာများဆိုင်ရာ လုပ်ဆောင်မှုသုတေသနပေးအပ်ပါ။

## EAO နှင့် ပြည်နယ်အဆင့်အဖွဲ့များသို့ အကြံပြုချက်များ

» သစ်တောထိန်းသိမ်းခြင်း၊ သစ်တောပြန်လည်ထူထောင်ခြင်းဆိုင်ရာမူဝါဒများနှင့် အလေ့အကျင့်များကိုဖော်ဆောင်ပါ။ ဒေသအလိုက်ဦးဆောင်သော ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာ-ထိန်းသိမ်းရေးနယ်မြေများ (ICCA)ကို ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းမှုများကို ပံ့ပိုးကူညီပါ။

» အုပ်ချုပ်မှုလုပ်ဆောင်သူများအနေဖြင့် EAOနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများသည် ရပ်ရွာများနှင့် CSOများအတွက် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို နားလည်သဘော

ပေါက်ပြီး လိုက်လျောညီထွေဖြစ်သောပတ်ဝန်းကျင်များပံ့ပိုးပေးခြင်းဖြင့် ဒေသတွင်းကြံ့ကြံ့ခံနိုင်ရည်ရှိရေး အစပျိုးမှုများကို ပံ့ပိုးပေးသင့်ပါသည်။

» ဒေသန္တရအုပ်ချုပ်မှုပုံစံများနှင့် အလေ့အကျင့်များတွင် လူမှုအသိုင်းအဝိုင်းနှင့် "လူနည်းစုအတွင်းမှ လူနည်းစုများ"အားပါဝင်စေခြင်းဖြင့် လူမျိုးစုအလိုက်သတ်မှတ်ထားသောစည်းများအားလျော့ပါးစေရန် ကူညီပေးနိုင်သည်။ ပေါ်ပေါက်လာသောဖက်ဒရယ်စနစ်တွင် ဒေသန္တရအုပ်ချုပ်ရေးစနစ်သည် လူမှုနိုင်ငံရေးတင်းမာမှုကိုလျှော့ချနိုင်ပြီး ယုံကြည်မှုတည်ဆောက်ရန်နှင့် ပြည်နယ်အဆင့်အာဏာပိုင်များ၏တရားဝင်မှုနှင့် ယုံကြည်ကိုးစားမှုကို တိုးမြှင့်ပေးနိုင်သည်။

» CSOများနှင့် ရပ်ရွာလူထုများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် EAOခေါင်းဆောင်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ဆောင်ချက်အတွက် တန်ဖိုးများ၊ ရည်မှန်းချက်များနှင့် မူဝါဒများကိုရှင်းလင်းဖော်ပြသင့်ပြီး လျော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေဖြစ်စေရန် စီမံကိန်းများဖော်ဆောင်သင့်သည်။ လက်ရှိEAOမူဝါဒနှင့် အလေ့အကျင့်များစွာ(ဥပမာ-သစ်တောနှင့် မြေယာဆိုင်ရာ)သည် ရာသီဥတုပြောင်းလဲမှုနှင့်သက်ဆိုင်ပါသည်။ မှန်ကန်သောမူဝါဒများရေးဆွဲရာတွင်လည်း EAOများအတွက် ခရိုင်နှင့်မြို့နယ်အဆင့်အပါအဝင် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင် အကောင်အထည်ဖော်ရန်အရေးကြီးပါသည်။ ၎င်းသည် လေ့ကျင့်သင်ကြားမှု၊ စံနှုန်းများနှင့်မူဝါဒများကို လူမှုဆက်ဆံရေးအသွင်သို့ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။

» ပေါ်ပေါက်လာသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်ရပ်မှန်များနှင့် အခြားနေရာများမှ သင်ယူခဲ့သောသင်ခန်းစာများကိုထင်ဟပ်စေရန် EAOအဖွဲ့အစည်းများတွင်အသုံးပြုသည့် စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် လေ့ကျင်ရေးသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲပါ။ မူဝါဒများအကောင်အထည်ဖော်ခြင်း (အုပ်ချုပ်မှုစွမ်းရည်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း)အတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရန်အတွက် လေ့ကျင့်ရေးကျောင်းများ (သို့မဟုတ် ရှိပြီးသားအဖွဲ့အစည်းများတွင်သင်တန်းများ) ဖော်ဆောင်ပါ။

» နိုင်ငံရေးခေါင်းဆောင်များနှင့် EAO များသည် ၎င်းတို့၏နိုင်ငံရေးဟောပြောချက်နှင့် လူထုဆက်သွယ်မှုများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ဆောင်ချက်အပေါ် အာရုံစိုက်သင့်သည်။ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့်မျှော်မှန်းချက်များအား တစ်ကမ္ဘာလုံးမှပဲ့တင်ထပ်သော အကြောင်းအရာများနှင့် ချိတ်ဆက်ခြင်းဖြင့် EAOနှင့်လူမှုအသိုင်းအဝိုင်းတို့သည် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများနှင့်သက်ဆိုင်ကြောင်း သရုပ်ပြနိုင်သည်။

## ဖွံ့ဖြိုးရေးမိတ်ဖက်များထံ အကြံပြုချက်များ

» ရှုပ်ထွေးခြင်းသီအိုရီနှင့် သဟဇာတဖြစ်ရေးအစီအစဉ် စီမံခန့်ခွဲမှုနည်းလမ်းများကို လိုက်နာပြီး မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုနှင့်ပဋိပက္ခများမှပေါ်ပေါက်လာသော (EAO နှင့် ပြည်နယ်အဆင့်သက်ဆိုင်ရာများနှင့် CSOများ၏) အောင်မြင်စွာလိုက်လျောညီထွေဖြစ်ရေးကို သံတမန်နှင့် အလှူရှင်များကထောက်ပံ့သင့်သည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဤအဓိကလုပ်ဆောင်သူများသည် ဒေသဆိုင်ရာကတိကဝတ်များ၊ စွမ်းဆောင်ရည်များ နှင့်အတူ မြန်မာပြည်၏ ဖက်ဒရယ်နှင့်ဒီမိုကရေစီပေါ်ထွန်းရေးများနှင့် ရာသီဥတုပြောင်းလဲရေး သဟဇာတဖြစ်ရေးနှင့် သက်သာလျော့ပါးရေးလုပ်ဆောင်ချက်များတွင် အဓိကဦးဆောင်ကြသည်။ အလှူရှင်များအတွက်အဓိကစိန်ခေါ်မှုမှာ အကောင်းဆုံး အလေ့အထနှင့် စီမံကိန်းများ (အောင်မြင်သော လိုက်လျောညီထွေဖြစ်ရေး)အားသတ်မှတ်ပြီး ယင်းတို့ကို အလျင်မီထောက်ပံ့နိုင်ရေးဖြစ်သည်။

» မြေပြင်ပေါ်ရှိရာသီဥတုပြောင်းလဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာပါဝင်လုပ်ဆောင်သူများ (ဥပမာ- EAO သစ်တောဌာနများနှင့် လေ့ကျင့်ရေးဌာနများတွင် CSOများ)အား နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီပေးရန်တောင်ဆိုပြီး ဆွေးနွေးပြီးနောက် ရာသီဥတုသင်တန်းကျောင်းများနှင့် သင်တန်းများကိုပံ့ပိုးပေးပါ။

» EAOs နှင့် ပြည်နယ်အခြေပြုအဖွဲ့များဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် လုပ်ဆောင်နေသော CSOများကို EAOsခေါင်းဆောင်များအတွက် ရပ်ရွာအမြင်များနှင့်စိုးရိမ်မှုများကိုလည်း ကိုယ်စားပြုပါသည်။

» ရာသီဥတုပြောင်းလဲမှုဆိုင်ရာလိုက်လျောညီထွေဖြစ်စေရန် မရှိမဖြစ်လိုအပ်သောအလုပ်များ အပါအဝင်ခံနိုင်ရည်ပြီး ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်အသက်မွေးဝမ်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနေလူထုဦးဆောင်သည့် လှုပ်ရှားမှုများအား (ရိုးရာပညာနှင့် ဓလေ့ထုံးတမ်းများအပါအဝင်) ပံ့ပိုးကူညီပါ။ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် ဒေသတွင်းနှင့်ဒေသဆိုင်ရာ သစ်တောများပြန်လည်ထူထောင်ရေး အစီအစဉ်များကို ပံ့ပိုးကူညီပါ။

» ဒေသခံမိတ်ဖက်များထံမှဦးဆောင်ကာ မသင့်လျော်သောအခြေခံအဆောက်အဦများနှင့် အခြားသောလူမှုရေးနှင့် သဘာဝတ်ဝန်းကျင်ကိုထိခိုက်စေသည့် စီမံကိန်းများကိုဆန့်ကျင်ရန် ထောက်ခံအားပေးပါ။ SAC နှင့် ၎င်း၏ကိုယ်ရေးကိုယ်တာပိုင်ဆိုင်မှုများနှင့် ခရိုနီများကို ပိတ်ဆို့အရေးယူထားပါ။

» ရာသီဥတုပြောင်းလဲမှုအားအောင်မြင်သော လိုက်လျောညီထွေဖြစ်စေရန် စိုက်ပျိုးရေးစီမံကိန်းများကဲ့သို့သော အပြုသဘောသွေဖယ်မှုနမူနာများ ("Appreciative Inquiry") အသိပညာပေးခြင်းကို ပံ့ပိုးပေးပြီးမျှဝေပါ။

## ကဏ္ဍအလိုက် အကြံပြုချက်များ

### စိုက်ပျိုးရေး

စိုက်ပျိုးရေးအပေါ် သက်ရောက်မှုများ (ပထဝီနယ်မြေ၊ အချိန်မျဉ်းများနှင့် ကဏ္ဍများအလိုက် ကွဲပြားခြင်း)သည် ရာသီဥတုပြောင်းလဲမှုအခြေအနေများနှင့် စိုက်ပျိုးရေးအပေါ် အခြေခံ၍ ကျေးလက်အသက်မွေးဝမ်းကျောင်းမှုများအတွက် အလယ်အလတ်မှရေရှည်ပံ့ပိုးကူညီမှု ပြုစုပျိုးထောင်ပါ။

» ရာသီဥတုပြောင်းလဲမှုအားလိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးသီးနှံ/မျိုးစိတ်များ၊ မဟာဗျူဟာများနှင့် နည်းပညာများကိုဖော်ထုတ်ရန် လယ်သမားများနှင့်နည်းပညာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးပါ။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများနှင့် စိုးရိမ်ပူပန်မှုများကို ရှာဖွေပါ။ ထောက်ပံ့ရေးလုပ်ငန်းများအနေဖြင့် ဒေသလုံခြုံရေးနှင့် ရှင်သန်မှုဆိုင်ရာ ယန္တရားများကိုထည့်သွင်းစဉ်းစားပြီး ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်ပါသည်။

» ရှေ့ပြေးပရောဂျက်နှင့် တောင်သူလက်တွေ့ကျောင်းများဖော်ဆောင်ပါ။

- နည်းပညာကျွမ်းကျင်သူများပါဝင်သော်လည်း ဌာနေတိုင်းရင်းဆေးပညာနှင့် သက်တူရွယ်တူအချင်းချင်းသင်ယူမှုအပေါ် အာရုံစိုက်ပါ။ ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေဖြစ်စေရန် စိုက်ပျိုးရေးဗျူဟာများနှင့် နည်းပညာများကိုဖော်ထုတ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် လယ်သမားများ၊ နည်းပညာကျွမ်းကျင်သူများနှင့် လက်တွဲလုပ်ဆောင်ပါ။[၆၂]
